

# တာရာမင်းဝေ

## ကျွန်တော်နှင့်ကြယ်ပြိုင်လပြိုင်လောကဓံ

[redacted]

[redacted]

ပန်းခေတ်လမင်း

တာငပ

ဘိုဘိုထွန်း

နှင့်

မနော်ဟရီ

စီစဉ်သည်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၆၉၀/ ၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၇၀၉/ ၂၀၀၂ (၆)

ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ (၅၀၀)
တန်ဖိုး – ၁၂၀၀ ကျပ်

အဖုံးဒီဇိုင်း
ဘိုဘိုထွန်း

ကွန်ပျူတာစာစီ
"စံ" ကွန်ပျူတာ၊ ၁၂၈၊ ၃၄–လမ်း

စာအုပ်ချုပ်
လှိုင်(ကိုတင်အေး)

အဖုံး/ အတွင်းပုံနှိပ်ရိုက်
နေမျိုးပုံနှိပ်တိုက် (၀၅၄၉၅)
အမှတ် ၁၆၊ သစ်ရာပင်လမ်းသွယ်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

ထုတ်ဝေသူ
ဦးမောင်ကလေး
သောကြာစာစောင်(မြ– ၀၀၆၄)
အမှတ် (၁၅)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

ဖြန့်ချီရေး
နေမျိုးစာပဒေသာ
အမှတ် (၁၂၈)၊ (၃၄)လမ်း(အလယ်)
ရန်ကုန်မြို့။ ဖုန်း– ၂၄၂၃၈၂

# ကျွန်တော်နှင့်ကြယ်မြင်လမြင်လောကခံ

**တာရာမင်းဝေ**

# မာတိကာ


| | | |
|---|---|---|
| ၁။ | ငါ့ရင်ခွင်ကြားက နှင်းဆီဖားသွားတစ်လက် | ၉ |
| ၂။ | စောင်းကြိုးပြတ်ရွာမှုန်းတည့်အလွန် (၄)နာရီ | ၁၉ |
| ၃။ | ရွှေဖိနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး | ၂၉ |
| ၄။ | ကျွန်တော်နှင့် ဒေင်ကချေသည် | ၄၃ |
| ၅။ | ပန်းခေတ်ကလမင်း | ၄၉ |
| ၆။ | ပန်းလက်ဖဝါးမှာပါးအပ်ပိုင်ခွင့်မရှိတဲ့ကောင်လေး | ၆၃ |
| ၇။ | ကျွန်တော်နှင့်အဝါရောင်ဗီးနပ်စ် | ၈၇ |
| ၈။ | ရှူး | ၉၇ |
| ၉။ | ပင်လယ်အတုထဲကကျွန်း | ၁၁၁ |
| ၁၀။ | သိုးဆောင်းဂစ်တာတစ်လက်ရဲ့မှတ်တမ်း | ၁၁၇ |
| ၁၁။ | မှော်ဆရာရဲ့ကျောင်းစာအုပ် | ၁၃၉ |
| ၁၂။ | လရောင်ကိုပန်၍ ညဥ့်ယံ၌လည်း မွှေးမြဖြူစင်နိုင်စေ | ၁၄၉ |
| ၁၃။ | ကျွန်တော်နှင့် အရုပ်မြို့တော် | ၁၆၁ |
| ၁၄။ | သင်နှင့်နံနက်ခင်းကိုသာဝင်ခွင့်ပြုမည် | ၁၇၁ |
| ၁၅။ | ကြယ်သီချင်းနှင့်လမင်းသံစဉ် | ၁၉၃ |

# "အမှာ"

၁။ ဒီစာအုပ်ဟာ ဝတ္ထုစာအုပ်မဟုတ်ပါဘူး။

၂။ ကျွန်တော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်တဲ့ လုံးချင်းဝတ္ထုတွေထဲက စာပိုဒ်အချို့၊အခန်းအချို့ကိုပြန်လည်စုစည်းတင်ပြတဲ့စာအုပ်ဖြစ်ပါတယ်။ ရသ၊ဒဿန၊ ဒါမှမဟုတ် တစ်ခုခုကို ပေးနိုင်စွမ်းရှိမယ်လို့ ယူဆမိတဲ့ စာသားတွေကို ရွေးထုတ်တင်ပြထားတာ ဖြစ်ပါတယ်။

၃။ ကျွန်တော့်စာတွေကို အခုမှ စဖတ်မိတဲ့ ပရိသတ်တွေ၊ ကျွန်တော့် စာအုပ်အဟောင်းတွေကိုခဲခဲယဉ်းယဉ်းလိုက်ရှာဖွေနေရတဲ့ပရိသတ်တွေ အတွက်လည်း ရည်ရွယ်ပါတယ်။

၄။ ယိုပေါက်၊ ဟာပေါက်တွေနဲ့ ဝင်္ကပါဆန်ဆန် လှည့်ဖြားတတ်တဲ့ လောကခံကြားမှာကျင်လည်သွားလာနေရတဲ့လူသားတွေအကြောင်းပါပဲ။ ဒါကြောင့်မို့ စာအုပ်အမည်ကို "ကျွန်တော်နှင့် ကြယ်မြင်လမြင် လောကခံ" လို့ပေးလိုက်ပါတယ်။

**လေးစားစွာ**

**တာရာမင်းဝေ**
**၈.၁.၂၀၀၃**

# ငါ့ရင်ခွင်ကြားက နှင်းဆီဓားသွားတစ်လက်

လမ်းဘေးသစ်ပင်တစ်ပင်ကိုကြည့်ပြီး၊ သူ့ကို ကျွန်တော် ရှင်းပြနေမိတာပါ။ တတ်သရွေ့ မှတ်သရွေ့ ပြောပြတဲ့ ကျွန်တော့်စကားကို နားထောင်ပြီး၊ သူ့မျက်လုံးလေးတွေ ဝိုင်းလာတယ်။

ပြီးတော့မှ ကမ္ဘာဦးကျမ်းထဲက ကျမ်းချက်တစ်ပိုဒ်နဲ့ယှဉ်ထိုးပြီး သူ့အယူအဆကို ပြောလာတယ်။

**"သူက အမပင်လား…၊ အဖိုပင်ကြီးရဲ့ဘယ်ဘက်နံရိုးကိုဆွဲထုတ်ပြီး သူ့ကို စိုက်ပျိုးခဲ့တာလား"**

**သူ့အတွေးက ချစ်စရာကောင်းလွန်းလှချည်ရဲ့…၊သူကအဲဒီလိုကောင်မလေးမျိုးပေါ့… ။**

တစ်ခါတစ်ခါမှာ ကျမ်းစာအုပ် ဆန်နေတတ်တယ်။

ကျွန်တော်တို့ တစ်ခါထိုင်ခဲ့ကြဖူးတဲ့ လက်ဖက်ရည်ဆိုင်ကလေးရဲ့ နံရံမှာ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားတယ်။ ပန်းချီကားရဲ့ နာမည်က 'ပင်လယ်' တဲ့… ။

"တစ်ချို့လူတွေက သူတို့ဘဝကို ပင်လယ်ကြီးလို ကျယ်ပြန့်တိတ်ဆိတ်ပါစေလို့ ဆုတောင်းတတ်ကြတယ်"

ကျွန်တော့်စကားအဆုံးမှာ လဲ့လဲ့မှုန်မှုန် ပြုံးတယ်။

"ဟင့်အင်း ... ငါသာဆိုရင်တော့ အဲလိုမျိုး ဘယ်တော့မှ ဆုမတောင်းဘူး"

"ဘာဖြစ်လို့လဲ"

**"ပင်လယ်ကိုငါ..အားမကျပါဘူးဟာ..၊ သူ့လိုမျိုး ကြီးကောင်းကြီးမားနဲ့ ဘောလောမျောနေရမယ့်ဘဝကိုလည်း ငါ မလိုချင်ပါဘူး"**

စကားအဆုံးမှာ ကျွန်တော့်ကို ဟန်ပါပါ ထပ်ပြုံးပြပြန်တယ်။

သူဟာ အဲဒီလို ကတ်သီးကတ်သတ် ကောင်မလေးမျိုးလည်း ဖြစ်တယ်။

တစ်ခါကျပြန်တော့လည်း ကျွန်တော်တို့အိမ်ရဲ့ ဧည့်ခန်းထဲမှာ အတွေးအခေါ် 'ဟန်ရေးပြ' သေးတယ်။

'ဟယ် ... ဂေါ်ရခါး ဓားကောက်ကြီး"

နံရံမှာ အလှချိတ်ဆွဲထားတဲ့ ဂေါ်ရခါးဓားကောက်ကြီးကို တအံ့တသြကြည့်ရင်း သူ့လက်ကို အပ်စူးသွားပါတယ်။ စားပွဲပေါ်က ချုပ်လက်စ အဝတ်ပေါ်မှာ လက်ထောက်မိလို့ပါ။

"နင်က ဂေါ်ရခါးဓားကောက်ကြီးကိုကျတော့ မြင်ပြီး အပ်ကိုကျတော့ မမြင်ပဲကိုး"

ကျွန်တော့်စကားကို သူက သိပ်စိတ်မဝင်စားပါဘူး။ သူ့ဘာသာ အပ်စူးထားတဲ့လက်ကို တဆတ်ဆတ်ခါရင်း မဆိုင်တာကို တွေးတွေးဆဆ ပြောလာတယ်။

**"တကယ်တော့အပ်ရော၊ ဂေါ်ရခါးဓားကောက်ကြီးရောဟာ ချွန်ထက်တဲ့လက်နက်တွေချည်းပဲနော်၊သူတို့ရှင်းအမျိုးတော်ကြမှာပဲ၊အစ်ကိုကြီးနဲ့ညီထွေးလေးလား၊ အဘိုးနဲ့မြေးလား၊ အင်း ...** တစ်ခုတော့ တော်မှာပေါ့..."

သူဟာ အဲဒီလို၊ အူတိအူကြောင် ကောင်မလေးလည်း ဖြစ်တယ်။

"တောင်ထိပ်ပေါ်မှာ မတ်တပ်ရပ်ချင်လိုက်တာ"

"နင်က တောင်တက်ဝါသနာပါသလား"

အဲဒီတော့လည်း ခေါင်းခါပြန်တယ်။ ပြီးမှ ... သူ့စကားကို သူ ပြန်ရှင်းပြတယ်။

**"ရေမှာ လှိုင်းရှိသလို၊ မြေမှာလည်းလှိုင်းရှိတယ်။ ရိုးမတောင်တန်းကြီးတွေ၊ တွန့်ခေါက်တောင်တန်းကြီးတွေဟာ မြေရဲ့လှိုင်းတွေပေါ့"**

"သြော်"

**"တောင်ထိပ်ပေါ်မှာ တက်ရပ်တဲ့သူဟာ မြေရဲ့လှိုင်းပေါ်မှာ တက်ရပ်တဲ့သူပဲ၊ ရင်ခုန်စရာကောင်းမယ်၊ အရမ်းပျော်ရမှာပေါ့"**

မူလစကားကိုပဲ ကျွန်တော် ပြန်ရေရွတ်မိတယ်။

"သူဖြင့် တောင်တက်တာလည်း ဝါသနာမပါဘဲနဲ့ ... "

တောင်မတက်ချင်ဘဲနဲ့ တောင်ထိပ်ပေါ် ဘယ်လိုလုပ် ရောက်မှာတုန်း။ ကျွန်တော်ဖြင့် ဒီကောင်မလေးကို နားမလည်တော့ဘူး။

"ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

အဲဒီလို ခပ်စွာစွာ ပြန်ကြည့်လို့ ကျွန်တော် ငြိမ်နေလိုက်ရတယ်။

သူ့ကြောင့် ...

ကျွန်တော် တစ်ခါနှစ်ခါ စိတ်ညစ်ရဖူးတယ်။ အဲဒီလိုအခါမျိုးမှာ မအီမသာဖြစ်နေတဲ့ ကျွန်တော့်မျက်နှာကိုကြည့်ပြီး သူက တခစ်ခစ်ရယ်တယ်။

"နင့်မျက်နှာကြီးကလဲ ..."

"ဘာဖြစ်လို့လဲ ..."

"ရေနံဆီထဲ ထည့်ထားတဲ့ သားရေကွင်းကြီးလိုပဲ၊ ဖွယ်တယ်တယ်၊ ပွတတနဲ့ ..."

ဘာမှ ပြန်မပြောဘဲ သူက ရယ်မြဲရယ်တယ်။ အဲဒီလိုမျိုးပေါ့။

သူဟာ ကျွန်တော့်ရဲ့ ရေနံဆီပုလင်းလေးလည်း ဖြစ်တယ်။

သူ့အိမ်ကို ကျွန်တော် ရောက်သွားတဲ့ မနက်ခင်းတစ်ခုမှာ မြေကြီးတူးနေတဲ့ သူ့ကို တွေ့ရပါတယ်။

ဖြူဖွေးသွယ်လျတဲ့ လက်ချောင်းကလေးတွေမှာ ရွှံ့မြေနီတွေ ပေကျံလို့။

"ဘာလုပ်နေတာလဲ"

"ပန်းစိုက်မလို့"

"ဒီနေရာမှာ စိုက်မလို့လား"

"မသေချာသေးဘူး၊ အောက်က မြေကြီးတွေကို အရင်တူးပြီး လိုက်ကြည့်နေတာ၊ စိတ်ကြိုက်တွေ့တဲ့နေရာ စိုက်မယ် ... ၊ နောက်ဖေးမှာလည်း တူးကြည့်ပြီးပြီ၊ အိမ်ဘေးမှာလည်း တူးကြည့်ပြီးပြီ၊ အခု အိမ်ရှေ့မှာ တူးကြည့်နေတာ"

"ဟောဗျာ"

မနေနိုင်လို့ ကျွန်တော်ကလည်း အဲဒီ ပေါကြောင်ကြောင် ကောင်မလေးရဲ့ ကိုယ်စား မြေကြီးတွေ ဝင်တူးပေးလိုက်ရပါတော့တယ်။

ကျွန်တော်တို့ သူငယ်ချင်းအုပ်စု၊ မြို့ထဲ ထွက်လည်ကြတုန်းကပေါ့။

လမ်းမှာ သူက ပြောတယ် ... ။

"ထွက်လာခါနီး၊ ဖေဖေကတောင် မေးသေးတယ်"

"ဘာမေးတာလဲ"

"သမီးဝေး ဘယ်တွားမဝို့ဝဲ ... တဲ့"

"ဟင်"

"သမီးလေး ဘယ်သွားမလို့လဲလို့ မေးတော့၊ ကုလားထိုင်ပေါ်မှာ သတင်းစာဖတ်ရင်း ဆေးတံကြီးခဲရင်း လှမ်းမေးတာလေ"

"သြော် ..."

"အဲဒါနဲ့ ငါလည်း ပြန်ဖြေလိုက်တယ်။ မြို့ဝဲ တွားမဝို့လို့"

သူ့ကို ကြည့်ပြီး ရယ်ရပါသေးတော့တယ်။

သတင်းစာကြော်ငြာတွေထဲမှာ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း ကြော်ငြာကို သူက အမုန်းဆုံးဖြစ်တယ်။ သတင်းစာကြီးဆောင့်ချပြီး ပွစိပွစိ လုပ်နေတတ်တယ်။

"သူတို့ဘာသာ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတာ နင်နဲ့ ဘာဆိုင်လို့တုန်း၊ နင်နဲ့လည်း မသိဘဲနဲ့"

"မဟုတ်ပါဘူး၊ လူတွေကိုက မဟုတ်သေးပါဘူး။ ရည်းစားသစ်ကို တွေ့လို့ ရည်းစားဟောင်းကို ပစ်သွားတာမျိုး၊ ဘယ်နှစ်ခုပါနေလဲမှ မသိတာ"

"ရည်းစားဟောင်းက ချစ်စရာမကောင်းတော့လို့လားမှ မသိတာ"

"အိုး ... အဲဒါမျိုးကို လက်မခံနိုင်ပါဘူး။ အဲဒါနဲ့ပဲ စွန့်ပစ်စရာလား။ **အဲဒါနဲ့ပဲရည်းစားသစ်ရှာရတော့မှာလား ရည်းစားဟောင်းကိုပဲနှလုံးသားအသစ်နဲ့ ချစ်ကြည့်ဖို့တော့ မကြိုးစားကြတော့ဘူးလား**"

သူ့စကားကြောင့် ကျွန်တော်တောင် တွေငိုင်စဉ်းစားမိရပါသေးတယ်။

တစ်ခါတော့ မိတ္တူကူးဆိုင်မှာ သူနဲ့ဆိုင်ရှင်နဲ့ စကားကတောက်ကဆ ဖြစ်လာတယ်။ သူ့ဘက်က လိုက်ပြောတာတော့ မဟုတ်ပါဘူး။ အဲဒီဆိုင်ရှင်က တော်တော်ဆိုးတယ်။ အလုပ်လုပ်တာလည်း စည်းစနစ်မရှိဘူး။ ဆက်ဆံရေး ကလည်း မကောင်းဘူး။ ဈေးကလည်း အဆမတန် ယူတယ်။

မျက်နှာကလေး မှုန်နေတဲ့သူကို ကျွန်တော်က ရယ်မောချော့မော့ရပါတယ်။

"ဒီလူကြီး မကောင်းတာကိုတော့ ငါလည်း လက်ခံပါတယ်။ သူကိုယ်တိုင်က မာရ်နတ်ရဲ့ မိတ္တူကိုယ်ပွားတစ်ယောက် နေမှာပေါ့"

"အင်း ... ဟုတ်မယ်။ ဒါကြောင့် မိတ္တူကူးဆိုင်ဖွင့်ပြီး လူတွေကို ဒုက္ခပေးနေတာဖြစ်မယ်။ ဒါပေမယ့် **မာရ်နတ်ရဲ့မိတ္တူတွေထဲမှာ သူဟာ နောက်ဆုံးရွက်ရေဖြစ်နိုင်တယ်။ ခပ်ညံ့ညံ့ မိတ္တူကြီးတစ်ရွက်ပေါ့"**

သူ့စကားနဲ့ သူ ကျေနပ်ပြီး ဟက်ခနဲရယ်တယ်။ တဖြည်းဖြည်း ပြန်ပြုံးလာတဲ့ သူ့မျက်နှာလေးက အရမ်းချစ်စရာကောင်းနေတယ်။

သူက အရမ်းခေါင်းမာတယ်။ သူလုပ်ချင်တာကို သူ ဇွတ်တရွတ်လုပ်တတ်တယ်။

"အဲဒီလောက်ကြီးတော့ နင်က တစ်ယူသန် မဆန်နဲ့ပေါ့ဟ"

"ဟင့်အင်း... မရဘူး၊ ငါက 'ဘူး' ဆိုရင် ..."

ပြီးတော့ သူ့စကား ရပ်သွားပါတယ်။ ကျွန်တော့်ကို လှည့်မေးတယ်။

"ဟို ... အသီးက ဘာအသီးလဲ ဟ ..."

ကျွန်တော့်မှာ ရယ်ချင်လိုက်တာ၊ ဖရုံသီးကို သူ့မေ့နေတယ်။ ဒါပေမဲ့ ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင်ပြီး ...

"ဘာသီးကို မေးတာလဲ"

"ဟိုဟာလေ ... ဟို ... ဗထက်ချိုင့်နဲ့ တူတဲ့အသီး"

မအောင့်နိုင်တော့ဘဲ ကျွန်တော် ဝါးခနဲ ထရယ်မိပါတော့တယ်။ အဲဒီတော့လည်း သူက ကျွန်တော့်ကို စိတ်ဆိုးတယ်။ "တော်ပြီ ... နင့်ကို ဘာမှ ပြောမပြတော့ဘူး" ဆိုပြီး ခြေဆောင့်လှည့်ထွက်သွားလေရဲ့။

"ဘုရားဟောအရဆိုရင် ... ဘယ်အရာမှ မတည်မြဲဘူး"

"ဘာလဲ ... ကဗျာထဲကလို 'ရေပွက်ပမာ' ပေါ့လေ၊ ဟုတ်လား"

ကျွန်တော့်စကားကို သူက ပြုံးစိစိနဲ့ မေးလာတယ်။

"ဟုတ်တယ်၊ အားလုံးက ရေပွက်ချည်းပဲ"

မချိုမချဉ်အပြုံးနဲ့အတူ သူက ထပ်မေးပြန်ရဲ့။

"အဲဒါဆိုရင် ငါကရော နင့်အတွက် ရေပွက်တစ်ခုပဲလား"

တော်တော်ကလေး စဉ်းစားပြီး၊ သေသေချာချာ စကားလုံးရွေးပြီးမှ

ကျွန်တော်ပြန်ဖြေလိုက်တယ်။

"ဟုတ်တယ်။ **ငါ့အတွက်တော့နင်ဟာလည်းရေပွက်ပဲ၊ဒါပေမဲ့ထူးခြားတဲ့ 'စကြာဝဠာရေပွက်လေး' ဖြစ်တယ်**"

အဲဒီတော့ သူက ကျွန်တော့်ကို မျက်စောင်းထိုးတယ်။ နှုတ်ကလည်း ရေရွတ်တယ်။ ဟင်း ... နင့်ကို ငါသိပ်စပ်မြင်ကပ်တာပဲ" တဲ့ ...။

ကျွန်တော့် မှတ်စုစာအုပ်ကလေးတစ်အုပ်ကို ကိုင်ရင်း ကျွန်တော့်ကို သူ မေးဖူးတယ်။

"နင့်မှာ ငယ်ကျွမ်းဆွေတွေ ဘာတွေများ ရှိဘူးလား"

ကျွန်တော့်မှာ တအံ့တသြတွေ ဖြစ်လို့။

"ဟင့်အင်း ... မရှိပါဘူး"

"ကောင်မလေး လှလှလေးလေ"

"ဟင့်အင်း ... မရှိပါဘူး"

"သူ့နာမည်က နန္ဒာတို့ ... ဘာတို့လေ၊ မမှတ်မိဘူးလား"

"ဘာတွေလာပြောနေတာလဲ ...၊ မရှိပါဘူး"

"ဒါဖြင့် ဒီ နင့်စာအုပ်မှာ ရေးထားတဲ့ 'ND' ဆိုတဲ့ အတိုကောက်နာမည်က ဘယ်သူတုန်း"

"ဟင် ... ငါ့နာမည်လေ၊ ငါက နေဒွန်းလေ"

"ဟင် ... ဟုတ်ပါရဲ့၊ နင့်နာမည်ကို ငါ ခဏမေ့သွားလို့"

တစ်ခါတစ်ခါ အဲလိုပဲ၊ သူဟာ ... ဘယ်လိုမှန်း မသိတဲ့ ကောင်မလေး ဖြစ်တယ်။

သူ့ကိုမှ ...

အဲဒီလိုကောင်မလေးမျိုးကိုမှ ...

ကျွန်တော်ကလည်း ...

မြတ်မြတ်နိုးနိုး ချစ်နေမိတော့တယ်။

"နင့်အပြုံးက သိပ်စင်ကြယ်တာပဲ၊ နင့်လိုမျိုး ငါ ပြုံးတတ်ချင်လိုက်တာ နေဒွန်းရယ်"

"ငါ့အပြုံးက ဘယ်လိုဖြစ်နေလို့တုန်း"

"ဘယ်လိုပြောရမလဲ ... ဟို ..."

နားသပ်စပ်က ဆံပင်လေးတွေကို လက်နဲ့ဖွရင်း သူ စဉ်းစားပါတယ်။ ပြီးမှ ...

**"နင့်အပြုံးက လွတ်လပ်တယ်ဟ၊ မြေကြီးပေါ် မှောက်ရက်ကျနေတဲ့ ဖဲချပ်ကို ခြေမနဲ့ လှန်ကြည့်လိုက်ရင်း 'တစ်'ဖဲ ဖြစ်နေတာတွေ့လို့ ဘာရယ်မဟုတ်ဘဲ ပျော်သွားတဲ့ အပြုံးမျိုး'**

**"ဟောဗျာ"**

**ပြောစရာတစ်ခုပဲ ကျန်ပါတော့တယ်။ တမင်တကာ နောက်ဆုံးမှ ပြောပြတာပါ။**

**သူ့နာမည်က ...**

ခဂ္ဂါတဲ့ ...။

"နင့် သတ်မှတ်ချက်အရဆိုရင်တော့ ငါလည်း သေရင် ငရဲကျမှာပဲ နော် ... နေဒွန်း"

နေဒွန်း မျက်လုံးပြူးသွားသည်။

"ငါက ဘယ်လို သတ်မှတ်လို့လဲ"

"ဟွန်း ... နင်ပဲ ငါ့ကို နှုတ်ကြမ်း၊ လျှာကြမ်းဆိုတော့"

"ဟာ ဒါက ဒီလိုပါ၊ နင်က ဒေါသကြီးတာလောက်ပါ။ ဒေါသကြီးပြီး နင်ပြောချင်တာပြောပြီးရင် ပြီးသွားတာ၊ စိတ်ထဲမှာ ဘာမှထားတာ မဟုတ်ဘူး"

"သြော် ... သြော် ... ဒီလိုလား"

**"ဟုတ်တယ်၊နင်က ဘာမှ အပြစ်ကြီးမှာမဟုတ်ဘူး။ တချို့တွေကဒေါသကိုမှတ်ထားကြတယ်၊ မျက်နှာကိုပြုံးပြီး ဟန်ဆောင်ဆက်ဆံတယ်၊ သူတို့ရဲ့ဒေါသကို ရေခဲရိုက်ပြီးသိမ်းထားတယ်၊ လိုတဲ့အခါကျတော့မှ ရေခဲသေတ္တာထဲက ဘီယာတစ်ဘူးထုတ်သောက်သလိုမျိုး အဲဒီအာဃာတကို ထုတ်သုံးလိုက်ကြတာပဲ၊အဲလိုလူတွေမှ အပြစ်ကြီးတာ"**

"နင် ... အတည်ပြောတာပေါ့နော်"

"အတည်ပါဟာ၊ နောက်တာက နင့်ကို ခင်လို့ နောက်တာပါ။ အခုဟာကတော့အတည်ပြောတာပါ။**အဲဒီလိုလူတွေရဲ့'ရေခဲစိမ်အာဃာတ'ထက်စာရင် နင့်ရဲ့ 'ပွဲချင်းပြီးဒေါသ' ကမှ မြတ်ပါသေးတယ်"**

ဿ

# ဆောင်းကြိုးပြတ်ရွာ မွန်းတည့်အလွန် ၄ နာရီ

အုံ့ကြီးမောင်နဲ့ကလည်း တည့်လှတယ်ရယ် မဟုတ်ပါဘူး။ တစ်ခါ တစ်ခါကျရင် အဲဒီကောင်က ခံတန်တန်နဲ့။ ပြောရဆိုရတာ လက်ပေါက်ကပ်တယ်။

"ငါတို့အိမ်က အထက်ကျောတိုပြီး အောက်ကျောရှည်တယ်ဟ၊ အဲလို အိမ်မျိုးကို 'သီဟဂေဟာ' လို့ ခေါ်တယ်"

"ဟုတ်လား"

"အဲလိုအိမ်မျိုးမှာ အရာရှိတွေ၊ မင်းစိုးရာဇာတွေ နေရတတ်တယ်တဲ့"

"ဩော် ..."

အဲဒီအထိတော့ ဒီကောင်က အကောင်းပါပဲ။ မကောင်းတာကိုတော့ သူ့ဘာသာ သူပဲ စတာလေ။ နွေချိုက မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီးမေးတယ်။

"ငါတို့အိမ်ကရော ..."

"နင်တို့အိမ်က အထက်ကျောရှည်ပြီး၊ အောက်ကျောတိုတယ်၊ အဲဒီလို အိမ်မျိုးကို 'မဏ္ဍုကဂေဟာ' လို့ ခေါ်တယ်"

အုံ့ကြီးမောင်က စိတ်ဝင်တစား ဆက်မေးတယ်။

"ဟုတ်လား ... ဘယ်လိုလူတွေ နေတာလဲ"

"ကျေးကျွန်တွေ နေတာတဲ့ ...."

"အောင်မယ်"

သိတဲ့သူက ပြောပြတာကို သူ ငြိမ်မခံပါဘူး။

"နင်တို့အိမ်ကသာ 'မဏ္ဍုကဂေဟာ'၊ နင်တို့အိမ်ကသာ ကျေးကျွန်တွေနေတာ"

"နင် လျှောက်မပြောနဲ့"

"လျှောက်ပြောတာမဟုတ်ဘူး။ နင်တို့အိမ်ကသာ 'မဏ္ဍုက' နင့်နာမည်ကလည်း နွေချို မဟုတ်ဘူး။ နွေတုက ...'

"အောင်မာ ... အောင်မာ"

နွေချို ဆွေ့ဆွေ့ခုန် နေရတော့တယ်။ နှစ်ယောက်သား ရန်ဖြစ်နေလိုက်ကြတာ ကျွတ်ကျွတ်ကိုညံလို့။ အဲဒီတုန်းက နွေချိုက မဝတ်တတ် ဝတ်တတ်နဲ့ ထဘီဝတ်ထားတာ။

ရပ်ကွက်ထဲက မိန်းမကြီးတွေလို လက်တစ်ဖက်က ထဘီကိုကိုင်ပြီး မဲ့ကာရွဲ့ကာ ...

"အံ့ပါရဲ့ အံ့ကြီးမောင်ရယ်"

အံ့ကြီးမောင်ကလည်း မျက်နှာထားတင်းတင်းနဲ့ နွေချို့ကို မကြည့်ဘဲ ...

"နွေပါရဲ့ ... နွေတုက ... ရယ်"

ဘာမှလည်းမဆိုင်ဘူး။ အဲလိုရန်ဖြစ်ပြီး သုံးလေးရက်လောက် မခေါ်ကြဘူး။ အဲဒီရက်တွေထဲမှာ နွေချို့ကို သူ အမျိုးမျိုး အနှောက်အယှက်ပေးပါတယ်။ နွေချိုက ကိုယ့်ခြံထဲမှာကိုယ် သူဌေးကြီးလုပ်တမ်း ကစားတယ်။

"ဟော့ ... အိမ်ကကား စက်သံသိပ်မကောင်းဘူးဆို၊ အဲဒါဆို နောက်တစ်စီးဝယ်လိုက်"

ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်ဟန်ပြပြီး အဲဒီလို အော်ဟစ်နေတာပေါ့။ နွေချိုကို ရွဲ့တာဖြစ်မှာပဲ။ သူက ဟိုဘက်ကနေပြီး သူတောင်းစားလို ပြန်ကစားတယ်။

"သနားကြပါခင်ဗျာ ...၊ ဘဝကံမပေးလို့ ဒုက္ခရောက်ရသူပါ။ သနားကြပါ"

အဲဒီတော့ ကစားရတာ အသံတွေ ရောနေတော့တာပေါ့။

"မနေ့က စိန်လက်စွပ်ကို ရေချိုးရင်း ချွတ်ထားလိုက်တာ ဘယ်ရောက်

သွားလဲ မသိဘူး၊ မရှာချင်တော့ဘူး။ ဟော့ ... ကားပြင်စမ်း အသစ်သွားဝယ်မယ်”

“သနားကြပါခင်ဗျာ ...၊ ဘဝကံမပေးလို့ ဒုက္ခရောက်ရသူပါ။သနားကြပါ”

“အေး ... အဲဒီခြံက ဘယ်နှစ်သိန်းတဲ့လဲ။ အေး ရရင်တော့ဆစ်ကြည့်၊ မရရင်လည်း ဝယ်လိုက်၊ ငွေပေါက်ရင် ငါ အပန်းဖြေဖို့ လိုတယ်။ ငါက ပူရင် အလာ့ဂျစ် ထတတ်တယ်”

“သနားကြပါခင်ဗျာ ...၊ ဘဝကံမပေးလို့ ဒုက္ခရောက်ရသူပါ။ သနားကြပါ”

“ခွေးလား ... ဘယ်ကောင်ကြီးလဲ၊ ဩော် ... အေး သူက အမဲသားကို နွားနို့နဲ့ပေါင်းပေးမှ စားတာ၊ လုပ်ပေးလိုက်၊ လုပ်ပေးလိုက်၊ ဖုန်းထပ်မဆက်နဲ့တော့၊ ငါ ဒီမှာ အနိုပ်ခံနေတယ်။ ထိုင်ရတာ ညောင်းလွန်းလို့”

“သနားကြပါခင်ဗျာ ...၊ ဘဝကံမပေးလို့ ဒုက္ခရောက်ရသူပါ။ သနားကြပါ”

“မောင်နီလားဟော့၊ ကက်သရင်းလာရင် ငါ့ကို စောင့်ခိုင်းထား၊ ငါလာခဲ့မယ် အိမ်ကဟာမကြီး မသိစေနဲ့”

“သနားကြပါခင်ဗျာ ...၊ ဘဝကံမပေးလို့ ဒုက္ခရောက်ရသူပါ။ သနားကြပါ”

ကစားရတာ ဘယ်လိုမှ မကောင်းတော့ဘူး။ ကိုယ်ဘာသာ ကစားလိုက်၊ သူလှည့် အံ့ကြိတ်ပြလိုက်နဲ့၊ တစ်ခါတစ်ခါကျရင် အံ့ကြီးမောင်ဆိုတဲ့ အကောင်ကတော်တော်အမြင်ကတ်ဖို့ကောင်းတာပဲ။ ဆားနဲ့လှမ်းပေါက်ရင်လည်း ကြောက်မယ့်ရုပ် မဟုတ်ဘူး။ ဒီကောင်ကို ငါ တစ်သက်ပြန်မခေါ်ဘူးလို့တောင် စိတ်ထဲတွေးမိတာ၊ အရမ်းကို မြင်ပြင်းကတ်တာပဲ။

ဒါပေမယ့်နောက်တော့လည်း ပြန်ခေါ်ဖြစ်ခဲ့ပါတယ်။ မှတ်မှတ်ရရ အတန်းထဲကို ဆရာအသစ်ရောက်လာတဲ့ နေ့ကပေါ့။

နွေချိုတို့အခန်းကို (နွေချိုတို့အခန်းဆိုတာက အံ့ကြီးမောင်ရဲ့အခန်းလည်းဖြစ်တယ်) ဆရာဦးဇော်မြင့်အစား ဆရာဦးကျော်သူဦး ရောက်လာတဲ့နေ့ကပေါ့။ ဆရာမ ဒေါ်ခင်သီတာဝင်းနဲ့ တွဲကိုင်ရမှာပေါ့လေ။

သူဝတ်လို့ ကိုယ်လိုက်ဝတ်တာ မဟုတ်သလို၊ ကိုယ်ဝတ်လို့ သူ့လိုက်ဝတ်လာလည်း မဟုတ်နိုင်ပါဘူး။ အဲဒီနေ့က သူရော နွေချိုရော ဘောင်းဘီတို

ကိုယ်စီ၊ လွယ်အိတ်ကိုယ်စီ၊ အသက်ကိုးနှစ်ကိုယ်စီနဲ့ စာသင်ခန်းထဲမှာ ထိုင်လို့။

ဘာပဲပြောပြော တစ်ယောက်ကိုတစ်ယောက်တော့ စောင်းချိတ်ကြည့်မိကြသေးတယ်။ နွေချိုက နှပ်ကို ဘောင်းဘီတိုနဲ့ သုပ်နေသလို၊ အဲ့ကြီးမောင်ကလည်း ပြဲနေတဲ့ ဘောင်းဘီခွကို ဆွဲစေ့တယ်။

မိုးတွေလည်းရွာနေတယ်။ မိုးတွေကတော့ ဘောင်းဘီတို ဝတ်မထားဘူး။ ကျောင်းတက်ခေါင်းလောင်း ထိုးပြီးလို့ အတော်ကြာမှ အခန်းထဲကို ဆရာကျော်သူဦး ဝင်လာတယ်။ သူကတော့ ပုဆိုးကြီးဝတ်ထားတယ်။

"မင်္ဂလာပါ ဆရာကြီး"

"မညီဘူး၊ ပြန်နှုတ်ဆက်စမ်း"

"မင်္ဂလာပါ ဆရာကြီး"

"မရသေးဘူး ပြန်ပြော"

"မ ... င်္ဂ ... လာ ... ပါ ... ဆ ... ရာ ... ကြီး"

နွေချိုတို့ လက်ပိုက်ပြီး အသံကုန်အော်လိုက်ကြတယ်။

တစ်မအေတည်းက မွေးထားတာ မဟုတ်တော့ မညီဘူးလေ။ ဆရာအတော်စိတ်ညစ်သွားပုံပဲ။ မျက်မှောင်ကြီးကြုတ်ပြီး ခေါင်းခါနေတယ်။ ပြီးမှ...

"ကဲ ... ထိုင်ကြ ... ထိုင်ကြတော့ ..."

နွေချိုတို့အားလုံး လှန်းထားရာက အရုပ်ခံလိုက်ရတဲ့ အဝတ်တွေလိုထိုင်လိုက်ကြတယ်။ တစ်ချို့လည်း တစ်ပြိုင်တည်း၊ တစ်ချို့လည်း တစ်ယောက်ပြီးမှ တစ်ယောက်၊ တစ်ချို့လည်း သံချိတ်နဲ့ငြိနေတဲ့ အဝတ်တွေလို တိုးလိုးတန်းလန်း၊ ပြီးမှ သံချိတ်က လွတ်သွားသလို လျှောခနဲထိုင်ချ။

အဲဒီနောက်မှာတော့ ဆရာကျော်သူဦးက အခန်းထဲ လှည့်ပတ်ပြီး ကျောင်းသားကျောင်းသူ တစ်ယောက်ချင်းရဲ့ မျက်နှာကို စေ့စေ့လိုက်ကြည့်တယ်။ နွေချို့ကို လာကြည့်တော့ တည်ထားရမလို ပြန်ရယ်ပြရမလိုနဲ့။ နွေချို့မှာ 'ဒွိဟ' ဆိုတာကြီး ဖြစ်နေသေးတယ်။ နောက်တော့လည်း ဘယ်လိုလုပ်ပြမိတယ် မသိပါဘူး။ ဆရာကျော်သူဦးက တခြားကျောင်းသားတွေဆီကို ရောက်သွားတယ်။

နောက်တော့ သူချမှတ်ထားတဲ့ အခန်းစည်းကမ်းတွေကို ကျောက်သင်ပုန်းပေါ်မှာ သွားရေးတယ်။

(၁) အခန်းတွင်း ခုံနေရာများကို အတန်းပိုင်ဆရာက ချမှတ်ပေးထားသည့်အတိုင်းသာ ထိုင်ရမည်။

(၂) အတန်းထဲတွင် ဆူညံဆော့ကစားခြင်းများ လုံးဝမလုပ်ရ။
(၃) အမှိုက်များကို အမှိုက်ပုံးတွင်သာ စွန့်ပစ်ရမည်။
ဘာညာတွေပေါ့။ ခုနစ်ချက် ရှစ်ချက်ပါပဲ။ အဲဒီလို သူ ကျောပေးပြီး စာလှည့်ရေးနေစဉ်မှာပဲ နွေချိုက လွယ်အိတ်ကလေး ဆွဲပြီး အုံ့ကြီးမောင်နား မှာပြောင်းထိုင်နေလိုက်တယ်။ အုံ့ကြီးမောင်က နွေချို့ကို အူကြောင်ကြောင်နဲ့ ကြည့်တယ်။

"ဘာဖြစ်လို့လဲ"

"ငါ အဲဒီဆရာကြီးကို ကြောက်တယ်"

"ဘာဖြစ်လို့လဲ"

"ဟာ ... ဘာပဲဖြစ်ဖြစ် ကြောက်ပါတယ်ဆို ငါ့နင်ဘေးမှာ ထိုင်တော့ မယ်"

"နင် အတည်ထိုင်မှာလား"

"အထည်တိုင်မှာပေါ့၊ ဒါမျိုးက အပျော်ကြံလို့ ရတာမှ မဟုတ်ဘဲ"

သူ့ကို ဖြေရှင်းနေရတာနဲ့ပဲ ပြဿနာတတ်ပါတော့တယ်။

"ဟိုစကားပြောနေတဲ့ နှစ်ယောက် ထစမ်း"

တစ်ခန်းလုံး ငြိမ်သက်သွားတယ်။ နွေချိုတို့နှစ်ယောက် မတ်တပ် ထရပ်ကြရတယ်။

"ခုံပေါ်တက်၊ လက်ပိုက်၊ အေး ... အဲဒီအတိုင်း ရပ်နေကြ"

အဲဒီလိုရပ်နေကြရတယ်။ အရိုက်တော့မခံရဘူး။ ဒါပေမယ့် ရိုက်ပြီးပြန် ထိုင်ခိုင်းလိုက်တာကမှ အဆင်ပြေဦးမယ်။ အခုလိုကြီး ရပ်နေရတာ အတန်း သားအားလုံးကလည်း ဝိုင်းကြည့်နေကြတယ်။ ကြည့်သောသူ မြင်၏ ဆိုတဲ့ စကားအတိုင်း အုံ့ကြီးမောင်ရဲ့ ဘောင်းဘီခွပြဲနေတာကိုလည်း သူတို့ မြင်ကြ တယ်။

ဆရာက ကျောက်သင်ပုန်းမှာ ရေးထားတဲ့ စည်းကမ်းချက်တွေကို ရှင်းပြတယ်။ လက်ညှိုးလေးနဲ့ ထောက်ပြောရင် ဘယ်သူမှ စိတ်ဝင်စားကြမှာ မဟုတ်ဘူး။ အခုတော့ ကြိမ်လုံးကြီးနဲ့ ထောက်ပြောနေလို့သာ အားလုံးက စိတ် ဝင်စားချင်ယောင်ဆောင်ပြီး နားထောင်နေကြရတယ်။

"ဒီကျောက်သင်ပုန်းပေါ်က စည်းကမ်းချက်တွေကို မင်းတို့အားလုံး သံပြိုင်ဆိုရမယ်။ ငါက တစ် လို့ တိုင်လိုက်ရင် မင်းတို့က စည်းကမ်းချက်ကို ရွတ်ရမယ်၊ နားလည်လား"

"နားလည်ပါတယ်"

"ကဲ ... ကျောက်သင်ပုန်းကို ကြည့်ထားကြ စအော်မယ် 'တစ်' ..."

ဆရာက စ, တိုင်ပေးလိုက်တယ်။ ဒါပေမယ့် ဘာသံမှ ထွက်မလာဘူး။ မျက်လုံးပြူးတွေနဲ့ သူ့ကို ဝိုင်းကြည့်နေကြလို့ ဆရာတောင် ကြောင်အမ်းအမ်း ဖြစ်သွားတယ်။

"အော်လေ ... ဘာကြောင့် မအော်ကြတာလဲ၊ ငါက နံပါတ်စဉ်ရွတ်ပေးမယ်။ မင်းတို့က ဘေးက စည်းကမ်းချက်တွေကို ရွတ်ရမယ် ကြားလား"

"ကြားပါတယ်"

"ကဲ ... အော်မယ် ... တစ်"

အဲဒီအခါကျမှ အားလုံးက သံပြိုင်လိုက်အော်လိုက်ကြတယ်။

"တစ်"

ဆရာ ဒေါကန်သွားတယ်။

"ငါအော်တာကို လိုက်အော်ခိုင်းတာမဟုတ်ဘူး။ ငါက နံပါတ်စဉ်ကိုပဲ အော်မှာ။ မင်းတို့က ဘေးက စည်းကမ်းချက်တွေကို ရွတ်ရမှာ။ ငါက တစ်လို့ အော်လိုက်ရင် မင်းတို့က ဘေးက စည်းကမ်းချက်အတိုင်း 'အတန်းတွင်း ခုံနေရာများကို အတန်းပိုင်ဆရာ ချမှတ်ပေးထားသည့်အတိုင်းသာ ထိုင်ရမည်' လို့ ရွတ်ရမယ်။ ငါက နှစ်လို့ အော်လိုက်ရင် နှစ် ရဲ့ စည်းကမ်းချက်ကို ရွတ်ရမယ်။ ကျန်တာတွေလည်း ဒီအတိုင်းပဲ ကြားလား"

"ကြားပါတယ်"

"ကဲ ... ဒါဖြင့် ပြန်အော်မယ်၊ ရတယ်နော်"

"ရ ... ပါတယ်"

"ကဲ ... ဒါဖြင့် စပြီ ... တစ်"

အဲဒီအခါမှ အားလုံးက သံပြိုင်လိုက်အော်လိုက်ကြပြန်တယ်။

"တစ်"

ဆရာ့ဒေါသက တားမရတော့ဘူး။ စားပွဲကို ကြိမ်လုံးနဲ့ လွှဲရိုက်လိုက်ရင်း ...

"မင်းတို့ဘာလဲ ဒီလောက်ပြောနေတာ နားမလည်ဘူးလား။ မင်းတို့အားလုံးကို တစ်ယောက်တစ်ချက်တော့ ဆော်လိုက်မှ ထင်တယ်"

အကုန်လန့်သွားကြတယ်။

"ဖျန်း"

ဆရာက စားပွဲကို ကြိမ်လုံးနဲ့ မာန်ပါပါ လွဲရိုက်လိုက်ပြန်တယ်။ ပြီး အားလုံးကို သင်ခန်းစာ ပေးဖို့ လေထဲမှာ ကြိမ်လုံးကို တဝီဝီယမ်းလိုက်စဉ်မှာပဲ ...

"ဟ ..."

ဆရာ့ကြိမ်လုံးက လေထဲမှာ ရပ်သွားတယ်။ နွေချိုက အကြောက်လွန်ပြီး ... .... ... ။

ဆရာ အတော်အကြပ်ရိုက်သွားတယ်။ ကြိမ်လုံးကို လေထဲမှာ မြှောက်ထားရင်း နွေချို့ကိုကြည့်ပြီး စိတ်ပျက်သွားတယ်။

အတော်ကြာမှ သက်ပြင်းတစ်ချက်ချပြီး ကြိမ်လုံးကို ပြန်ရုတ်သိမ်းလိုက်တယ်။

"မင်းတို့ကို ငါမရိုက်ချင်ဘူး၊ ငါခိုင်းတာကို စိတ်ဝင်တစား လိုက်လုပ်ကြ ဟုတ်လား။ ကျောက်သင်ပုန်းကိုကြည့်။ ငါက နံပါတ်စဉ်ကို တိုင်ပေးရင် မင်းတို့က ဘေးက စည်းကမ်းကို လိုက်ရွတ် ဟုတ်လား"

ပြီး ... ဆရာက တိုင်ပေးတယ်။

"တစ်"

သံပြိုင်အော်သံတွေ တုံ့ပြန်မြည်ဟီးပြီး ထွက်လာတယ်။

"တစ်"

"ဟောဗျာ"

ဆရာကျော်သူဦးက သူ့ကုလားထိုင်မှာ ဆိုနင့်ကြေကွဲစွာ ပြန်ထိုင်ချလိုက်တယ်။ 'အဲဒါသူများကို ဆရာလုပ်ချင်ဦး' လို့လည်း သူ့ကိုယ်သူ စိတ်ထဲမှာ ပြန်ပြောနေမိမှာပေါ့။ ငိုနေဆဲ ဖြစ်တဲ့ နွေချို့ကို လှမ်းပြီးဟန့်တယ်။

"နှပ်တရှုံ့ရှုံ့လုပ်မနေနဲ့"

အဲဒါက အကျဉ်းပြောတာပါ။ ပြီးမှ အကျယ်ကို ဆက်ပြောတယ်။

"သေးထွက်တာက တားလို့မရလို့ မတားလိုက်ဘူး။ နှပ်တရှုံ့ရှုံ့တော့ လုပ်မနေနဲ့။ တော်ကြာ ဒီအခန်းက နံလည်းနံ၊ ငန်လည်းငန် ဖြစ်နေမယ်"

ပြီးမှ အုံ့ကြီးမောင်ကို ကြိမ်လုံးနဲ့ လှမ်းတို့ပြီး ...

"မင်း"

"ဗျာ ... ဆရာ"

"ဟို အခန်းထောင့်က အဝတ်စုတ်ကိုယူ"

"ဟုတ်ကဲ့"

"ပြီး ... ဒီကောင်မလေးပေါက်တဲ့ သေးတွေကို သုတ်ပစ်လိုက်"

"အဲ ... ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

ရှုံ့မဲ့ရှုံ့မဲ့နဲ့ပဲ အဲဒီအလုပ်ကို အုံ့ကြီးမောင် လုပ်ရတော့တယ်။ နွေချိုနဲ့ အုံ့ကြီးမောင်လည်း မခေါ်ချင်ဘဲ ပြန်ခေါ်ဖြစ်သွားတယ်။

ကျောင်းအဆင်းမှာ အုံ့ကြီးမောင်က ခဲကောက်ပြီး ငန်းကိုလိုက်ရှာနေတယ်။

"နင်ဘာလုပ်မလို့လဲ"

"ငါ အဲဒီငန်းကို ခဲနဲ့ထုမလို့"

"ဘယ်လိုဖြစ်လို့တုန်း"

"ကျောင်းသားရှေ့မှာ သူဖြတ်လျှောက်ရင် ဆရာဒုက္ခရောက်တယ် မဟုတ်လား။ အခု သူ ဆရာ့ရှေ့မှာ ဖြတ်လျှောက်ခဲ့လို့ ငါတို့ဒုက္ခရောက်တာပေါ့"

"အာ ... အဲလိုတော့လည်း မဟုတ်ပါဘူးဟာ"

သူ့ကို မနည်းချော့မော့ပြီး ပြန်ဆွဲခေါ်ခဲ့ရတယ်။ အဲဒါတောင် သူက အကောင်းမြင်တာ မဟုတ်ပါဘူး။

"ဝေးဝေးနေစမ်းပါဟာ၊ သေးစော်နံတယ်၊ ကိုယ့်ကိုယ်ကို သေးပါတတ်မှန်းသိရင်လည်း ငါ့လို ဘောင်းဘီတို ခွပြဲကို ဝတ်ထားပါလား"

"အောင်မာ အောင်မာ"

အုံ့ကြီးမောင်ကို ရန်တွေ့မလို လုပ်နေတုန်းမှာပဲ ကျော်ကျော်ဝေက နံလိုက်တာဆိုတဲ့ အမူအရာနဲ့ နှာခေါင်းရှေ့မှာ လက်ခပ်ပြီး လျှောက်သွားတာတွေ့ရတယ်။

စိတ်ထဲမှာ မျက်ခနဲဖြစ်သွားပြီးမှ ကျော်ကျော်ဝေ့ကို ဘာမှမပြောနိုင်အားဘဲ အုံ့ကြီးမောင်ကိုပဲ လှည့်တောင်းဆိုရသေးတယ်။

"နင် အိမ်ရောက်ရင် ငါ ဒီလိုဖြစ်တယ်လို့ သွားမပြောရဘူးနော်"

"အေးလေ ... ပြီးရော မပြောဘူး"

"ကျော်ကျော်ဝေ့ကိုလည်း လူ့ပေါက်ပန်းလို့ မခေါ်နဲ့တော့"

၁၆

# ရွှေဗိန်ပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး

[ ၁ ]

ဘယ်လိုသစ်သီးလဲ
အထဲမှာ 'ရန့်' ပဲပါသတဲ့။

[ ၂ ]

မကျေနပ်လို့ ဆက်တွေးပါတယ်။
ဘယ်လိုသစ်ပင်လဲ၊
ဘယ်လိုဥယျာဉ်လဲ၊
ဘယ်လို မြေပြင်လဲ၊

နောင်တော့လည်း ...
ဝေခွဲမရ ဖြစ်လာပြန်တယ်။

**ပန်းခေတ်လမင်း စ ၁ ၉ ၉ ၉**

'ရန့်'ထဲမှာ
တစ်ခုခုများ ပါလေမလား။

[ ၄ ]

အဲ့ဒီလိုနဲ့ပဲ
သစ်သီးကို ခွဲရပါလေရော ... ။

ခုချိန် ပြန်စဉ်းစားတော့ အဲဒီတုန်းကဘဝဟာ မှုန်ဝေအုံ့ပျနေလေရဲ့။

**ကျွန်တော်တို့တွေရဲ့အသက်က ၁၆ နှစ်၊စပယ်တွေချုန်းချုန်းထစ်ထစ်ပွင့်ကြတဲ့ရာသီ၊ ခေါင်းလောင်းသံတွေကြားမှာ ကျောင်းတံခါးကြီးက သူ့ရင်ကိုကားခနဲ ပြန်ဖွင့်ပေးခဲ့။**

**လူနဲ့အိပ်မက်နဲ့ ပက်ပင်းတိုးမိကြသေးတဲ့ အချိန်ပေါ့။**

ကောင်မလေးက ကျွန်တော့်ခုံတန်းရဲ့ ရှေ့ဘက် ခပ်ဝေးဝေးမှာ နေရာရပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်လှမ်းကြည့်ရင် မြင်နေရတဲ့အရပ်မှာ ရင်ပွင့်အောင်လှတဲ့ နှင်းဆီဖြူလေး ယိမ်းဝင့်ရှင်သန်လာပါတယ်။

ကျောင်းသူသစ်ဆိုပေမယ့် မကြာလှတဲ့ အချိန်အတောအတွင်းမှာ သူဟာ တစ်ခန်းလုံးနဲ့ သိကျွမ်းခင်မင်သွားပါတယ်။

တချို့ကိစ္စတွေမှာ သိပ်လေးနက်တဲ့ နှင်းဆီဖြူနဲ့ တချို့လူတွေရဲ့ လေးနက်မှုကိုမှ သရော်တတ်တဲ့ ကျွန်တော်ဟာ တစ်ကြိမ်တစ်ခါတော့ ထိပ်တိုက်တိုးမိကြပါသေးတယ်။

တစ်နေ့ ကျောင်းမုန့်စားဆင်းချိန်၊ စာသင်ခန်းထဲမှာ ကျွန်တော်ခုံခေါက်သီချင်းဆိုနေတုန်း ကြည်ကြည်ဝေ ကျွန်တော့်အနားကို ရောက်လာပါတယ်။

"ဂျိုကာ ငါ့ကို အော်တိုရေးပေးစမ်းပါ"

ကျွန်တော်က သီချင်းဆိုရပ်လိုက်ပါတယ်။ အင်္ကျီကော်လံကို ပြင်ထောင်ရင်း ...

"အဟဲ ... ငါဖြင့် အခုမှ သီချင်းတစ်ပုဒ်ဆိုရသေးတယ်။ နင်က မနေနိုင်တော့ဘူးကိုး။ အော်တိုတွေဘာတွေ ရေးခိုင်းနေပြီ၊ ရပါတယ်၊ ပရိသတ်ကို လေးစားရမှာပေါ့။ ငါ ရေးပေးပါ့မယ်"

"အောင်မယ်"

ကြည်ကြည်ဝေက ကျွန်တော့်စကားကို ချက်ချင်းပြန်ငြင်းပါတယ်။

"ငါက နင့်ကို သူငယ်ချင်းချင်းချင်း အော်တိုရေးခိုင်းတာ၊ နင် သီချင်းဆိုနေလို့ မဟုတ်ဘူး။ ငါဖြင့် နင်ဘာတွေဆိုနေမှန်းတောင် မသိဘူး။ ဒီစာအုပ်ထဲမှာ သူငယ်ချင်းတွေ တော်တော်စုံစုံရေးပြီးပြီ။ နင်တို့ပဲ ကျန်တော့တာ"

"ဩော် ... ရပါတယ်။ စာအုပ်ထားခဲ့လေ။ ငါ့ဒဿနလေးတွေ ဖြန့်ဝေပေးရဦးမှာပေါ့။ ရပါတယ်"

ကြည်ကြည်ဝေက မဲ့ပြုံပြီး သူ့အော်တိုစာအုပ်ကလေး ထားသွားတယ်။

ကျွန်တော့်ဘေးမှာ ထိုင်တဲ့ ဇေယျာက သူ့သချ်ာအကြမ်း တွက်တဲ့ ကျောက်သင်ပုန်းကြီးနဲ့ အပြင်က ပြန်ရောက်လာတယ်။ ကျွန်တော် ကိုင်တောင် မကိုင်ရသေးတဲ့ အော်တိုစာအုပ်ကလေးကို ဆွဲယူဖတ်တယ်။

ပြီး 'ဟီး ... ဟီး ... ' ဆိုပြီး ခဏခဏ ရယ်နေတယ်။

"ဘာဖြစ်နေတာလဲ"

ဇေယျ လက်ထဲက စာအုပ်ကို ကျွန်တော်ဆွဲယူ ကြည့်လိုက်တယ်။ ဇေယျ ရယ်မယ်ဆိုရင်လည်း ရယ်စရာပါပဲ။ တချို့ အော်တိုစာသားတွေက ဆတ်ကော့လတ်ကော့နဲ့ ရှက်စရာကောင်းတယ်။

ဥပမာ တစ်ယောက်က ရေးထားတယ်။ (မိန်းကလေးပါ)

"ဘဝမှာ အပျော်ရဆုံးအချိန်" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ 'ပလေးဘွိုင် သန်းနိုင်ရဲ့ သီချင်းတွေ နားထောင်ပြီး သီချင်းစာအုပ်ကို ရင်ဘတ်ပေါ်တင်ထားရတဲ့အချိန်" လို့ ရေးထားတယ်။

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်။ အဲဒီ့ ကျောင်းသူကိုလည်း တုတ်နဲ့ သွားထိုးချင်စိတ်တွေ ပေါ်လာတယ်။

"ငါတို့ ပေါက်ကရတွေ ရေးပေးလိုက်ရအောင်"

"အေး ငါလည်း အဲဒါပြောမလို့"

ကျွန်တော်နဲ့ဇေယျ ပြိုင်တူရယ်လိုက်မိကြတယ်။ တွေ့ကြသေးတာပေါ့လို့ ကြုံးဝါးရင်း အော်တိုစာအုပ်ကလေးကို လှန်လိုက်တယ်။

ကြည်ကြည်ဝေက သူ့စာအုပ်လေးအဖွင့်မှာ သူ့ဖာသာ ဒီလို ပြန်ရေးထားတယ်။

| | |
|---|---|
| မေမေပေးတဲ့နာမည်လေး | *ကြည်ကြည်ဝေ* |
| ချစ်သူကပေးတဲ့နာမည်လေး | *'ဝေ' တဲ့* |
| ချစ်သူကပေးလက်ဆောင်လေး | *ရေမွှေးပုလင်း* |
| ကမ္ဘာပေါ်မှာ အခင်အတွယ်ဆုံးအရာ | *ကြောင်ပေါက်စကလေးတွေ* |
| ကမ္ဘာပေါ်မှာ အမုန်းဆုံးအရာ | *နွေကျောင်းပိတ်ရက်* |
| ကမ္ဘာပေါ်မှာ အပျော်ရဆုံးအချိန် | *ကျောင်းဖွင့်ချိန်* |
| ဘဝမှာ အပျော်ရဆုံးအချိန် | *မှော်လင့်ချက် တစ်ခုအတွက် စောင့်စားရတဲ့အချိန်* |
| အိပ်မက်ထဲမှာ ဘာတွေဖြစ်သလဲ | *ငိုခဲ့ဖူးတယ်* |
| တွေးမိတဲ့စိတ်ကူး | *မှော်လင့်ချက်မှာ အတောင်ပံပါရင် ကောင်းမယ်လို့* |
| ရေးမိတဲ့ကဗျာ | *သတိရတိုင်း၊ သူ့ကိုလွမ်းတယ်၊ မယုံရင်လည်း ရှိစေတော့။* |

ကဗျာကဖြင့် ကာရန်လည်း မညီဘူး။ အောက်မှာ လက်မှတ်ထိုးပြီး နေ့စွဲ တပ်ထားသေးတယ်။

ကျွန်တော်လည်း အဲဒီခေါင်းစဉ်တွေအတိုင်း ရေးပေးလိုက်ပါတယ်။ ဒါပေမဲ့… အဟဲ… ကျွန်တော့်ကို ဒါတွေ လာရေးခိုင်းရင် ဒီလိုပဲဖြစ်မယ်ဆိုတာ အစကတည်းက ကြည်ကြည်ဝေ စဉ်းစားမိဖို့ ကောင်းပါတယ်။

| | |
|---|---|
| ချစ်သူကပေးနာမည်လေး | *မသာကောင် တဲ့ (သွား . . တဲ့။ နင်ငါ့ကိုတကယ်ကြိုက်တာလည်း မဟုတ်ဘဲနဲ့ ပိုက်ဆံချေးမလို့လားတဲ့)* |
| ကမ္ဘာပေါ်မှာ အခင်တွယ်ဆုံးအရာ | *ရိုးသားမှု* |
| ကမ္ဘာပေါ်မှာ အမုန်းဆုံးအရာ | *မျက်နှာဖုံး* |
| ဘဝမှာအပျော်ရဆုံးအချိန် | *လျှိုဟုတ်ကို ဖနောင့်နဲ့ပေါက်လိုက်ရတဲ့အချိန်။* |

| | |
|---|---|
| ဘဝမှာ ရင်အဖိုရဆုံးအချိန် | *သံချူဆေးစားပြီး အိမ်သာတက်မလို့ သွားနေတဲ့အချိန်* |
| အိပ်မက်ထဲမှာဘာတွေဖြစ်သလဲ | *အိပ်မက်ထဲမှာလည်း အိပ်နေတာပါပဲ၊ (သိုးလို့)* |
| တွေးမိတဲ့စိတ်ကူး | *တို့တွေ အခုခေတ်မှာ လူဖြစ်တာတော်သေးတယ်နော် ကမ္ဘာဦးမှာသာလူဖြစ်လိုက်ရင် အဝတ်တွေလည်းမပါကြဘူး။အပေါ် ရှက်စရာကြီး၊(ငါတော့ကာထားမှာပဲ)* |
| ရေးမိတဲ့ကဗျာ | *'မယ့်ဖြစ်အင်'*<br>*ချစ်သူကမ်းလှမ်း*<br>*မေတ္တာပန်းကို*<br>*ဆင်မြန်းကေသာမှာ*<br>*မပန်သာသည့်*<br>*မယ့်မှာကတုံးရိတ်ထား၍။* |

ဘေးမှာ ကဗျာသရုပ်ဖော်ပုံကို တစ်ခါတည်း ဆွဲပေးလိုက်တယ်။ ကတုံးမတစ်ယောက် ရပ်ရှင်ထဲက ပင်လယ်ဓားပြလို မျက်လုံးတစ်ဖက်ကို အဝတ်နက်နဲ့ အုပ်ထားတယ်။ ပါးမှာ ပလာစတာကပ်ထားပြီး သွားနှစ်ချောင်းတည်းနဲ့ ပြုံးနေတယ်။ ခေါင်းမှာလည်း ပန်းတစ်ပွင့်ကို ကြိုးနဲ့စည်းပြီး ပန်ထားတယ်။

အဲဒီအောက်ကမှ ကျွန်တော့်လက်မှတ်ထိုးလိုက်တယ်။

ဖေယျုက တဟဲဟဲရယ်ရင်း စာအုပ်ကို ဆွဲယူသွားတယ်။ အတော်ကြီးကြာပြီး ကြည်ကြည်ဝေကို သူပြန်ပေးတော့ ကြည်ကြည်ဝေက ချက်ချင်းဖတ်မကြည့်ဖြစ်ဘူး။ ကျွန်တော်နဲ့ဖေယျုလည်း ကျောက်သင်ပုန်းမှာ ကျောက်တံတစ်ချောင်းနဲ့ သင်္ချာတွက်ကြတယ်။ သင်္ချာထဲမှာ စိတ်ဝင်စားနေလို့ ပတ်ဝန်းကျင်ကို သတိမမူမိဘူး။

ဖေယျုက အမှတ်မထင် ခေါင်းမော့ကြည့်မိတော့မှ

"ဟာ ဂျိုကာ ဂျိုကာ ဟိုမှာလည်း ကြည့်ဦး"

ကြည့်လိုက်တော့ ကျွန်တော် လန့်သွားတယ်။

ကြည်ကြည်ဝေက အပါအဝင် မိန်းကလေးအတော်များများဟာ ကျွန်တော်နဲ့ ဖေယျုကို မျက်စောင်းကြီးတွေခဲပြီး ခါးထောက်စိုက်ကြည့်နေကြ

တယ်။ နှုတ်ခမ်းကြီးတွေလည်း စူပွပွနဲ့။ (ဖေယျကလည်း အော်တိုစာအုပ်ထဲမှာ ဘာတွေရေးထည့်ထည့်လိုက်မှန်းမသိဘူး။ ရေးသေးတယ်)

ကျွန်တော်နဲ့ဖေယျ သူတို့ကို မျက်လုံးပြူးကလေးတွေနဲ့ ပြန်ကြည့်နေတုန်းမှာ ကြည်ကြည်ဝေ့လက်ညှိုးကြီးက မြောက်တက်လာတယ်။

“နင်တို့”

“မွေးမေလေ့”

သူ ဘာဆက်ပြောသလဲတောင် မသိပါဘူး။ ဖေယျလက်ကိုဆွဲပြီး ခုံအောက်ငုံ့ဝင်လိုက်တယ်။ စစ်တိုက်တမ်းကစားသလို ခုံအောက်မှာ ဝပ်နေလိုက်တယ်။

ပြီးတော့မှ ကျွန်တော်တို့ရဲ့ အင်္ကျီအဖြူကလေးတွေကို ချွတ်။ ပေတံထိပ်မှာ အလံဖြူလွှင့်ထားလိုက်တယ်။

“သချ်ာဆရာမ လာပြီ”

ဆိုတဲ့ အသံကြားမှပဲ ကျွန်တော်တို့ ခုံပေါ်ပြန်ရောက်ကြပါတော့တယ်။

ကြည်ကြည်ဝေနဲ့ အပေါင်းအပါတွေက အခဲကြေလုပုံ မပေါ်သေးလို့ ဖေယျကို လှည့်မေးရသေးတယ်။

“မင်းက ဘာတွေရေးလိုက်သလဲ”

“ငါက သူတို့ရေးထားတာတွေကို လိုက်ပြောင်းပစ်လိုက်တာ။ ဥပမာ ရေမွှေးပုလင်းဆိုရင် နောက်ကနေ အလွတ်လို့ထည့်လိုက်တာ”

“တော်တော်များလား”

“အားလုံးလိုလိုပဲ”

ကျွန်တော်တို့နှစ်ယောက်လုံး ခေါင်းငုံ့ပြီး ရယ်နေလိုက်ကြတယ်။ အဲဒီမှာပဲ ကျွန်တော့်နားထဲကို ငြိမ့်ညောင်းသာယာတဲ့ စကားသံလေးတွေ စီးဝင်လာတယ်။

“အေးလေ ယဉ်ကျေးမှုမရှိကြဘူး။ သူများက တန်ဖိုးထားလို့ ရေးခိုင်းတဲ့ဟာကို”

ကျွန်တော် လှည့်ကြည့်လိုက်တော့ ပပနန္ဒာကို အဲ့ဒီလိုပြောရင်း ကျွန်တော့်ဆီရောက်လာတဲ့ နှင်းဆီဖြူရဲ့ မျက်လုံးလက်လက်ကလေးတွေကို တွေ့လိုက်ရပါတယ်။ ပြီး မျက်နှာပြန်လွှဲသွားတယ်။ ကျွန်တော် မှတ်ထားလိုက်တယ်။

သင်္ချာဆရာမလည်း ထွက်သွားရော နှင်းဆီဖြူဆီ ကျွန်တော် ရောက်သွားတယ်။ အားလုံးက ခေါ်သလိုပဲ ခေါ်လိုက်တယ်။

"နှင်း"

တစ်ဖက်လှည့် စကားပြောနေရာကနေ . . . .

"ရှင်"

ဆိုပြီး လှည့်လာတယ်။

ပြုံးလဲ့နေတဲ့မျက်နှာလေးက ကျွန်တော့်ကိုတွေ့တော့ တည်သွားတယ်။ ကျွန်တော်က သိမ်သိမ်မွေ့မွေ့ကလေး . . . .

"ငါ့ကို အော်တိုရေးပေးပါဟာနော်"

သူက ဘာမှ ပြန်မပြောဘဲ ကျွန်တော့်ကို မယုံသလို စိုက်ကြည့်နေပါတယ်။ မယုံတာ မှန်ပါတယ်။

ကျွန်တော်က နောက်မှာ ဝှက်ယူလာတဲ့ ကျောက်သင်ပုန်းနဲ့ ကျောက်တံကို ကမ်းပေးလိုက်ပြီး

"အော်တိုကလေး . . ."

မြန်လိုက်တာဗျာ။ စကားတောင် မဆုံးလိုက်ပါဘူး။

"ဒုန်း"

ကျောက်သင်ပုန်းကိုရော၊ ကျောက်တံကိုရော သူ ယူလွှင့်ပစ်လိုက်တယ်။ ချိုစောင်းကို လှမ်းမခုတ်လိုက်တာဘဲ ကျေးဇူးတင်ရမှာပါ။

ကျောက်သင်ပုန်းကြီးကတော့ ကွဲမသွားဘူး။ အစွန်းမှာ နည်းနည်း ပဲ့သွားတယ်။ ကျောက်တံကတော့ ဘယ်ရောက်သွားမှန်းကို မသိပါဘူး။

ကျောက်သင်ပုန်းကိုပဲကောက်ပြီး ကျွန်တော် ပြန်ပြေးခဲ့ရတယ်။ ကျွန်တော်တို့ခုံမှာတော့ ဖေယျက အကြိုမရှိတော့ဘူး။ အလံဖြူလေးကို ဝှေ့ယမ်းပြီး . . .

"ငါ လိုက်လာမလို့ဘဲ . . . "

အင်မတန်မောဟိုက်သွားပုံနဲ့ ခုံမှာ ကျွန်တော် ဝင်ထိုင်တော့ ဖေယျက ကျွန်တော့်ကို ယပ်ခတ်ပေးတယ်။

"သူငယ်ချင်းတွေပဲ တစ်ယောက်နဲ့တစ်ယောက် ညှာတာမှပေါ့"

လို့လည်း သူတို့ကြားအောင် အော်ပြောနေတယ်။

"အဲဒါပေါ့ သူငယ်ချင်းရဲ့"

"ဘာလဲ"

ဘာမှမဆိုင်တဲ့ စကားတစ်ခွန်းကို ကျွန်တော် ပြောလိုက်မိတယ်။

"ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရပြီဆိုတာ"

နှင်းနဲ့ကျွန်တော် စကားတွေအများကြီး ပြောကြပါသည်။ သူက အဖြူရောင်နှင်းဆီတစ်ပွင့်ကို ပန်ထား၏။ ခေါင်းကလေး ငဲ့စောင်းကာ ကျွန်တော့်ကို ပြုံးရယ်ပြသည်။ သိပ်ချစ်စရာကောင်းလေသည်။

မီးခိုးပွင့်တွေ မိုးလိုရွာနေသည်။ မီးခိုးပွင့်၏ရနံ့ကလည်း ပိတောက်ပန်းရနံ့လို မွှေးမြသင်းပျံနေ၏။ သူနှင့်ကျွန်တော် သောင်စပ်မှာ ယှဉ်တွဲကာ ထိုင်နေကြသည်။

မိုးပေါ်မှာ တိမ်ဖြူတွေက နူးညံ့စွာမျောရွေ့နေကြ၏။ အမျိုးအမည်မသိသော ငှက်ကလေးများ ခင်မင်ဖွယ်ရာ ပျံသန်းသွားကြ၏။

လေစီးထဲမှာ နှင်း၏နက်မှောင်သော ဆံကေသာများ လွင့်လူးနေ၏။ အနုပညာဆန်စွာ သူ သိပ်လှပါသည်။

"နှင်း"

"ဘာလဲ"

ထိုမျှအကျည်းတန်သော ခွန်းတုံ့ထူးသံသည် သူ့နှုတ်ခမ်းလွှာတို့၏ ဖန်တီးမှုအတတ်ပညာကြောင့် ချိုရိကြည်အေးနေသည်။

"နင် . . . ငါ့ကို ဂျိုကာလို့ မခေါ်နဲ့ဟာ . . . "

သူက နှာခေါင်းလေးရှုံ့ပြလေသည်။

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

ကျွန်တော်က ပြုံးလိုက်ပြီး သောင်ပြင်ပေါ်မှာ စာရေးသည်။ 'မောင်သီဟသစ်' ဟု ကျွန်တော့်အမည်ကို ရေးခြင်းဖြစ်၏။ သီဟကို မျဉ်းတားလိုက်ပြီး

"သီဟ လို့ခေါ်လေ"

"အိုး . . . မခေါ်ပါဘူး"

သီဟကိုဖျက်၊ 'သစ်' ကို မျဉ်းတားလိုက်ပြီး . . . .

"ဒါဖြင့် ကိုဖိုးသစ်လို့ ခေါ်မလား"

"မခေါ်ပါဘူး . . . . ဆို"

သူက ထိုသို့ ပေကပ်ကပ်လုပ်သောအခါ ကျွန်တော်က ပညာပြရပါတော့သည်။ သစ်ကိုပါ ထပ်ဖျက်ပစ်လိုက်၏။

"အဲဒါဆို ဒီလိုပဲ ခေါ်ချင်တယ်ဆိုပါတော့"

မောင်သီဟသစ် ဆိုသောနာမည်မှ သီဟသစ်ကို ဖျက်ပစ်လိုက်သော အခါ တစ်လုံးတည်းကျန်ခဲ့လေသည်။ သူက အမှတ်တမဲ့ဖြစ်သွား၍ မျက်ခုံးလေး တွန့်ချိုးကာ . . .

"မောင်"

သူ့နှုတ်မှ ရွတ်လိုက်၏။ ကျွန်တော်က အခွင့်အရေးကို လက်လွှတ်မခံဘဲ . . . .

"ဟေ . . . ."

ထိုအခါကျမှ သူ့မျက်နှာလေး ပန်းရောင်လက်သွားကာ . . . .

"ကြည့်စမ်း . . . . ကြည့်စမ်း . . . ."

ကျွန်တော့်ကျောကို သူ့လက်သီးဆုပ်လေးများဖြင့် တဝုန်းဝုန်းထုပါ တော့၏။ ကျွန်တော်က ကြည်ကြည်နူးနူးရယ်နေရင်း . . . .

"နာဝင်ကို ချိုသွားတာပဲဟာ"

"တော်ပါ"

သူက နှုတ်ခမ်းဖူးဖူးစူစူကလေးဖြင့် မျက်စောင်းထိုး၏။

မြတ်နိုးရင်နှင့်ဖွယ်ရာကောင်းလှသော သူနှင့် သူ့အရိပ်အရောင်များကို ဘဝနှင့်အမျှ ခံစားယူရင်း တစ်လောကလုံး ခရမ်းပြာသဲ့သဲ့လင်းသည်။

"ချစ်တယ် နှင်းရယ်"

မျက်လွှာချကာ သူခေါင်းကလေး ငုံ့သွားပါသည်။

"နှင်း"

တိုးညင်းစွာ ကျွန်တော် ထပ်ခေါ်မိ၏။ ဆံနွယ်ခက်မျှင်ကလေးများ ကို နှုတ်ခမ်းဖြင့် ဖိကိုက်ထားရင်းက ကျွန်တော့်ကို သူ ဖြည်းဖြည်းချင်း လှည့် ကြည့်၏။ ထိုအကြည့်သည် ကမ္ဘာပေါ်မှာရှိသမျှ ပန်းများအားလုံး ဖျတ်ခနဲ ပြိုင်တူပွင့်လာခြင်းနှင့် ညီမျှ၏။ ရင်ထဲမှာ လှိုက်ခါသွားမိသည်အထိ ကျွန်တော် ကြည်နူးခဲ့ရဖူးပါသည်။ ထိုအကြောင်းကို ကျွန်တော် မည်သူ့မျှ ပြန်မပြောခဲ့ပါ။ နားထောင်ရသူတိုင်းကလည်း အိပ်မက်မှန်းသိကြပါလိမ့်မည်။ ထိုသို့ဖြင့် . . .

ထိုသော မနက်ဖြန်ခါ၏ လရောင်ခြည်ဦးသည် ကုံကော်ဝတ်ဆံများ စိုလူးကာ စီးဆင်းကျလာပြီဖြစ်၏။

လရောင်မှိုင်းမှိုင်းများကြားမှ ပျံသန်းသွားလာနေကြသော မြူနှင်း ပြာပြာတို့က ပီပြင်စွာ မမြင်ရသည့်တိုင်အောင် သိပ်လှ၏။

တသုန်သုန်တိုက်သောလေစီးက ဘောင်မဲ့အလွှမ်းများကို နျူကလီး

ယားဖုံးတစ်လုံးလို ကျဲချ၏။ ဘဝမှာ တစ်ညလောက်တော့ ပေါက်ကွဲလူးလိမ့်ခွင့်ကို လိုချင်သည်။

ထိုညသည်လှ၏။ သို့သော် ထိုညသည် မလှပတော့ပါ။ ကောင်းကင်ဘုရား၏ လက်ချောင်းများကြားမှ လျှောဆင်းလွတ်ကျသော အနက်ရောင်ဖဲတစ်ချပ်ပမာ ထိုညသည် မိုက်မှောင်ခေါင်ခိုက်ကာ လှ၏။

ထိုညသည် ကခြေသည်အဆင်းကိုဆောင်ကာ မျက်နှာမှာဇာပဝါလွှမ်းထားသည်။ မျက်နှာကို လက်နှင့်အုပ်ထားလိုက်သည့်ကြားက ရှန်းတောက်သော သနပ်ခါးရနံ့ပါးပါးကလေးကို ရှူရှိုက်မိသည်။

လူမိုက်ကိုရှာသော် ရေထဲမှာတွေ့၏။ ထိုလူမိုက်က ထိုရေကို လက်ခုပ်ဖြင့် ဆယ်သောက်ပြန်၏။ထို့အတွက် သူ ဒူးထောက်ခဲ့ရသေးသည်။ သူ့အပါးသို့ ကျည်ဆန်မှန်ထားသော အိပ်မက်တစ်ခု ပြုတ်ကျလာသည်။ ထိုအိပ်မက်သည် ရင်ဟတ်တတ်ကွဲနေ၏။

အို . . . အိပ်မက်ရင်ကွဲ . . . .

* ထိုသို့ဖြင့်ပင် ငါတို့ဝေးကြတော့မည် ထင်ပါသည် ချစ်သူ . . .၊

* ငါတို့၏ခွဲခွာချိန်တွင် ကျောက်နှင်းဆီတို့သည် မြရွက်ကိုပန်ရင်း ခြောက်ပြန်လေထဲ ကြွေကျသွားကြလိမ့်မည်။ လောကသည် နီမှိုင်းနေအုံ့။ အရာရာသည် တုန်ဖျော့အိမင်းကာ ငါတို့ကို မျက်စိမှိတ်လိုက်ကြပါလိမ့်မည်။

* မြူတွေကို ဖွားခနဲဖောက်ခွဲရင်း ပြိုကွဲနေသော ဆောင်းရာသီသည် အဝေးခေါင်းလောင်းကို ကိုက်ချီပျံသန်းလာလိမ့်မည်။ ခေါင်းလောင်းသံကို ငါတို့ကြား၏။ သို့သော် ခေါင်းလောင်းသံသည် ငါတို့ကိုမကြား။ ခေါင်းလောင်းသံဖြင့် ငါတို့သွားကြမည်။ သို့သော် အတူကားမဟုတ်။ တစ်ယောက်တစ်နေရာစီ။

* ငါတို့ နှုတ်ဆက်ကြရလိမ့်ဦးမည်။ ထိုအချိန်သည် ပြတ်အံ့မူးမူး ဂစ်တာကြိုးကလေး၏ နောက်ဆုံးအချိန်နှင့် တူလိမ့်မည်။ အချို့က ငါတို့ကို သနားကြဦးမည်။ အချို့ကြောင့် ငါတို့လည်း သနားခံရဦးမည်။ ရာဇဝင်တွေက သူတို့၏မျက်နှာထက်မှာ အလံနက်ကို တစ်ဝက်စီလွှင့်ထူကြလိမ့်မည်။ ငါ့ရင်အုံသည် တောင်ကုန်းကမူမဟုတ်။ သို့သော် ထိုအလံက ငါ့ရင်အုံမှာစိုက်ပြီး ပျံလိမ့်မည်။ သေချာနေခဲ့ပြီ။

* တိမ်ခက်တို့သည် မလှပ၊ ဆောက်ချက်လွန်ထားသော ပန်းပုရုပ်ကို အပြာရောင်သွေးတွေစိုသည်။ ဖရိုဖရဲနှင့် ကောင်းကင်မှာ ကျကွဲသည်။ ငါ ပြော

ချင်သော စကားတစ်ခွန်းရှိ၏။ သို့သော် ထိုစကားသည် ရင်ဘတ်ဆောင့်တွန်းခံရပြီး လဲကျသွားသည်။ ငါ . . ဘာမှမပြောဖြစ်တော့။ မတ်တတ်ရပ်ပြီး လမ်းမှာရယ်မည်။ အက်ကွဲစွာ . . . .။

* ငါထူသော ကံကော်ကျောက်တိုင်တစ်ခု ရှိသည်။ ထိုကျောက်တိုင်သည် အကိုင်းဖြာ၏။ အပွင့်ဝေ၏။ ငါက မခူး။ ထို့ကြောင့် ငါ့ကို ခူးကြပြီ။ ဆောင်းလက်ချောင်းများနှင့်ပင် ငါ ဆုတောင်းဖူးပြန်၏။ သို့သော် ငါ့အတွက်ပွင့်သော တံခါးတို့မရှိကြ။ ငါမှောင်သည်။ ငါ လွမ်းသည်။ အိုဘယ့်ချစ်သူရယ်ဟု ငါ မြည်တမ်း၏။ ထို့နောက် ငါ့နှုတ်ခမ်းကိုသာ ငါကိုက်ထားရတော့သည်။

* ချစ်သူ၏မျက်တောင်နက်သည် ငါ့အတွေးတွေကို အုပ်စိုးသောမိုးစားတစ်လက်ဖြစ်၏။ ငါ . . . အခါခါရိုက်ျိုးရင်း ပျော်မွေ့ခဲ့ဖူးသည်။ ခုအခါငါ့ဒဏ္ဍာရီတစ်ပုဒ် မီးလောင်၏။ မှော်ပညာမြောက်သော မျက်ရည်အစက်စက်တို့က ကောင်းကင်အထပ်ထပ်ဖြင့် ငါ့ကိုရွာသည်။ မီးငြိမ်း၏။ သို့သော် ငါကားမငြိမ်းတော့ချေ။

* လေဆန်တွေတိုး၏။ ဂြိုဟ်တွေအုပ်စုလိုက် ကြွေ၏။ ရွှေဖိနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး ငါ့ကို စတေးထားခဲ့ပြီလား။ ငါသည်ငါ့ဒိုင်ယာရီကြားမှာ ပြန်ညပ်နေသော ဝါးရွက်ခြောက်ကလေးသာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အသေခံပြီး ငါ ဆက်ချစ်သွားဦးမည်။ အို . .ချစ်သူ . . . ဒီခင်တန်းမှာ ချမ်းမြေ့ဖြူစင်ပါစေ။

* သစ္စာတွေ ငါဆိုမည်။ အလင်းလျော့ပြေချိန်တွင်းမှာ 'နှင်းရေ . . . နှင်းရဲ့ . . .'ဟု အော်ပစ်လိုက်မည်။ 'ရင်ကွဲသံ' ဖြစ်၍ ဗျပ်စောင်းတို့ဖြင့် ခြံရံသည့်တိုင် ချိုမည်မထင်။ လူ့သမိုင်းထဲက အကျအဆုံးနည်းနည်းနဲ့ စစ်ရှုံးခဲ့သမျှ ငါတို့ထက် ကံကောင်းကြ၏။ ငါတို့အတူ ရပ်နေကြမည်။ သို့သော် ငါတို့မတူခြားနားစွာ ရပ်နေကြခြင်းလည်း ဖြစ်မည်။ အို . . . ချစ်သူ . . .

***ခွဲကြတော့မည်လား၊လက်တွဲမဖြုတ်ခင်အထိတော့လက်ချင်းမြဲမြဲဆုပ်ခဲ့ချင်သည်။** ရင်ခတ်နှုတ်ခမ်း အလွမ်းဆံမျှင်တို့လည်း ပျံ့လွင့် . . .၊ ထိုသို့ဖြင့်

* ငါနှင့်ချစ်သူသည် . . .

ဘာမှတော့ မဟုတ်ပါဘူး . . .။ သူ့ခေါင်းမှာ ပန်းနုရောင်လေးကို ကျွန်တော် စည်းနှောင်ပေးတော့ သူဟာ မျက်လွှာချထားရင်း ငြိမ်သက်နေတယ်။ လေတွေ တသုန်သုန်တိုက်နေရင်း ပန်းရနံ့တစ်ခုက 'ရင်ထဲခိုက်အောင် မွှေးခဲ့လေ

ရဲ့။ ညနေဟာ အလင်းပြာတွေနဲ့ ညို့ဝေ ...။ ဘာစကားမှလည်း မပြောဖြစ်ကြပါဘူး။ သူ ... ပြန်သွားတော့ ကျွန်တော် ကျန်ရစ်စေ ...။

နှင်းရေ ...

ခေါင်းညိတ် ခေါင်းခါ
မျက်နှာလွှဲဖယ်။

ပင့်သက်တိုးတိတ်
နှုတ်ဆိတ်နေမယ်

အမြင် အကြည့်
မယှဉ်မိကြောင်း
သခင် ... သိရင် ပျော်ပါတယ်။

၁၆

# ကျွန်တော်နှင့်ဓနောင်ကချေသည်

မေး။ ငါနမ်းချင်တဲ့ ကံကော်ရေ
မင်း ... ပွင့်နေပြီလား။

ဖြေ။ .... .... .... ....

ဥာဏ်စမ်းပုစ္ဆာ

သူ့အကြောင်းတွေ ကျွန်တော်တွေးတယ်။ သူ့ကိစ္စကို ကျွန်တော် စဉ်းစားတယ်။ အချိန်တိုင်း ခေါင်းထဲမှာ ရှိနေအောင်လည်း ကိုယ့်ကိုယ်ကို သတိပေးထားတယ်။ ဘယ်လောက်အထိလဲဆိုရင် ... အိမ်သာသုံးစက္ကူမှာတောင် သူ့နာမည်ကိုရေးထားတယ်။ အိမ်သာထဲမှာထိုင်၊ စက္ကူပေါ်က သူ့နာမည်လေးကိုဖတ်၊ စိတ်တိုင်းကျကျ သူ့ပြဿနာကို ဆင်ခြင်တယ်။ ပြီးတော့ ...ရုပ်ပိုင်းကျကျ အဲဒီစက္ကူကို အိမ်သာသုံးခဲ့ပြီးတော့ ပြန်ထွက်လာတယ် ။ သူ 'ပေ'သွားလားတော့ မသိဘူး။ ဒါပေမဲ့ စေတနာကိုသိရင် သူ ခွင့်လွှတ်မှာပါ။

**ပ န် း ခေ တ် လ မ င် း စ ၁ ၄ ပ**

အိပ်မက် – တစ်

အဲဒီညက မိုးလင်းခါနီးအထိ အိပ်မပျော်ဘူး။
အိပ်ပျော်တော့ အိပ်မက် မက်တယ်။
အိပ်မက်ထဲမှာ ကျွန်တော်က စက်ဝိုင်းကြီးတစ်ခုကို
တောင်ပေါ် တွန်းတင်သွားတယ်။
တောင်ပေါ်ရောက်တော့ တောင်အောက်ကို
ပြန်လှိမ့်ချတယ်။
စက်ဝိုင်းကြီးက ကျွန်တော့်ကို
စိတ်ပျက်လက်ပျက်ပြောတယ်။
"မင်းတို့ 'လူ'ဆိုတဲ့သတ္တဝါတွေဟာ အတော်ညစ်စုတ်တာပဲ"
"ဟင် … ဘာဖြစ်လို့လဲ"
"သူများတစ်ဖက်သားကို တွန်းတင်လိုက်၊ တွန်းချလိုက်နဲ့
ဒါကြောင့် မင်းတို့တွေ ည … ည အိပ်မပျော်တာ"
တဲ့ …။

အိပ်မက် – နှစ်

ကျွန်တော် အရူးတစ်ယောက်နဲ့ တွေ့တယ်။
မေးကြည့်မိတယ်။
"အချစ်ဆိုတာကို ခင်ဗျားသိလား"
"သိတော့ သိတယ်၊ ဒါပေမဲ့ ပြောမပြတတ်တော့ဘူး"
"ဘာဖြစ်လို့လဲ"
"အဲဒါကို သိပြီးကတည်းက ငါ ခုလို ရူးသွားတာပဲ"
လန့်နိုးတော့ ကျွန်တော်တောင်
ညဥ့်တော်တော်နက်နေပြီ။

ကျွန်တော် သူ့ကိုချစ်မိနေပြီ။
ရိုးရိုးလား … ဆန်းဆန်းလားတော့ မတွေးတတ်ဘူး။
မောင်နှမချစ်ထက် 'တစ်' ပဲ ပိုတာပါ။

ပ န် း ခေ တ် လ မ င် း စ ၁ ေ ပ

အောက်ပါအတိုင်းပေါ့။

၅၂၈ + ၁

အိပ်မက် – လေး

"တစ်နေရာမှာတော့ မှားနေပြီ"
ကျွန်တော် အဲဒီလိုပြောတော့ ကမ္ဘာစောင့်ဘိုးဘိုးကြီးက ပြုံးတယ်။
"တစ်နေရာမှားတယ်ဆိုတော့ ကျန်တဲ့နေရာတွေက မှန်တယ်ပေါ့"
"အင်း"
"အဲဒါဆို ... မှန်တဲ့နေရာတွေကို မှန်ကြောင်း သေချာအောင် စစ်ဆေးလိုက်ပေါ့ ... မှားတဲ့နေရာက ထင်ရှားလာလိမ့်မယ်"
ကမ္ဘာစောင့် ဘိုးဘိုးကြီး ပြန်သွားတယ်။
ကျွန်တော် ကျန်ရစ်တယ်။
တွေ့ပြီ။
နောက်ဆုံးကျတော့ ... မှားတာက ကျွန်တော်ပဲ ဖြစ်နေတယ်။
"တော်ပြီ"

၁၁

# ပန်းခေတ်ကလမင်း

ပထမအကြိမ် ကြည့်လိုက်မိတုန်းက လမ်းရဲ့တစ်ဖက်တစ်ချက်မှာ ညီညာနွယ်ယှက်နေတဲ့ အလေ့ကျ သစ်ပင်တွေကိုသာ တွေ့လိုက်မိတယ်။ အဲဒီ သစ်ပင်တို့ရဲ့ လက်တံတွေမှာ မီးလောင်နေတဲ့ ပန်းတစ်ပွင့်စီကို ဆုပ်ကိုင်ထား ကြတယ်။

ခေါင်းကို ဖြည်းဖြည်းချင်း ခါရမ်းပြီး ဒုတိယအကြိမ်မြောက် ကိုယ် ပြန်ကြည့်တဲ့အခါကျမှ မီးသီးတပ်ထားတဲ့ ဓာတ်တိုင်တွေပါလားဆိုတာကို အမှန် အတိုင်း မြင်ရတော့တယ်။ ကိုယ်ကတော့ သက်ပြင်းကိုချ၊ လက်နဲ့ယူမ,ထားတဲ့ အရက်ခွက်ကို မသောက်ဖြစ်ဘဲ စားပွဲပေါ်ပြန်ချလိုက်တယ်။

ကိုယ့်အာရုံထဲက အမြင်မှာတော့ လမ်းကလေးဟာ တသွင်သွင် စီး နေတယ်။ မဆုံနိုင်သော လမ်းကလေးပေါ့။ကိုယ် စိန်ခေါ်ပြုံး ပြုံးမိချိန်မှာပဲ ခန္ဓာ ကိုယ်ထဲက သွေးတွေဟာ တဝုန်းဝုန်းဆူပွက်စပြုလာတယ်။ ကိုယ်မကြောက်ပါ ဘူး။ ရင်ထဲက လမ်းလောက် ဘယ်လမ်းကမှ မရှည်ပါဘူးကွယ်။

လမ်းကလေးဟာ နေရာများစွာ ဖြတ်သွားလိမ့်မယ်။ လမ်းလျှောက် ကြတဲ့ လူတွေဟာ သူတို့ရဲ့ ဆိုင်ရာနေရာတွေမှာရပ်၊ အိမ်ပေါ်တတ်လို့ ဒီညကို အိပ်မက် မက်ကြဦးမယ်။ ကိုယ်ကတော့ အိပ်ရာမဲ့သူပေါ့။ လမ်းကလေးမဆုံး

သရွေ့ ဒီခြေထောက်တွေနဲ့ ရွှေ့နေရဦးမယ်။ ကျောက်စရစ်တို့ကျောပြင်မှာ အိပ်မက်နဲ့မောင်းတဲ့ ယာဉ်ကလေးကို ကြယ်စင်တွေကိုကြည့်ပြီး ခရီးသွားရဦးမယ်။

ဘာပဲဖြစ်ဖြစ်၊ ဗင်းဆင့်ဗန်ဂိုးရဲ့ စကားအတိုင်းပေါ့။ သစ်ပင်မဟုတ်ဘူး၊ ဒါပေမဲ့ စိမ်းလန်းရှင်သန်နေမယ်၊ ပန်းပွင့်မဟုတ်ဘူး၊ဒါပေမဲ့ ဖူးပွင့်ဝေဆာနေမယ်၊ ရပါတယ်။

ဆိုင်ထဲမှာတော့ ပုလင်းသံ၊ ဖန်ခွက်သံနဲ့ စကားသဲ့သဲ့ ပြောသံတွေ ဆူဝေနေတယ်။ တိုင်ကပ်နာရီကြီးက ပျင်းရိပျင်းတွဲ လည်ပတ်ပြီး ကျပ်ခိုးစော်ကလည်း ခပ်ညီညီနံနေတယ်။ နံရံမှာချိတ်ထားတဲ့ နတ်သမီးပြက္ခဒိန်မှာ ကိုယ့်ရဲ့ နေထွက်ချိန်ကိုတောင် သွားကြည့်ချင်သေးရဲ့ ...ဒါပေမဲ့ ...

ကိုယ်နဲ့ တစ်စားပွဲတည်းသောက်နေတဲ့ လူရှေ့ကို ကိုယ့်ပုလင်း တွန်းပေးလိုက်တယ်။

"ဒါတွေကို အစ်ကိုကြီးပဲ ရှင်းပစ်လိုက်ပါဗျာ"

"ဟင် ဘာလဲ"

သူ အံ့ဩသွားတယ်။ သူနဲ့ကိုယ်နဲ့မသိပါဘူး။ ကိုယ့်ပုလင်းကလည်း တစ်စက်မှ မသောက်ရသေးဘူး။ ကိုယ်က ထိုင်ရာက ထလိုက်ပြီး ဘာမှမထူးဆန်းသလို သူ့ကို ပြောလိုက်တယ်။

"ကျွန်တော် သောက်ချင်စိတ် မရှိတော့လို့ပါ"

"ဩော် ...အင်"

သူက အားနာတတ်ပုံရတယ်။ ကိုယ့်ဆီ စားပွဲထိုးကလေးက ငွေယူဖို့ ရောက်လာတော့ ကပျာကယာ ဝင်ပြောတယ်။

"ထားသွားလိုက်လေ ... ၊ ညီလေးလည်း သောက်တာ မဟုတ်ဘဲနဲ့ အစ်ကိုပဲ ရှင်းလိုက်ပါ့မယ် ..."

ကိုယ်က ခေါင်းခါပြီး 'ရပါတယ်' လို့ပြောလိုက်တယ်။ ပိုက်ဆံရှင်းပြီး ဆိုင်ထဲကထွက်တော့ လေပြည်အေးစက်စက်က ရင်ခွင်ကို ဖျန်းခနဲလာပက်တယ်။

အချိန်ကာလက ညဥ့်တစ်ဝက်ကျိုးစ ပြုတော့မယ်။ လမ်းပေါ်မှာ လူသွားလူလာ ကျဲပါးပြီး မီးလုံးတွေရဲ့ ဝါဖန့်ဖန့်အလင်းရောင်ဟာ ကဗျာမဆန်လှဘူး။ အပင်း ... ကိုယ့်ဒိုင်ယာရီထဲမှာတော့ ကိုယ်ပဲ သူရဲကောင်းကြီးပြန်ဖြစ်ခဲ့သူလေ။ ဂျာကင်အိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး ခရီးဆောင်လွယ်အိတ်တစ်လုံး

နဲ့ လမ်းလျှောက်နေတယ်။

ခတ်တိုင်အောက်မှာ ရပ်လိုက်တယ်။ လမ်းဘေးမြက်တောထဲက ပုဇဉ်းရင်ကွဲတစ်ကောင်က စူးစူးဝါးဝါး ထိုးအော်တယ်။ မိုးပေါ်ကို ကိုယ်မော့ကြည့်နေမိတယ်။ ကြယ်တွေကို ကိုယ်ကမြင်ပေမယ့် ကြယ်တွေကတော့ ကိုယ့်ကိုမြင်မှာမဟုတ်ဘူး။ ကိုယ် ဘယ်သွားမလဲ၊ စိတ်ဟာ ဝေခွဲရင်းက လွင့်ပျံ့နေတယ်။

တိတ်ဆိတ်တဲ့ညမှာ ကြာမြင့်စွာ ကိုယ် ရပ်နေမိရဲ့။ မြူကြွေကျသံကိုတောင် နားထဲမှာ တဖွားဖွားကြားနေရတယ်။ အဲဒီလိုနဲ့ မြက်ပင်ရှည်တို့ ညဥ့်လေမှာ ယိမ်းခတ်လွန်းထိုးနေကြဆဲ။

"ညီလေး"

"… … …"

ဆိုက်ကားတစ်စီးက ကိုယ့်ရှေ့ရောက်နေပြီး ဆိုက်ကားစီးလာတဲ့လူက ကိုယ့်ကိုခေါ်တယ်။ ဆိုက်ကားသမားကိုလည်း သူက ရပ်ခိုင်းနေတယ်။ တစ်ချက်စိုက်ကြည့်ပြီးမှ ကိုယ် မှတ်မိလိုက်တယ်။ အရက်ဆိုင်မှာ ကိုယ်နဲ့ တစ်စားပွဲတည်း ထိုင်ခဲ့တဲ့လူပဲ။

သူက ကိုယ့်ကို ထပ်ခေါ်တယ်။

"ညီလေး"

"ဟင်"

"ဘယ်သွားမှာလဲ၊ ဒီမှာ ဘာလုပ်နေတာလဲ"

"ဩော် … လမ်းလျှောက်ရင်း ညောင်းလို့ နားနေတာပါ"

"လာလေ … ဆိုက်ကားပေါ်တတ်၊ညီလေး သွားမယ့်ဆီလိုက်ခဲ့ပေ့၊ ရပါတယ် ညီလေးရာ"

"ဟင့်အင်း နေပါစေ၊ ကျွန်တော် လမ်းပဲဆက်လျှောက်ပါ့မယ်"

သူက ကိုယ့်ကိုကြည့်ရင်း ပြုံးတယ်။

"လမ်းလျှောက်ဖို့က အချိန်မရှိတော့ဘူး ညီလေးရဲ့"

ကိုယ်က ပေကပ်ကပ်နဲ့ ခေါင်းခါပြလိုက်တယ်။

"လမ်းလျှောက်တာပဲ၊ လမ်းနဲ့ခြေထောက်ရှိရင် ပြီးတာပဲ၊ အချိန်ရှိစရာမလိုပါဘူး"

သူ့အပြုံးက ပိုပြီး ကြည်လင်လာတယ်။ နူးညံ့သိမ်မွေ့တဲ့ လေယူလေသိမ်းတစ်ခုနဲ့ 'ဟက်'ခနဲ ရယ်လိုက်ရင်း 'လာပါ ညီလေးရဲ့၊ ဆိုက်ကားပေါ်

တက်၊ ကိုယ့်အိမ်မှာ လိုက်တည်းလိုက်၊ အစ်ကို ရိပ်မိပါတယ် ...။ ဆိုင်ထဲမှာ ကတည်းက မင်းကို အစ်ကို အကဲခတ်နေတာ"

ကိုယ်က မျက်မှောင်ကြုတ်လိုက်မိသေးတယ်။ ဘာရိပ်မိတာလဲ ...။ ဒါပေမဲ့ မမေးတော့ပါဘူး။ သူ့မျက်နှာက ရိုးသားကြည်လင်တာကို ကိုယ်ခံစား ရတယ်။ အဲဒါနဲ့ပဲ ကိုယ် ဆိုက်ကားပေါ်က တက်လိုက်တယ်။

ဆိုက်ကားပေါ် စီးမျောလိုက်ပါသွားရင်း 'ညရဲ့အလင်း' ဆိုတဲ့ ပန်းချီ ကားတစ်ချပ်ကို စိတ်နဲ့ ဆွဲကြည့်နေလိုက်တယ်။ ကျန်တာတွေသွား၊ အားလုံးကို ကိုယ်မေ့ထားလိုက်ပြီကွယ်။

အဲဒီနံနက်ဦးမှာ မိုးမြူတွေ တလူလူ ငွေ့အိမ်ဖွဲ့နေကြတာကို ကိုယ် မှတ်မိသေးပါရဲ့ ချစ်သူ။ လေပြည်ကလည်း ဆွတ်ဆွတ်ရှရှ၊ ပတ်ဝန်းကျင်မှာ လည်း ကြယ်အိုရောင်တွေ အုံဝေလင်းပျလို့။

အဲဒီညမှာ ကိုယ် မအိပ်ခဲ့ရပါဘူး။ ကိုယ်ရေးတဲ့ ကောက်ကြောင်း များစွာနဲ့ ကိုယ်ပြန်ပြန်ပိမိတဲ့ ညပါပဲ။ အရုဏ်ပွင့်ထွက်လာတော့ ဝါရွှေဖြော့ဖြူး တဲ့ လမ်းကလေးအတိုင်း ကိုယ်လျှောက်ထွက်လာခဲ့မိတယ်။ စံပယ်ပန်းတွေ တဝင်းဝင်းနဲ့ ပတ်ဝန်းကျင်ဟာ ဖွေးလင်းတောက်ပနေတယ်။ အဲဒီလို လမ်းတွေ များစွာထဲက လမ်းကလေးတစ်ခုမှာ ချစ်သူကို ကိုယ် ရိုးရှင်းစွာ စ တွေ့ခဲ့ရပါ တယ်။

"ကျွန်တော် ကူညီပေးချင်ပါတယ်"

ကိုယ်က တိုးတိုးကလေးပြောလိုက်တော့ ငုံ့ငုက်ထားတဲ့ ချစ်သူရဲ့ ဦးခေါင်းဟာ ဖြည်းဖြည်းချင်း မော့လာတယ်။

"ကျွန်တော် လုပ်ပေးပါ့မယ်၊ ဘေးဖယ်လိုက်ပါ"

စက်ဘီးချိန်းကြိုးကျတာကို လုပ်ရကိုင်ရ ခက်ခဲနေတဲ့ ချစ်သူဟာ နံဘေးကို ခွာရပ်ပေးပါတယ်။ ဆံနွယ်မျှင်တွေကို သပ်တင်ရင်း ကိုယ့်ကိုလည်း မယဉ်မရိုင်းကြည့်တယ်။ လှပရဲရင့်တဲ့ ချစ်သူ့မျက်နှာကလေးကြောင့် ကိုယ့် နှလုံးသွေးတွေ အေးစက်ရပ်တန့်သွားမိသေးတယ်။

ကျီးမနိုးသေးတဲ့ နံနက်ခင်းတစ်ခုမှာ နှစ်ပေါင်းများစွာ အိပ်နေတဲ့ နှလုံးသားလေး အထိတ်တလန့် နိုးလာပါတယ်။ ကောင်းကင်မှာ ကြယ်တွေ အလျားလိုက်ကြွေပြီး မြေပြင်မှာ သစ်ပင်တွေ သက်ဝင်ကခုန်ကြသလို ခံစားရ

တယ်။ ကိုယ်က ချစ်သူ့စက်ဘီးကလေးကို ချိန်းကြိုးတင်ပေးနေပြီး ချစ်သူက ဘေးက ရပ်ကြည့်နေတယ်။ ကိုယ်ရယ်၊ ချစ်သူရယ်၊ စက်ဘီးကလေးရယ် ...။ တစ်လမ်းလုံးမှာ ဒါပဲရှိပါတယ်။

"ကျေးဇူးပဲနော်"

ကျေးဇူးတင်စကားကို ခပ်ဝါးဝါးကလေး ပြုံးရယ်ပြောဆိုပြီး စက်ဘီးကလေးနင်းလို့ ချစ်သူထွက်သွားတော့တယ်။ ငေးကြည့်ရင်း ကျန်ခဲ့တဲ့ ကိုယ့်အတွက် မိုးမြူတွေက တစ်စက်ချင်း စီးကျနေတယ်။

ကိုယ် မမေ့ပါဘူး။

နှလုံးသားဟာ ယဉ်ယဉ်လေးနဲ့ ရူးသွားပြီ ချစ်သူ။

အဲဒီ ကာလထဲမှာပဲ ကိုယ်တို့ရဲ့ ရန်ကုန်မြို့တော်ကို မုတ်သုန်လေတွေကလည်း တငြိမ့်ငြိမ့်စီးပြိုနေခဲ့တယ်။ ချမ်းစက်နေတဲ့ ဩဂုတ်စ်(August)ရဲ့ နှောင်းပိုင်း နံနက်တစ်ခုမှာ ချစ်သူကို ကိုယ်တွေ့ခဲ့ရတာပါ။ အီဂျစ်တို့ရဲ့ နက္ခတ်ဂြိုဟ်အိမ်အရ ကန်ရာသီမှာ တွေ့ခဲ့ရသူမို့ ချစ်သူကို ကိုယ်က ဗားဂျင်း(Virgin)လို့ အမည်ပေးခဲ့ရတယ်။

ကိုယ်က တစ်ရွာသားပါ ချစ်သူရယ်။ မကျွမ်းကျင်တဲ့အရပ်မှာ လမ်းတွေလည်း မလျှောက်တတ်ခဲ့သူပါ။ ကိုယ်တည်းတဲ့အိမ်က သူငယ်ချင်းကို မေးကြည့်တော့ သူလည်း ချစ်သူကို မသိဘူးတဲ့။ အဲဒီလိုနဲ့ ကိုယ့်ဘဝရဲ့ နောက်ပိုင်းနေ့ရက်တွေမှာ မိုးတွေသာ အုပ်အုပ်သည်းသည်း ရွာလာခဲ့တယ်။

နေအခါခါထွက်လို့ စံပယ်တွေလည်း မွှေးတသက်သက်ဝေခဲ့တယ်။ ကံနဲ့ဆောက်တဲ့ ဝဏ်ဘာမှာ ချစ်သူနဲ့ကိုယ်ကတော့ ပြန်မဆုံကြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ချစ်သူရယ်။

ကိုယ်ကတော့ မင်းကိုလွမ်းလို့ နေပါတယ်။ တစ်ခါတစ်ခါမှာလည်း ကိုယ်ဟာ ကဗျာတစ်ပုဒ်ကို မပီဝိုးဝါး ရွတ်ဆိုနေတတ်တယ်။

ရင်မှာလွမ်းရင်
မျှော်တိုင်းမြင်လွန်းလို့
လက်ညှိုးညွှန်ရာ
သူဖြစ်ပါစေသား အရှင်ဘုရား …။

"ကကြီးကနေ အ အထိ ဗျည်း ၃၃ လုံးထဲမှာလေ"
"အင်း"
"မိုးစံက ဘယ့်ကောင့်ကို အချစ်ဆုံး ဘယ်ကောင့်ကို မချစ်ဆုံးလဲ"
"အယ်"
မိုးစံငြိမ်သွားတယ်။ ပြီးလည်း ပြီးရော။
"ကိုဆက်ကကော"
"ကိုယ်က ဏ ကြီးကို မချစ်ဆုံးပဲ"
"ဘာဖြစ်လို့လဲ ကိုဆက်ရဲ့၊ ဂဏန်းကြီးနဲ့ တူလို့လား"
"ဟင့်အင်း မဟုတ်ဘူး၊ သူနဲ့ဖွဲ့တဲ့ စာလုံးတွေကို မကြိုက်လို့"
"ဘယ်လို"
"ဒီလိုလေ ကိုယ်မကြိုက်တဲ့ ဝေါဟာရ တော်တော်များများက ဏကြီးနဲ့ဖွဲ့ထားတယ်။ ဥပမာ ပါဏာတိပါတာ တို့၊ ပုဏ္ဏားတော်တို့၊ ဒဏ်ရာတို့၊ အာဏာတို့၊ မဏ္ဍာပ်တိုင်တို့ အဲဒါမျိုးပေါ့။ ကိုယ်မုန်းတဲ့ စာလုံး တော်တော်များများက ဏကြီးနဲ့ရေးတယ်၊ အဲဒါကြောင့် ကိုယ် ဏ ကြီးကို မချစ်ဆုံးဘဲ"
မိုးစံ ခေါင်းကလေး ညိတ်လိုက်ပြီး …
"အင်းနော် … ကိုဆက် အချစ်ဆုံးကကော"

"အဲ အချစ်ဆုံးကတော့ ဝလုံးကလေးပဲ"

"အဟင်း ဟင်း ဘာဖြစ်လို့"

"ရိုးသားဖြူစင်တယ်လို့ ခံစားရလို့"

"အဟင်း ဟင်း"

မိုးစံသဘောကျနေတယ်။ သူလည်း မျက်လုံးကလေးမှေးပြီး စဉ်းစားနေတယ်။ မျက်တောင်ရှည်ကြီးတွေက ကော့လို့။ ခဏကြာမှ အဲဒီမျက်တောင်တွေကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ...

"မိုးစံက တ တလင်းချိတ်ကို အချစ်ဆုံးပဲ"

ကိုယ် ဟိုက်ခနဲ အော်လိုက်မိသည်။

"အဲဒီ ကောင်ကြီးကို လူတွေ သိပ်မရေးတတ်ကြဘူး သိလား"

"အဟင်း ဟုတ်တယ် အဟင်း"

"ကိုယ့်မျက်စိထဲမှာတော့ အဲဒီကောင်ကြီးက ကလန်ကလားကြီး ဖြစ်နေတယ်"

မိုးစံက ရယ်တယ်။ "ကိုဆက်ကလည်း...' တဲ့။

"ဘာဖြစ်လို့ ချစ်တာလဲ"

"ဒီကောင်ကြီးက ခံ့တယ် ကိုဆက်ရဲ့..."

"အင်း"

"သူနဲ့ရေးရတဲ့ ဝေါဟာရတွေကလည်း အလှအခံ့တွေချည်းပဲ"

"ဘာတွေကို ပြောတာလဲ"

"ပိဋကတ်တို့၊ မဏ္ဍိုမပဋ္ဌိုပဒါတို့"

"အင်း ဟုတ်သားပဲ"

နောက်တော့မှ ကိုယ်တစ်ခုကို သတိရပြီး ထအော်လိုက်တယ်။

"ပဋ္ဌိသန္ဓေ ပဋ္ဌိသန္ဓေ"

မိုးစံက ကိုယ့်ကို မျက်စောင်းထိုးလို့ ကိုယ် ပြန်ငြိမ်နေလိုက်ရတယ်။

ငါကတော့ မြက်ဖိနပ်နဲ့
ဒါပေမဲ့
မြင်းမိုရ်တောင်ကိုလည်း လိုက်တက်ခဲ့မယ်။
သွားနှင့်ကြပါ။

**ပ န် း ေ ခ တ် လ မ င် း စ ၁ ေ ပ**

ဟိုးမှာ ...
ဘုရားသခင်ရှေ့တော်မှောက်က
အိပ်မက်တွေ ဒူးထောက်လဲကျနေတဲ့လူ
သူ့ကို ကူပါရစေဦး
ငါ့ရှင်တို့က ဘာလဲ
ငါက ဘာလဲ
နာမည်တွေ မြေကြီးပေါ်ပစ်ချပြီး
လှလှပပ ပြိုင်ရဲပါတယ်။
တစ်နေ့တော့ တွေ့ကြမယ်။
နှစ်ဖက်သွားဓားတစ်လက်လို
ပြုံးပြက်ဝင်းဖိတ်
သုညဂူမှာလည်း ငါ မှေးအိပ်ခဲ့ပြီးပြီ။
အိမ်အပြန်လမ်း
အမေနဲ့တွေ့မှ နမ်းမယ့်
ငြိမ်းချမ်းရေးနှင်းဆီ
ငါ့ရင်ဘတ်မှာ
သွေးတစ်စက်လို နီနေတယ်။

ချစ်သူကလေးရေ ...
မြို့တံခါးကိုဖွင့်
မီးအိမ်တို့နှင့်အတူကြိုပါ ...
လရောင်စက်တဝေဝေနဲ့

သင့်ရဲ့ နွေရာသီမြင်းစီးခရီးသည်
ရူဝံထက်မြင့်တဲ့ကြယ်ကို
ခူးယူလာမှာပေါ့ကွယ် ...။

အပြင်ဘက်မှာ နှင်းတွေ ကျနေတုန်းပဲလား။ နွေရာသီ ရောက်ပြီလား။ ဆောင်းနှင်းရာသီထဲမှာပဲလား။ အခုကတော့ နေ့လား ညလား ကိုယ် ဘာကိုမှ မသိတော့ဘူးကွယ်။

ကိုယ့်ရင်ထဲမှာမောပြီး ကိုယ် အသက်ရှူရတာကြပ်နေတယ်။ မျက်လုံးတွေကလည်း ကျိန်းစပ်နေပြီး ဘာကိုမှ ကြာကြာမကြည့်နိုင်ဘူး။ မျက်ရည်ပူတွေကျ ကျနေတယ်။ ချောင်းဆိုးရင် ရင်ခေါင်းတစ်ခုလုံး ဖြောင်းဆန်နာကျင်သွားတယ်။ ကိုယ့်အသားကို ကိုယ် ပြန်ကိုင်ကြည့်တော့ မထိမိသလို ထိမိသလို ထုံထိုင်းနေတယ်.။

ကိုယ် အသက်ကိုမျှင်းပြီး ရှုလိုက်တယ်။ မျက်လုံးကို ဖြည်းဖြည်းညင်းညင်းဖွင့်၊ ရှေ့တူရူကို ကြည့်၊ ပြင်းထန်တဲ့ စိတ်ဓာတ်နဲ့ အားယူစိုက်ကြည့်၊ တရွေ့ရွေ့ ကြည်လင်ပြတ်သား ခန္ဓာကိုယ်ထဲမှာ သွေးများဟာ ပူနွေးစရာလှည့်ပတ်စီးဆင်းလာတယ်။

"ဒီနေရာလေး မှေးမှိန်နေတယ်"

ပန်းချီကားကိုကြည့်ပြီး တစ်ယောက်တည်း စကားပြောနေမိတယ်။ ပန်းချီကားက တစ်ပိုင်းတစ်စပါပဲ။ ပြီးဖို့ အဝေးကြီးလိုသေးတယ်။ ကိုယ် ဒီပန်းချီကားကိုဆွဲတာ နေ့တွေ ညတွေတောင် ကြာလာခဲ့ပြီ။

ကိုယ် စုတ်တံကို ပြန်ချလိုက်တယ်။ ကြမ်းပြင်ပေါ်မှာ လှဲပြီး၊ ပန်းချီထဲကို အာရုံနှစ် ခံစားနေလိုက်တယ်။ အပျော့၊ အမာ၊ မျဉ်းနဲ့အရောင်၊ စိတ်ထဲမှာ ကြယ်တစ်ပွင့် ပွင့်သွားတယ်။

ခြောက်ကပ်ကပ်နဲ့ ရယ်ပြီး ကိုယ်လှဲနေရာက ထလိုက်တယ်။ ပန်းချီနဲ့ ပတ်သတ်တဲ့ အတွေးအခေါ်ကလေးတစ်ခု တွေးမိတယ်။ ကိုယ် တံခါးကိုတွန်းဖွင့်ပြီး အိမ်ကလေးရဲ့ အပြင်ကို ပြေးထွက်လာခဲ့တယ်။

ဒီပန်းချီကားကြီးကို ဆွဲရာမှာ ကိုယ့်စိတ်ဝိညာဉ် တစ်ခုလုံးကို သွန်မှောက်ဖျော်စပ်ပြီး ဆွဲနေခဲ့တယ်။ ပန်းချီနဲ့ပတ်သက်ပြီး ဘယ်သူမှ မတွေ့ရှိ

သေးတဲ့ ထူးခြားဆန်းပြားတဲ့ အယူအဆအသစ်ကလေးတွေကိုလည်း တစ်ခုပြီး တစ်ခု ရှာတွေ့နေတယ်။

ကိုယ်ပြေးနေရင်း မောလာတယ်။ ဒါပေမဲ့ ကိုယ်ရောက်ချင်တဲ့ တောစပ်ကို ရောက်လာပြီ။ အခု နေ့ခင်းကြီးပါလား။ ကိုယ် မူးရီနေလို့ သစ်ပင်တစ်ပင်ကိုမှီပြီး အတော်ကြာအောင် မှေးနေရသေးတယ်။ နောက်တော့မှ တောထဲကို တဖြည်းဖြည်း လျှောက်ဝင်လာခဲ့တယ်။

တစ်နေရာကျတော့ ... ကိုယ် ရပ်လိုက်တယ်။ လေက ညက်ညက်ကလေး တိုက်နေတယ်။ ကောင်းတယ်။ ကိုယ် ခေါင်းညိတ်လိုက်တယ်။ ရုပ်ဒြပ်တွေရဲ့ လှုပ်ရှားတုန်ခါမှုကို ကိုယ် ကြည့်ချင်သေးတယ်။ နောက်ပြီး အလင်းရောင်၊ အလင်းကို ကိုယ်ခံစားကြည့်ချင်သေးတယ်။ ကိုယ့်ကိုယ်ကိုယ် အလင်းရောင်တွေနဲ့ လိမ်းပြီးမှ တဲကလေးထဲကို စိမ်းစိမ်းလန်းလန်း ပြန်မယ်။ ကိုယ်ပြုံးမိတယ် ထင်တယ်။

ကိုယ် တောထဲမှာ အတော်ကြာကြာ နေလိုက်တယ်။

တဲကလေးကို ကိုယ် ပြန်ရောက်တော့ ထမင်းချိုင့်ရောက်နေပြီ။ ကိုသိန်း လာပို့သွားပြီပဲ။ အရင်နေ့တွေက စားဖို့မေ့နေတဲ့ ထမင်းဟင်းတွေကိုလည်း သူပဲ ပြန်သိမ်းသွားပြီ။ ကိုယ် ထမင်းချိုင့်ကိုဖွင့်ပြီး တစ်ဇွန်းစားလိုက်တယ်။ နောက်တစ်ဇွန်းအမြောက်မှာပဲ မစားရသေးခင် ကိုယ့်လက်တွေ ရပ်တန့်သွားတယ်။ မျက်လုံးတွေက ပန်းချီကားတွေဆီကိုရောက်ပြီး စဉ်းစားနေတယ်။

နောက်တော့ ဇွန်းကိုပြန်ချ၊ ပန်းချီကားဆီသွားပြီး စုတ်တံကို ပြန်ကိုင်နေလိုက်တယ်။ နောက် ကိုယ့်ပန်းချီကားကို ဆက်ဆွဲနေတယ်။ စိတ်ထဲမှာ ဘာကိုမှ မသိတော့ဘူး။

တစ်လောကလုံး မှုန်မှိုင်းပြီး လှိုင်းတွေက တလိပ်လိပ်ထန်နေတယ်။ ကြယ်တွေက လွတ်လပ်စွာ ပျံနေတယ်။ ပန်းတွေကလည်း ပွင့်ပြီးရင်း ပွင့်လို့။ ဟော စကြာဝဠာထဲမှာ မျောလာတဲ့အားတစ်ခု၊ နှအိရိုင်းသစ်ပြီး လှလိုက်တာ။ မြေပြင်က ရေပြင်ကြီးလို ပျောင်းအိပျော့တွဲကျ။ ကိုယ် တငြိမ့်ငြိမ့်နစ်မြုပ်သွားတယ်။

လေတွေက ပန်းချီကားထဲကို ဝင်တိုက်နေကြတယ်။ ပန်းချီဆွဲနေတဲ့ ကိုယ့်လက်တောင် လေစီးထဲ ပါ ပါသွားတယ်။ ပန်းချီကားပေါ်မှာ ကိုယ်ဆွဲချတဲ့ မျဉ်းကြောင်းကလေးက မြေအက်ကွဲကြောင်းကြီးဖြစ်လို့ ကိုယ့်လက်ကို မျိုချ ပြန်လေရော၊ ကိုယ် မောလိုက်တာ။

ကိုယ်မက်ခဲ့တဲ့ အိပ်မက်တွေက သံပြိုင်ဥသြဆွဲကြပြီ။ သူတို့တွေ အိပ်သွားပြီ။ သူတို့တွေ အိပ်ပျော်သွားပြီ။ အိပ်ပျော်နေတဲ့ အိပ်မက်တွေက ကိုယ့်ကို ပြန်လည်မြင်မက်ကြပြီ။

ငါ့ကောင်းကင်မှာ နက္ခတ်တွေ ကြမ်းပြီး
ငါ့လမ်းက တောင်ပြိုနေတယ်။

ငါ့နောက်ကို ဘယ်သူမှ မလိုက်နဲ့
ဖြစ်နိုင်ရင် ...
ငါ့အရိပ်ကတောင် ငါ့နောက်ကို မလိုက်နဲ့။

၁၆

# ပန်းလက်ဖဝါးမှာ ပါးအပ်ခွင့်မရှိတဲ့ကောင်လေး

ထူးဝေ

သူ့အကြောင်း စဉ်းစားရင်း ရင်ထဲမှာ ရှက်ရိပ်တို့ ပြာလဲ့လာတယ်။ ခုတော့ သူ့အကြောင်းစဉ်းစားရင်း ရင်ခုန်တတ်လာပြီ။ ဘာဖြစ်လို့လဲ။ အရင်ကနဲ့ ဘာကွာခြားခဲ့ပြီလဲ။ မသိဘူးကွယ်။ ခေါင်းအုံးမှာ မျက်နှာအပ်ရင်း တတ်နိုင်ရင် ကိုယ့်ကိုယ်ကို ဖွက်ထားလိုက်ချင်တယ်။

လိုချင်သူ ရှာပလေ့စေ့ပေါ့။

အချစ်ဆိုတာ လူငယ်တိုင်းမှာ ရှိကြမှာပဲ။ မျှော်လင့်ဖူးမယ်။ အများကြီး မျှော်လင့်ခဲ့ကြဖူးမယ်။ သနပ်ခါးရေကျဲလိမ်းထားတဲ့ ပါးပြင်ကလေးနဲ့ အိပ်ရာဝင်သီချင်းတွေဆိုကြ။ အဲဒီသီချင်းတွေထဲမှာ ချစ်သူအကြောင်း ပါဖူးကြမှာပေါ့။

လွယ်အိတ်ကလေးကို ပွေ့ပိုက်ရင်း၊ လပြည့်ညတွေမှာ လမ်းလျှောက်ထွက်ရင်း ပိတောက်ရနံ့သင်းတဲ့ လမ်းသွယ်ဖြူဖြူမှာ သူသူကိုယ်ကိုယ် လမ်းလျှောက်ဖူးကြတယ်။ သီချင်းတို့ကို ဖွင့်တတ်တဲ့ မြေစိုက်လက်ဖက်ရည်ဆိုင်တဲလေးထဲမှာလည်း ကိုယ်စီကိုယ်စီ လွမ်းမောရီဝေဖူးမယ်။

**ပ န် း ခ ေ တ် လ မ င် း စ ာ ပ ေ**

ဖြစ်ခဲ့သည်လား၊ မဖြစ်ခဲ့ဘူးလား၊ ပျက်ခဲ့ပြီလား၊ မပျက်စီးတော့ဘူးလား။ အဝေးကိုငေးမယ်။ နှုတ်ခမ်းကို ကိုက်မယ်။ လပြည့်ဝန်းလေး ကြားအောင်ပဲ ကိုယ့်တစ်ကိုယ်တည်း တီးတိုးပြောချင်တယ်။

မှားတယ်ဆိုဆို၊ မှန်တယ်ပြောပြော၊ လူငယ်ဟာ လူငယ်ပါပဲ။ချစ်သူကို ချစ်ခဲ့ဖူးတယ်လေ။

တစ်ခါတစ်ခါ ကျတော့လည်း ...

အဲဒီရက်တွေထဲမှာ ရာသီဥတုက ပူလာပြီ။ ဆောင်းကနေ နွေကို ကူးတော့မယ်။ မထင်မှတ်တဲ့ အဖြစ်အပျက်တွေဟာ မထင်မှတ်တဲ့အချိန်မှာ ဖြစ်ပျက်လာတတ်တယ်ဆိုတဲ့ စကားအတိုင်းပဲ။ တစ်နေ့မှာ ...

အအေးဆိုင်မှာ သံစဉ်နဲ့အတူ ကေခိုင်ရယ်၊ မိုးကြည်ကြည်ဝေရယ် ထိုင်နေကြတုန်း ...

"ဟယ် ... ဟိုမှာ ..."

ဆိုင်ထဲကို ထူးဝေ ဝင်လာပါတယ်။ ကေခိုင်တို့ရဲ့ ဝိုင်းကိုမှ တည့်တည့်လျှောက်လာပါတယ်။ လက်ထဲမှာလည်း ဘာတွေကိုင်လာလဲ မသိဘူး။

"တို့ဆီကို လာနေတာဟ ..."

သံစဉ့်ကို လှည့်ကြည့်မိတယ်။ သံစဉ်လည်း ဘာမှန်းသိပုံမရဘူး။ နဝေတိမ်တောင်ကလေး ဖြစ်နေတယ်။

ထူးဝေက စားပွဲမှာ လာရပ်တယ်။

"ထိုင်ပြီနော် ..."

ထိုင်မယ်နော်လို့ ပြောတာလည်း မဟုတ်ဘူး။ ခွင့်တောင်းတာလည်း မဟုတ်ဘူး။ သူ့ဘာသာသူ အသိပေးပြီး ဝင်ထိုင်တဲ့သဘောပါပဲ။

ကေခိုင်တို့က သူ့ကို ခပ်တည်တည်နဲ့ ကြည့်နေလိုက်ကြတယ်။ သူကလည်း အလျှော့မပေးပါဘူး။ ကေခိုင်တို့ သုံးယောက်လုံးကို ခပ်တည်တည်နဲ့ ပြန်ကြည့်တယ်။

အထူးသဖြင့် သံစဉ့်ကိုပေါ့။

"သံစဉ် ..."

သံစဉ်က မထူးဘူး။ ဘာလဲဆိုတဲ့အကြည့်နဲ့ ပြန်ကြည့်တယ်။

"ငါ ... နင့်ကို လက်ဆောင်လာပေးတာပါ။ Summer Present ပေါ့။ နွေရာသီလက်ဆောင်လို့ ဆိုပါစို့ ..."

သံစဉ်ကလည်း ဘာမှပြန်မပြောဘူး။ ပြန်ပြောဖို့လည်း အချိန်က မရလိုက်ဘူး ထင်ပါရဲ့ကွာ။ ထူးဝေက သူ့ဘာသူတစ်ဆက်တည်း လျှောက်ပြော နေတာကိုး။

"ဒီမှာ ...နင့်အတွက်ဖိနပ် ..."

ဖိနပ်လှလှလေးတစ်ရံပြတယ်။ အတော်လှပါတယ်။ သံစဉ်ကလည်း မကြည့်ဘဲ မနေနိုင်ဘူး။ ကြည့်မိတယ်။ သူစီးနေကျ ဖိနပ်အရွယ်အစားအတိုင်း ကွက်တိမို့လို့ အံ့ဩချင်သလိုတောင် ဖြစ်သွားသေး။

"ဒါက ... နောက်တစ်ခု"

စားပွဲပေါ်ကို တစ်ခုတင်တယ်။ ပတ်ကင်ထုတ်ထားတဲ့ ပစ္စည်းတစ်ခု ပါပဲ။ ပေါ့ပေါ့ပါးပါးရှိတယ်။ ဘာရယ်လို့တော့ မပြောတတ်ဘူး။

"ဒီပစ္စည်းတွေဟာ နင့်အတွက် ငါ့ရဲ့နွေရာသီလက်ဆောင်ပေါ့ ... ယူ သွားနော်"

သံစဉ်က ခေါင်းငုံ့နေတယ်။ သံစဉ်များ တစ်ခုခု ပြန်ပြောလေမလားလို့ သူ စောင့်နေသေးတယ်။ ဒါပေမဲ့ ... သံစဉ်က ဘာမှပြန်မပြောတော့ နောက်ဆုံး မှာ ထိုင်ရာကထတယ်။

"ကဲ ... ငါသွားမယ်၊ ကျေးဇူးပါပဲ"

ဆိုင်ထဲကနေ ခြေလှမ်းကျဲကျဲနဲ့ ပြန်ထွက်သွားတယ်။ သူ ... ခပ်ဝေး ဝေးရောက်တော့မှ ....

"ဟဲ့ .... သံစဉ် ...ခေါင်းလေးဘာလေး ပြန်မော့ပါဦး။ ဘာတွေဖီလင် တတ်နေတာလဲ"

သံစဉ်က မျက်စောင်းနဲ့အတူ ခေါင်းပြန်မော့လာတယ်။ တစ်ခုခုကို အတွေးလွန်နေတာကနေ လန့်နိုးသွားသလိုပဲ။

"ဒီကောင် ... ဘာကောင်မှန်း မသိဘူး"

"အေး ... အဲဒါပြောရဦးမယ်"

"ဘာလဲ"

"ထူးဝေက သူ့ကိုယ်သူ ဂီတပညာရှင်လို့ ပြောပြောနေတယ် ...။ Musician တဲ့ ..."

"ဘာဖြစ်လို့"

"သံစဉ့်ကို ပိုင်ဆိုင်သူတဲ့လေ"

"ဘာ ... တောက်... ဟင်း ... ဟိုဒင်းလေ ... ငါ ... ဘယ်လိုဆဲရမှန်းကို မသိတော့ဘူး ... ဒီသောက်ကောင်ဟာ ..."

ကြည်ကြည်ဝေကတော့ ပါဆယ်ထုတ်ကြီးကို စိတ်ဝင်စားနေတယ်။ ကောက်ကိုင်ကြည့်ပြီး ...

"ဘာလဲမသိဘူးဟ"

ကေခိုင်ကလည်း ဆွဲယူကိုင်ကြည့်လိုက်တယ်။

"စုဘူးကြီးလား မသိဘူး"

ကြည်ကြည်ဝေက ငြင်းတယ်။

"ငါကတော့ အရုပ်တစ်ခုခုဖြစ်မယ်လို့ထင်တယ်"

ကေခိုင်တို့ အဲလိုပြောနေကြတာကို ကြားတော့ သံစဉ်က သူ့ရဲ့သက်ဆိုင်ရာ ပါဆယ်ထုပ်ကြီးကို မထိရဲ မတို့ရဲနဲ့ ကြည့်ရုံကြည့်နေတယ်။

"သံစဉ်"

"ဘာလဲ"

"ဒီအထုပ်ကြီးက ဘာကြီးဖြစ်မယ်လို့ ထင်လဲ"

"ဘယ်သိမလဲ"

"မှန်းပြောကြည့်စမ်း"

သံစဉ်က အထုပ်ကိုယူကိုင်ပြီး လက်ထဲမှာ ချိန်ဆကြည့်တယ်။ နားနားကပ်ပြီးတော့လည်း လှုပ်ကြည့်တယ်။ ဘာသံမှ မကြားဘူး။

"အင်း .... ငါ့အထင်တော့ ..."

"အင်း .... ပြောပါဦး ...."

"ပစ်တိုင်းထောင်ကြီးလား မသိဘူးဟ ... ပစ်တိုင်းထောင်ရုပ် ခပ်သေးသေးပေါ့"

"ပြောနေ ကြာတယ်ဟာ .... ဖွင့်ကြည့်လိုက်စမ်းပါ"

ကေခိုင်က အဲဒီလို ခပ်သွက်သွက်ဝင်ပြောလိုက်ချိန်မှာပဲ ကြည်ကြည်ဝေကလည်း ကေခိုင့်စကားအတိုင်း ခပ်မြန်မြန် ဆွဲဖြေလိုက်တယ်။ ထွက်လာတဲ့ ပစ္စည်းက ...

"ဟင်"

"ဟယ်တော့"

"ဘာကြီးလဲ"

ပစ္စည်းကို သေသေချာချာကြည့်ပြီး ဇဝေဇဝါ ဖြစ်သွားကြရတယ်။

"ဟဲ့ ... ရေဘူးကြီးဟ"

"အေးဟ ... သောက်ရေဘူးကြီး"

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ သံစဉ်က နှုတ်ခမ်းကြီးစူသွားပြီး ကေခိုင်တို့ကတော့ ရယ်မိတာပေါ့။

သံစဉ်က ကေခိုင်တို့ရယ်ကြတာကို ဘယ်နှစ်လိုမလဲကွာ။

"နင်တို့က ... ဘာရယ်ကြတာလဲ"

"ဩော် ... သဘောကျလို့ပါ"

"ဘာ ... ဘာသဘောကျတာလဲ"

" Summer Present နွေရာသီလက်ဆောင်ဆိုတာကို သဘောကျတာပါ။ ရေဘူးနဲ့ဖိနပ်ဆိုတာ ဟုတ်တာပေါ့ဟ ... သင့်တော်တာပေါ့"

"အေးလေ ... သံစဉ်ကလည်း ရေဘူးနဲ့ဖိနပ်မပါ နွေအခါမှသိဆိုတာ မကြားဖူးဘူးလား ..."

"ကျေးဇူးပြုပြီး ငါ့ကို လာမပြောကြပါနဲ့တော့ဟယ် ... ကြားဖူးကြောင်း ဝန်ခံပါတယ်။ တော်ပါတော့ ... ထူးဝေက ရှုံးတာကတစ်မျိုး၊ နင်တို့ကလည်း ရယ်ဖို့ပဲ စဉ်းစားနေတာကတစ်မျိုးနဲ့ ... ငါစိတ်ညစ်ပါတယ်"

ကေခိုင်တို့လည်း သံစဉ့်ကို ဘာမှပြောမနေတော့ဘူး။ တခစ်ခစ်ရယ်နေလိုက်ကြတယ်။

သံစဉ်က သူ့ဆံပင်တွေကို လက်နဲ့ဖွရင်း သက်ပြင်းကြီးတစ်ချက်ချတယ်။ အဲဒါမျိုးမြင်ရလေ ကေခိုင်တို့ကလည်း ပိုရယ်ချင်လေပဲ။

"တွေ့လား ... ဖိနပ်ကလည်း နင်နဲ့ကွက်တိတော်တယ် ... ဟဲ ဟဲ"

ကေခိုင်က ဝင်ပြောလိုက်တယ်။

"သူက ဖိနပ်လုပ်တဲ့သူကိုး ... ဖိနပ်ရုံထောင်ထားတာကိုး ... သံစဉ်ခြေထောက်ကို တစ်ချက်ကြည့်တာနဲ့ ဘယ်ဆိုက် ... ဘယ်နံပါတ်လောက်ဆိုတာ တန်းသိမှာပေါ့ ..."

"နေပါဦး .... နေပါဦး"

မိသံစဉ်က ဘာပြောချင်လဲ မသိဘူး။

"ငါက ... အခု ဘာလုပ်ရမှာလဲ ..."

"ဘာကိုဘာလုပ်ရမှာလဲ ... နင် ဘာလုပ်ချင်လို့လဲ"

"ငါက သူ့ဖိနပ်ကြီးစီး၊ သူ့ရေဘူးကြီးလွယ်ပြီး နွေခေါင်ခေါင်ကြီးမှာ လျှောက်သွားရမှာလား"

"အေးပေါ့ဟ ... တရုတ်သိုင်းကားထဲက မိန်းမအရက်မူးသိုင်းသမားလို ထူးဝေတို့အိမ်ရှေ့မှာ ကျွမ်းတွေဘာတွေ သွားထိုးပြလိုက်ပေါ့"

"အေး ... လုံအောင်တော့ ဝတ်သွားပေါ့ဟ ... နို့မို့ ကျွမ်းထိုးလိုက်တိုင်း လျှပ်စီးတွေ လက်နေမယ်"

"ဟာကွာ ... တော်ပြီ တော်ပြီ... ငိုချင်လာပြီ၊ သောက်ကောင် ထူးဝေက တရားခံပဲ"

အအေးဆိုင်က ထပြန်လာကြတယ်။ သံစဉ်က သူ့လက်ဆောင်တွေကို သူမကိုင်ဘူး။

ကြည်ကြည်ဝေက ဖိနပ်ကိုကိုင်ပြီး ကေခိုင်က ရေဘူးကြီးကို သယ်ခဲ့ရတယ်ကွာ။

လမ်းမှာ ...

ကြည်ကြည်ဝေက ...

လေးနက်တဲ့ စကားတစ်ခွန်းကိုပြောတယ်။

"ဟဲ့ ... သံစဉ် ..."

"ဘာလဲ"

"ထူးဝေက နင့်ကို ရည်းစားစကား ပြောတာထင်တယ်ဟ"

"ဘာဖြစ်လို့"

သံစဉ်တင် မကပါဘူး။ ကေခိုင်ပါ နားရွက်ထောင်သွားရတယ်။

ကြည်ကြည်ဝေက ဆက်ပြောတယ်။ သူ့စကားက စဉ်းစားစရာပဲ။

"နင့်ဘဝမှာ နွေရာသီလို အခြေအနေမျိုးကို ဖြတ်သန်းရတဲ့အခါတိုင်း သူဟာ နင့်ဘေးနားမှာ ဖိနပ်လိုလည်း ရှိနေမယ်၊ ရေဘူးလိုလည်း ရှိနေမယ် ဆိုတဲ့သဘော ဖြစ်နိုင်တယ်၊ အဲဒီလို ပြောချင်ပုံရတယ်"

"အယ်"

"အလာကြီးပါလား"

"အေး ... အဲဒီလို ဖြစ်နိုင်တယ်။ နွေရာသီလို ပူလောင်မှုတွေနဲ့ ကြုံရတိုင်းမှာ သံစဉ်ဟာ သူ့ကိုဖိနပ်လိုလည်း တက်စီးသွားလို့ရတယ်။ ရေဘူးလိုလည်း မော့သောက်ပစ်လို့ရတယ် ...လို့ ဆိုချင်တာပဲဖြစ်မယ်။ သံစဉ့်ဘဝအတွက် သူ့ဘဝကို ပေးထားပါတယ်ဆိုတဲ့သဘော ... သံစဉ့်ဘေးနားမှာ သူအမြဲရှိနေမှာပါဆိုတဲ့သဘော ... အဲဒီလိုရည်ရွယ်တာ ဖြစ်လိမ့်မယ်၊ ငါ အဲဒီလို ခံစားရတယ်"

ကေခိုင်ကလည်း ဒီအတိုင်း ဘယ်နေပါ့မလဲ။ ပစ်ထောက်ခံလိုက်တာပေါ့။

“အေး ... ဟုတ်မယ်ဟ၊ ထူးဝေက ခပ်ညံ့ညံ့မှ မဟုတ်ဘဲ ဒီလက်ဆောင်ကို သူက အဓိပ္ပါယ်ရှိရှိ ပေးသွားတာကိုး”

သံစဉ့်ကြည့်ရတာ ရယ်ရခက်၊ ငိုရခက်ဖြစ်နေပုံပဲ၊ ဘာမှမပြောဘူး။ သူ့ခြံရှေ့အရောက်မှာ ‘သွားပြီဟေ့’ ဆိုပြီး သူ့ခြံထဲကို လှစ်ခနဲဝင်သွားတယ်။

သူ့နွေရာသီလက်ဆောင်တွေကို တစ်ခုမှ ယူမသွားဘူး။ ကေခိုင်တို့နှစ်ယောက်မှာသာ ရေဘူးကို တစ်ယောက်သယ်ပြီး ဖိနပ်ကို တစ်ယောက်ကိုင်လို့။

သုံးယောက်သား အင်းလျားကန်စောင်းကို ရောက်လာကြတယ်။ အင်းလျားဟာ လေညင်းချိုချိုကို ခြုံယူဝတ်ဆင်ထားတယ်။ လေအယူမှာ သူ့ကိုယ်သူ ယိမ်းနွဲ့ပေးရင်းက အင်းလျားဟာ အင်လျားဆန်စွာလှလို့။

ဟိုးအဝေးမှာ တိမ်ဖြူတွေ၊ ကောင်းကင်လမ်းမမှာ ယဉ်ယဉ်မော့မော့ကူးခတ်ပြေးလွှားနေကြတယ်။

သုံးယောက်သား ဘာစကားမှ မဆိုဘဲ ငြိမ်နေမိရဲ့။ အတော်ကြာမှ ကျွန်တော်ကပဲ တိတ်ဆိတ်မှုကို သတ်ပစ်လိုက်တယ်။

“ထူးဝေ”

“ဟင်”

“သံစဉ်တို့ကသာ တစ်မတ်ရှာတွေ့ရင် မင်း တကယ်သေရမလို ဖြစ်နေပါရော့လား”

ထူးဝေက ရယ်နေတယ်။ ဇေယျာက ဝင်ဖြေတယ်။

“ဘာလို့ တကယ်သေပေးရမှာလဲကွ ...၊ အဲဒီကျတော့လည်း အဲဒီအလျောက်ပေ့ါ၊ နည်းလမ်းပေါ်လာမှာပေါ့”

ထူးဝေက သူ့ဘာသာ ခပ်တိုးတိုး ရယ်လို့အဆုံးမှာ ...

“သေတယ်ဆိုတာကလည်း သိပ်ကြောက်ရမယ့် ကိစ္စမဟုတ်ပါဘူး၊ အေးလင်းချို၊ မင်း ... ဟဲမင်းဝေးရဲ့ခေါင်းလောင်းသံဝတ္ထု ဖတ်ဖူးတယ် မဟုတ်လား”

“ဘာလဲ From whom the bell toll ကိုပြောတာလား”

“အေး ... ဘာလဲ၊ မင်း ဖက်ဆစ်တွေကြားထဲမှာ ဇာတ်ကောင်က ဒဏ်ရာရပြီး သတ်သေသွားတာကို ပြောမလို့လား”

"အင်း ... ဟုတ်တယ်၊ ဒါပေမဲ့ သူ ပျော့ညံ့လို့ သတ်သေရာမရောက်ဘဲ။ အေးအေးဆေးဆေး သူဖြေရှင်းတယ်။ သေခြင်းတရားကို ခေါင်းကိုက်ပျောက်ဆေးအဖြစ် သုံးရတော့မယ်ဆိုပြီးတော့ကိုယ့်ဟာကိုယ် သတ်သေလိုက်တာ"

"အင်း ... ဟုတ်တယ်၊ ငါမှတ်မိတယ်"

"အဲဒီမှာဆိုလို့ရှိရင် ရှင်ခြင်းနဲ့သေခြင်းမှာ သေခြင်းကို ရွေးလိုက်တာဟာ အမှန်တရားပဲ၊ သူ သေလိုက်ခြင်းက သူ့ကိုယ်သူ ကယ်တင်လိုက်ခြင်းပဲ"

"အင်း ... ဟုတ်တယ်၊ ငါလည်း အဲဒီလိုမြင်တယ်"

ဇေယျက ဖြတ်မေးတယ်။

"ဘာလဲ ထူးဝေ၊ သူတို့မတ်စေ့ရရင် မင်း တကယ်သေပေးလိုက်မလို့လား"

ထူးဝေက မျက်နှာမော့ပြီး ရယ်လိုက်တယ်။

"အဲဒီလိုတော့ မဆိုလိုပါဘူး၊ ဒါပေမဲ့ သေခြင်းတရားဆိုတာ လူများစု ကြောက်ရွံ့နေရလောက်အောင် အဆိုးအရွားကြီး မဟုတ်ဘူးလို့ ပြောချင်တာပါ"

စကားဝိုင်းက ပြန်လည်ငြိမ်သက်သွားတယ်။ အင်းလျားရေလှိုင်းဟာ ရစ်သမ်မှန်မှန်နဲ့ ယိမ်းထိုးခုန်ကနေတယ်။ ရေပြင်ကို ဖြတ်တိုက်လာတဲ့လေဟာ ကျွန်တော်တို့ရဲ့ ရင်ဘတ်တွေကို အေးနွေးစင်ကြယ်စေတယ်။

အမှောင်ပျိုးလာပြီ။ အိပ်တန်းပြန်နောက်ကျတဲ့ ငှက်ကလေးတွေဟာ အလင်းညိုညိုမှာ လေဆန်ဝိုးဝါး ...။ အရိုင်းမြက်တွေကြားမှာ အရိုင်းပန်းတွေလည်း ပွင့်နေကြတယ်။

"ထူးဝေ"

"ပြော .... သူငယ်ချင်း"

အမှောင်ကဲလာချိန်မို့ အတူတွဲထိုင်နေကြတဲ့ ကျွန်တော်တို့တစ်တွေ တစ်ယောက်မျက်နှာတစ်ယောက် မမြင်သာတော့ဘူး။ အဒီလိုအချိန်မှာ ကဗျာဆန်တဲ့ စကားတွေပြောရတာကိုက ကဗျာပါပဲ ...။

ဒါပေမဲ့ ... အချစ်ကဗျာလား၊ အလွမ်းကဗျာလား ဆိုတာကိုတော့ ကျွန်တော်အပါအဝင် ဘယ်သူကမှ သဲကွဲလိမ့်မယ် မထင်ပါဘူး။

"အင်္ဂလိပ် စကားတစ်ခွန်းရှိတယ်၊ သူတစ်ပါးကို ချစ်တာကောင်းပါတယ်၊ အဲဒီအချစ်ကို တုံ့ပြန်ခံရရင် ပိုကောင်းတယ်တဲ့"

ထူးဝေ ဘာမှပြန်မပြောဘူး။ ဇေယျာကလည်း တစ်ခွန်းဝင်ပြော တယ်။

"ဟုတ်တယ် ထူးဝေ၊ ငါ့သူငယ်ချင်း တာရာမင်းဝေရဲ့ဝတ္ထုထဲမှာ လည်း စာပိုဒ်တစ်ပိုဒ် ငါဖတ်ဖူးတယ်"

ကျွန်တော်က ဝင်မေးလိုက်တယ်။

"ဘာတဲ့လဲ"

**"တစ်ယောက်ကို တစ်ယောက်က ချစ်တယ်ဆိုတာ ဘုရားစိုက်တဲ့ပန်း ကလေး ပွင့်လာတာပါ ....တဲ့"**

ထူးဝေက ဘာမှပြန်မပြောပြန်ဘူး။ သူ့စကားကို စောင့်ရင်း ကျွန် တော်တို့လည်း နှုတ်ပိတ်နေမိကြတယ်။

ခဏအကြာမှာ ဇေယျာက ...

"ထူးဝေက တစ်ခုခုတော့ ပြောကွာ"

ထူးဝေ ခေါင်းညိတ်ပြတာကို အမှောင်ထဲမှာ မပီမပြင် မြင်ရတယ်။

နောက် ... ထူးဝေရဲ့စကားသံက တိုးရှရှ၊ အက်ကွဲကွဲကလေး ထွက် လာတယ်။

**"အချစ်ဆိုတာ ရှေးဦးလူ့သမိုင်းမှာ မတွေ့ရဘူးတဲ့။ တိုးတက်ယဉ်ကျေး လာတဲ့လူ့သမိုင်းမှာမှ အချစ်ကို တစ်ထီးတစ်နန်း တွေ့မြင်လာရတယ်။ သံစဉ်ကို ချစ်မိတဲ့အတွက် ငါ နောင်တမရပါဘူး။ ငါ့အတွက် အကောင်းနဲ့ကြုံသည်ဖြစ်စေ၊ အဆိုးနဲ့ကြုံသည်ဖြစ်စေပေါ့လေ၊ငါ...သူ့ကိုချစ်မိတာ ငါ့မှာအချစ်ဆိုတဲ့အရာ တည်ရှိ လာတာ အားလုံးဟာ ငါ...ယဉ်ကျေးတိုးတတ်လာတယ်လို့ပဲ ငါ့ကိုယ့်ငါ ယူဆတယ်"**

ဘာစကားမှ ဆက်မပြောကြတော့ဘူး။ အင်းလျားက ပြန်လာတဲ့ အချိန်မှာ လမင်းဟာ အရှေ့ဘက်ကောင်းကင်ဆီ ဦးတည်ပျံသန်းဖို့ ...

အိပ်တန်းက နိုးထလာခဲ့ပြီ။

နောက်တစ်ရက်မှာ...

သံစဉ်ရယ်၊ ကေခိုင်ရယ် မင်္ဂလာဆောင်တစ်ခုက ပြန်အလာမှာ သံစဉ် ဘကြီး ဦးမောင်မောင်နဲ့ သွားတိုးတယ်။ အန်ကယ်လ်ဦးမောင်မောင်က ကား ပါမလာဘူး။ အခြွေအရံတွေလည်း မပါဘူး။ တစ်ယောက်တည်း။ ကျွတ်ကျွတ် အိတ်ကြီးတစ်လုံးနဲ့။

"ဘဘ"

"အေး ... သမီး ၊ ဘယ်ကပြန်လာတာလဲ"

"ဘဘကရော ကားလည်းပါမလာဘူး။ ဘယ်က ပြန်လာတာလဲ ဖြေစမ်း"

သံစဉ်က ဦးမောင်မောင်လက်ထဲက ကျွတ်ကျွတ်အိတ်ကြီးကို ဆွဲပြီး ကြည့်တယ်။ အိတ်ထဲမှာ အသားသွပ်ပေါင်မုန့်တွေ။

"ဟာ ... ပေါင်မုန့်တွေ အများကြီးပါလား၊ ဘဘ ဘာလုပ်ဖို့လဲ"

"ဒီလိုဟ ... မနေ့က ငါ့မိတ်ဆွေတစ်ယောက်နဲ့ ငါ အဲဒီဆိုင်မှာ ဒီပေါင်မုန့်တွေ ဝင်ဝယ်ကြတယ်။ ငါကတော့ ငါ့အတွက် တစ်လုံးရယ်၊ ငါ့မိတ်ဆွေကတော့ အများကြီးဝယ်တယ်။ ခုလိုအိတ်လိုက်ဝယ်တယ်။"

"အများကြီးပါလား ....လို့ ငါကပြောတော့ အိမ်အတွက် ငါပါသူတို့ အိမ် လိုက်သွားရတာကိုး။ အိမ်ရောက်တော့ သူရယ်၊ သူ့မိန်းမရယ်၊ သူ့သားလေး၊ သူ့သမီးလေးတွေရယ် ပျော်ပျော်ပါးပါး ပေါင်မုန့်စားနေကြတာကို ကြည့်ပြီး ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ကြည်နူးသလိုလို လွမ်းသလိုလိုကြီး "

အဲဒါနဲ့ ငါလည်း အားကျမခံ ဒီနေ့ပေါင်မုန့်တွေ တစ်ထုပ်ကြီး ဝယ်လာတာ၊ စားမယ့်လူက မရှိဘူးဖြစ်နေတယ်၊ ငါလည်း မကုန်ဘူး၊ဘယ်သူပေးရမယ်မှန်းလည်း မသိဘူး"

"ဩော် ... ဩော် ... ဒီလိုလား"

"မပူနဲ့ ... မပူနဲ့ .... သမီးတို့ဝင်စားပေးမယ်"

သံစဉ်နဲ့ကေခိုင် ကျွတ်ကျွတ်အိတ်ထဲက ပေါင်မုန့်တွေကို အလုအယက် နှိုက်လိုက်ကြတယ်။

"စားစား ...စားကြ... အဲ ... နေဦး ... ဟိုကောင်လေးအတွက် တစ်လုံးလောက် ချန်ထားလိုက်ဦး"

"ဘယ်ကောင်လေးလဲ"

"ဟိုမှာ လာနေတယ် ... ဟိုဟာလေ ... ဘယ်သူ ... အဲ... ထူးဝေ ... ထူးဝေ ..."

"အဲ ..."

"ဗုဒ္ဓေါ..."

ဦးမောင်မောင် ညွှန်ပြရာဘက် လှမ်းကြည့်တော့ လျှောက်လာသူက အမှန်တကယ် ထူးဝေဖြစ်နေပြီး ထူးဝေကလည်း အမှန်တကယ်ကို လျှောက်

လာနေပါတယ်။

သံစဉ်နဲ့ကေခိုင်လည်း အကြည့်ချင်း ဆုံမိကြသည်။ ထူးဝေနဲ့ အန်ကယ်လ်ဦးမောင်မောင်နဲ့က ဘယ်လိုသိနေကြတာလဲ။ ဒါ ... မကောင်းတဲ့အလား အလာပဲ။

"ဩော် ... အန်ကယ်ပါလား"

"အေး ... မောင်ထူးဝေ ... ပေါင်မုန့်စားပါဦးကွ"

"နေနေ ...အန်ကယ်လ် ..."

"စားပါကွ ... ယူပါ ..."

ဦးမောင်မောင်က အတင်းကျွေးလို့ ထူးဝေ ယူစားတယ်။ သံစဉ် ကေခိုင့်ကို လက်ကုတ်ပြီး ...

"ကေခိုင် ... နင် ... နင့်ဘာသာပြန်လိုက်တော့ဟာနော်၊ ငါ ဘဘကို ပြောစရာရှိသေးလို့ "

"အေး အေး ..."

သံစဉ်က သူ့ဘကြီးကိုလက်ဆွဲခေါ်ပြီး ထွက်သွားပါတယ်။ ဦးမောင် မောင်က ကေခိုင်နဲ့ထူးဝေကို လက်ပြနှုတ်ဆက်ရင်း ကန့်လန့်ကန့်လန့် ပါသွား ပါတယ်။ ထူးဝေနဲ့ ဦးမောင်မောင်ကို မိသံစဉ်က ခွဲပစ်ချင်လို့ပါ။

ကေခိုင်နဲ့ထူးဝေ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြတယ်။

"နင်ကတော့ ငါ့ကို အဲလိုအတင်း လက်ဆွဲမခေါ်နဲ့နော်"

အဲဒါ ... ကေခိုင်က ထူးဝေကို ပြောတာ မဟုတ်ပါဘူး။ ထူးဝေက ကေခိုင့်ကို ပြောတာပါ။ ရေရေလည်လည် မမိုက်ပါဘူးကွာ။

"နင်က ဘယ်သွားမှာလဲ"

"နင်ကရော ..."

နှစ်ယောက်သား ဆက်သွားရမယ့်လမ်းက တူနေတယ်။ အဲဒါနဲ့ပဲ အတူတူ လျှောက်ခဲ့ကြပါရော။

လမ်းမှာ (ဦးမောင်မောင်နှင့် သူ၏ပေါင်မုန့်များ) အကြောင်း ရှင်းပြ နေရသေးတယ်။

"သူက မိသားစုဘဝကို လိုချင်နေတာဟာ၊ သူ့မှာ မိန်းမရှိခဲ့တယ်။ ကလေးမီးဖွားရင်း မိန်းမရော၊ ကလေးရော ဆုံးသွားတယ် ...။ နောက်ထပ် အိမ်ထောင်မပြုတော့ဘူး။ ဒါပေမဲ့ ...ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းနေတဲ့ မိသားစုကို တွေ့မြင်ရင် အရမ်းအားကျတယ်။ သူ့မှာဆိုက်ကို ဖြစ်နေတယ်"

"သြော် ... သြော်"

ထူးဝေမျက်နှာကြည့်ရတာ တကယ် စိတ်မကောင်း ဖြစ်သွားပုံပဲ။

"အေးလေ ... လောကကြီးထဲမှာ တို့သေသေချာချာ မသိနိုင်တဲ့အရာတွေက အများကြီးရှိနေသေးတာပဲ"

သူက အတည်ပြန်ပြောတယ်။ ကေခိုင်လည်း ရှုတည်တည်နဲ့ပဲ ခေါင်းညိတ်ပြလိုက်တယ်။

"အဲဒါ Love ဟ၊ အချစ်ပဲ၊ အဖိုနဲ့အမ အိမ်ထောင်ပြုကြရင် Sexပဲလို့မြင်တဲ့လူတွေက မှားတယ်... လုံးထွေးပစ်လို့ မရဘူး"

လှည့်ကြည့်မိတယ်။ထူးဝေက တကယ့်ကို အတည်ပြောနေတာပါ။ ကေခိုင်လည်း ပြန်မပြောတတ်လို့ ခေါင်းချည်းညိတ်ပြနေလိုက်တယ်။

"အန်ကယ်လ် ဦးမောင်မောင်ကို ငါနားလည်တယ်။ သူက မိသားစုနဲ့အတူ Living together ရပ်တည်ချင်တာ"

"Living together ဆိုတာကယောကျ်ားနဲ့မိန်းမ လက်မထပ်ဘဲ အတူနေတာကို ပြောတာ မဟုတ်လား၊ အခု... အန်ကယ်လ်ဦးမောင်မောင်အဖြစ်နဲ့ဘာဆိုင်လို့လဲ"

"ဟ... ဆိုင်တယ်ဟ... Living togetherအကြောင်း နင်အတော်လေ့လာဖူးလို့လား"

"နည်းနည်းတော့ ဖတ်ဖူးတာပေါ့၊ ဗမာလို လစ်ဗင်းတူဂဲသားလို့ရေးလိုက်ရင် ငါကြောင်နေတယ်။ လစ်ဗင်းတူရစ်ပဲသားလို့ပဲ ဖတ်ပြီးအဓိပ္ပါယ်နားမလည်နိုင်အောင် ဖြစ်နေသေးတယ်"

ထူးဝေက ရယ်တယ်။

" Living together ရဲ့ အဓိပ္ပာယ်က (အတူတကွရှင်သန်ခြင်း) ဆိုတဲ့သဘောကိုပြောတာဟ၊ ကိုယ်နဲ့ကိုယ့်ချစ်သူနှစ်ယောက်က တစ်ယောက်တည်းအဖြစ် ရှင်သန်ရတယ်၊ ကိုယ်ရယ်ကိုယ့်ဇနီးမယားရယ်၊ ကိုယ့်သားသမီးတွေအားလုံးဟာလည်း အတူတကွ ရှင်သန်မှုနဲ့အတူ လောကကိုဖြတ်သန်းရတယ်။ အဲဒါမျိုးကို ပြောတာလို့ ငါအဓိပ္ပာယ်ပေါက်တယ်"

"သြော်... သြော်..."

သူပြောမှပဲ လစ်ဗင်းတူရစ်ပဲသားရဲ့ အဓိပ္ပာယ်က မဆန့်မပြဲကျယ်ဝန်းသွားတယ်။ ကေခိုင်တောင် ထူးဝေကို လေးစားသလို ဖြစ်သွားသေးတယ်။

ထူးဝေကလည်း ဆက်ရှင်းပြတယ်။ ခေါင်းတညိတ်ညိတ်နားထောင်

ရင်း တိုက်ကြိုတိုက်ကြားလမ်းတွေကနေ လျှောက်ပြန်လာခဲ့ကြတယ်။

"Love နဲ့ Sex ကို ခွဲပြတာကတော့ သီအိုရှိုက်ဆိုတဲ့ စိတ်ပညာရှင်ပဲ။ သူ့စာအုပ်ထဲမှာက ဘယ်လိုရေးထားလဲဆိုတော့... အဲ..."

လက်ဟန်ခြေဟန်နဲ့ ရှင်းပြပြောဆိုနေတုန်း ထူးဝေလက်ရောစကားပါရပ်သွားတယ်။ သူ ရှင်းပြနေတဲ့ လက်ပေါ်ကို တစ်စုံတခု ကျလာလို့ပါ။ တိုက်ပေါ်က ကျလာတာ။

"အဲ..."

"ဟယ်..'

ထူးဝေကြောင်သလို ကေခိုင်လည်း အန်းသွားတယ်။ ထူးဝေ လက်ပေါ်က အရာကို ထူးဝေနဲ့အတူ မျက်လုံးကို ပြူးထွက်အောင်တော့ ကြည့်ဖြစ်လိုက်တယ်။

"ဆပ်စပင်ဒါကြီး"

ဟုတ်ပါရဲ့၊ ထူးဝေရဲ့ လက်ပေါ်ရောက်နေတာက မိန်းမအတွင်းခံဘောင်းဘီအနီကြီး။

"ဟင်... တိုက်... တိုက်ပေါ်က ကျလာတာ...'

"အင်း... ဟုတ်တယ်... အင်း..."

ထူးဝေ ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်။ အဲဒီ ဆပ်စပင်ဒါကြီးကိုကြည့်လိုက်၊ တိုက်ပေါ်မော့ကြည့်လိုက်၊ ကေခိုင့်ကို လှည့်ကြည့်လိုက်နဲ့ နောက်ဆုံးကျမှ..."

"အင့်..."

အဲဒါကြီး ကေခိုင့်ကို လာပေးတယ်။

"အောင်မာ... ငါက ဘာလုပ်ရမှာလဲ"

"နင်... နင်က... မိန်းမပဲဟ..."

"အိုး... ငါက ဘာလို့ဝတ်ရမှာလဲ၊ သွား... လွှင့်ပစ်လိုက်"

အဲဒီတော့မှ ထူးဝေက လွှတ်ပစ်လိုက်တယ်။ ပြီး .... ကေခိုင့်ဘေးကနေ ကုပ်ချောင်းကုပ်ချောင်း ဆက်လိုက်လာတယ်။ ဘာစကားမှတော့ မပြောတော့ဘူး။

လစ်ဗင်းတူရှစ်ပဲသားတွေ ကိုးပဲသားတွေလည်း ဘယ်ရောက်သွားလဲမသိဘူး။ Love နဲ့ Sex လည်းထွက်ပြေးသွားပြီ။ ကေခိုင်လည်း မျက်နှာပူလိုက်တာ မပြောပါနဲ့တော့။

ထူးဝေလည်း အဲဒီလိုပဲ နေမှာပေါ့။ အိမ်ရောက်မှ တွေးပြီးရယ်မိတာ တစ်ခုရှိသေးတယ်။ ကေခိုင့်ကိုပေးတာ မဟုတ်ပဲ သံစဥ့်အတွက် ယူသွားစမ်းပါဆိုရင်...

ဟာဟာ... ပွဲကြီးပွဲကောင်းပဲနော်...။

ထူးဝေက ခန့်မန်းရခက်တယ်။ သူထင်ရာသူ လျှောက်လုပ်နေတတ်တဲ့ကောင်းလေး ...။

တစ်နေ့မှာ...

ပင်မတက္ကသိုလ်အနားက အအေးဆိုင်ထိုင်တယ်ဆိုလို့ အံ့သြစရာဖြစ်ကောင်းဖြစ်မယ်။ အမှန်က ဒီလိုပါ။

သံစဥ့်ကို ပိုးပန်းနေတဲ့လူငယ်တွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာ ငြိမ်းမင်းခန့်ဆိုတဲ့ လူငယ်တစ်ယောက်လည်းပါတယ်။ သံစဥ့်ကို အအေးသောက်ဖို့ ကလပ်(စ်)အပြီးမှာ လာခေါ်ပါတယ်။

သူငယ်ချင်းလည်း ဖြစ်တဲ့အပြင် ဟော့ဟော့ရမ်းရမ်း မရှိတဲ့ လူငယ်လည်းဖြစ်လို့ သံစဥ်က လိုက်သွားပါတယ်။

သူတို့အအေးဆိုင်ထဲ ဝင်သွားတာကို ထူးဝေက ပြတ်ပြတ်သားသားကို မြင်လိုက်ရတယ်။ အဲဒါနဲ့ ထပ်ကြပ်မကွာ လိုက်သွားပြီး သံစဥ်နဲ့ငြိမ်းမင်းခန့်တို့ရဲ့ စားပွဲမှာပဲ အတိအကျ ဝင်ထိုင်လိုက်ပါတယ်။

သံစဥ်ရယ်၊ ငြိမ်းမင်းခန့်ရယ် အမ်းသွားတယ်။

"အဟဲ... ငါလည်း အိုက်စကရင်စားချင်လို့ ဝင်လာတာ"

ငြိမ်းမင်းခန့် မျက်နှာ ရှုံ့မဲ့သွားတယ်။

"တခြားစားပွဲ သွားထိုင်ပါလားကွာ"

အဲဒီတော့မှ ထူးဝေက သူထိုင်နေတဲ့ခုံမှာ စောစောကထက် ပိုသေချာအောင် ပြင်ထိုင်လိုက်ပြီ...

"မဟုတ်ဘူးလေကွာ၊ မင်းတို့က ဒီစားပွဲမှာ ထိုင်နေရက်နဲ့ ငါက တခြားစားပွဲ သွားထိုင်မယ်ဆိုရင် မကောင်းဘူး။ မဟုတ်လား"

"ကောင်းပါတယ်"

"မကောင်းပါဘူးကွာ၊ မထိုင်ပါဘူး၊ ဒီမှာပဲထိုင်ပါမယ်"

"ကျွတ်"

ငြိမ်းမင်းခန့်က မိုးကြိုးပစ်ခံထားရတဲ့ မျက်နှာမျိုးနဲ့ထူးဝေကို အငေး သားကြည့်နေတော့တယ်။ စိတ်လက်ကုန်ခမ်းနေသလိုပေါ့။ သံစဉ်ကတော့ သူနဲ့ မဆိုင်သလိုပဲ။

ငြိမ်းမင်းခန့်ကို...

"စောစောက စကားဆက်စမ်းပါဦး"

ငြိမ်းမင်းခန့်က သူ့စကားကိုသူ မှတ်မိပုံတောင်မရဘူး။

"ဘာလဲ... ခုနက ဘာအကြောင်း ပြောနေကြတာလဲ"

"သြော်...လူခြောက်ကလေးက မိန်းမလိုချင်လို့ မင်္ဂလာဆောင်ပေး ပါဆိုတဲ့ကိစ္စလေ"

"သြော် ...အဲဒါလား"

"ဘာလဲ...မင်းတို့ မင်္ဂလာဆောင်တဲ့အကြောင်းပြောနေတာလား"

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်တယ်။ မျက်မှန်ကို ပြင်တပ် တယ်။ ဘာမှတော့ မပြောတော့ဘူး။ သံစဉ့်ဘက်ကို ပြန်လှည့်တယ်။ စကား ဆက်တယ်။

"အဲဒါက... "

"အေးကွ... မင်္ဂလာဆောင်တယ်ဆိုတဲ့ ကိစ္စကလည်း အတော်ကရိ ကထများတဲ့ကိစ္စ..."

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်တယ်။ မျက်မှန်ကိုပြင်တပ် တယ်။ ဘာမှတော့ မပြောတော့ဘူး။ သံစဉ့်ဘက်ကိုလှည့်ပြီး စကားဆက်ဖို့ ပြင်ပြန်တယ်။

"အဲလို မင်္ဂလာဆောင်မယ်ဆိုတော့ ...."

"ငါ့လို မင်္ဂလာဆောင်မယ့်လူကတော့ ဘယ်သူမှရှိမှာ မဟုတ်ဘူးလို့ ထင်တာပဲ၊ ရှိရင်တောင် အတော်နည်းမယ် ... ဒီလိုကွ..."

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်တယ်။ မျက်မှန်ကိုလည်း ပြင်တပ်တယ်။ ဘာမှတော့ မပြောပါဘူး။သံစဉ့်ဘက် ပြန်လှည့်ပြီး စကားပြော ဖို့ နှုတ်ခမ်းပြင်တယ်။ ဒါပေမယ့်... သူနောက်ကျသွားတယ်။

ထူးဝေက...

"ငါမင်္ဂလာဆောင်ရင် သချိုင်းကုန်းမှာ ဆောင်မယ်..."

ငြိမ်းမင်းခန့်က မျက်မှန်ကိုချွတ်ပြီးတော့ အဝတ်နဲ့ပွတ်တယ်။ အတော့် စိတ်ဓာတ်ကျနေပုံလည်း ရတယ်။ သံစဉ်ကတော့ ထူးဝေရဲ့ စကားကို လန့်ဖျပ်

သွားပုံရတယ်။ ထူးဝေကို မျက်လုံးပြူးလေးနဲ့ စိုက်ကြည့်နေတယ်။

ထူးဝေက ဆက်ပြောတယ်။

"ငါ့စိတ်ကူးက ဒီလိုပဲ သံစဉ်ရ... "

ပြောပြီးတော့ ဇလုတ်ကို လက်နဲ့ပွတ်လိုက်သေးတယ်။ လည်ပင်းကိုလည်း လက်နှစ်ဖက်နဲ့ ပွတ်ညှပ်ပြီး ရှည်ထွက်လာအောင်လုပ်တယ်။

"အဟမ်း... "

ချောင်းရှင်းပြီးတော့ ပြောတယ်။

"သချိုင်းကုန်းဆိုတာက လူတစ်ယောက်ရဲ့ ဘဝတစ်ခုဆုံးသွားတဲ့ နေရာဖြစ်သလို သူ့ရဲ့အခြားဘဝတစ်ခု ပြန်စတဲ့ နေရာလည်းဖြစ်တယ်။အိမ်ထောင်ပြုတယ်ဆိုတာလည်း အဲလိုပဲ၊ လူပျိုဘဝကုန်ဆုံးပြီး အိမ်ထောင်သည်ဆိုတဲ့ဘဝ အသစ်စတာဖြစ်တယ်။ အဲဒါကြောင့် သချိုင်းကုန်းမှာ မင်္ဂလာဆောင်တာဟာ အင်မတန် သင့်တော်တယ်လို့ ငါယူဆတယ်"

သံစဉ်မျှာ မျက်လုံးကို ဝိုင်းလို့... (ထူးဝေက သူ့ကိုလက်ထပ်ခွင့်တောင်းထားတာကိုး)

ငြိမ်းမင်းခန့်မှာ အငေါ်ဝင်ထူးတယ်။

"ဂူတွေဟာဘယ်လိုလုပ် မဏ္ဍာပ်သွားဆောက်မလဲ"

ထူးဝေက သူ့ပေါင်ကို လက်နဲ့ပုတ်ပြီး ...

"မင်းကွာ ... ဂူတွေရှိနေတာပဲ။ မဏ္ဍာပ်ဆောက်စရာ ဘာလိုတော့မှာလဲ။ လာတဲ့ဧည့်သည်တွေကို ပျူပျူငှာငှာ ဆီးကြိုလို့တောင် ရသေးတယ်။ ကြွပါ ကြွပါ ဒီဘက်ဂူကို ကြွပါ၊ ဟိုဘက်ဂူတွေမှာလည်း နေရာတွေ ရှိပါသေးတယ်။ လွတ်လွတ်လပ်လပ်နေကြပါ ဘာညာပေါ့ ဟဲဟဲ"

"ဗုဒ္ဓေါ"

ငြိမ်းမင်းခန့် သူ့မျက်မှန်ကို ဖြုတ်တော့မလိုလုပ်ပြီးမှ မဖြုတ်တော့ဘူး။ သက်ပြင်းကြီးချတယ်။ ထူးဝေက ဆက်ပြောတ်။

"လက်ဖွဲ့ငွေတွေကိုလည်း ဟောဟိုက ခေါင်းလွတ်ကြီးထဲ ထည့်သွားလို့ ရပါတယ် ... ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

သံစဉ်က နှာခေါင်းလေးရှုံ့ပြီး ထူးဝေရဲ့မျက်နှာကို တသုန်တမှုန်ငေး ကြည့်နေတော့တယ်။

ထူးဝေက သံစဉ့်ကို ရယ်ပြတယ်။

"အဟီး ..."

သံစဉ်က ထူးဝေကို မကြည့်တော့ဘဲ မျက်နှာလွှဲသွားတယ်။

"သံစဉ် ... "

ထူးဝေက ငြိမ်းမင်းခန့်ကို မျက်လုံးပြူးနဲ့ကြည့်တယ်။

"မင်း ... ခေါ်လိုက်တာလား"

"ငါ့ဘာသာ သံစဉ့်ကို ခေါ်တာပါ။ မင်းကိုခေါ်တာ မဟုတ်ပါဘူး"

"ဩော် ... ဒီလိုပါ၊ ငါကလည်း သံစဉ့်ကို ခေါ်မလို့ စဉ်းစားနေတုန်း ခေါ်သံကြီးထွက်လာလို့၊ အဟဲဟဲ ... ကြောင်သွားတာပဲ၊ မင်းခေါ်လိုက်တာကိုး"

ငြိမ်းမင်းခန့်က သူ့ဆံပင်တွေကို လက်နဲ့ဖွတယ်။ စောစောက ချလိုက်တဲ့ သက်ပြင်းကြီးကို အစားပြန်ယူသလိုပဲ။ ပင့်သက်ကြီး ရှိုက်လိုက်ပြန်တယ်။

ထူးဝေလုပ်လို့ သူ့မှာတစ်ယောက်တည်း အလုပ်ရှုပ်ရတော့တယ်။

"သံစဉ် ... ကိုယ်သွားတော့မယ်"

"အေး ... အေး ..."

ထူးဝေက ပြန်ပြောလိုက်တာပါ။ သံစဉ်ကများ "ငါလည်း သွားမှာပေါ့"ဆိုပြီး သူနဲ့လိုက်မလားလို့ ခဏရပ်စောင့်ကြည့်သေးတယ်။ မသိမသာ စောင့်တာပါ။ သိသိသာသာ စောင့်လို့မရတာလည်း သေချာတယ်။

သံစဉ်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး အင်းမလှုပ်၊ အဲမလှုပ် ဆက်နေတော့ ... စောစောက ဖွထားတဲ့ဆံပင်တွေကို လက်နဲ့ပြန်သပ်ရင်း ငြိမ်းမင်းခန့် လှည့်ထွက်သွားခဲ့ရတယ်။

ထူးဝေက ပြောသေးတယ်။

"အေး ... သွားစရာရှိရင်သွား ... သူငယ်ချင်း၊ ငါ ... သံစဉ်နဲ့ အေးအေးဆေးဆေး စကားပြောလိုက်ဦးမယ်"

ဘယ်လောက်အထိ ဖနောင့်နဲ့ပေါက်ဖို့ ကောင်းလိုက်တဲ့ကောင်ပါလဲ။

ထူးဝေနဲ့ သံစဉ် ...

နှစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

ထူးဝေက သံစဉ့်ကို ငေးကြည့်နေတယ်။

သံစဉ်က မျက်လွှာချတယ်။ သူ့အအေးခွက်ကို လက်သည်းလေးနဲ့ တောက်နေတယ်။

ထူးဝေက ခပ်တိုးတိုးခေါ်တယ်။

"သံစဉ် ..."

ပြန်မထူးဘူး။

"သံစဉ် ..."

မထူးပါဘူး ...

ထူးဝေ ဆက်မခေါ်တော့ဘူး။ သူ့ဘာသာ ငြိမ်ငြိမ်လေးပဲ ဆက်ထိုင်နေလိုက်တော့တယ်။ တစ်ချက်တစ်ချက်ကျမှ သံစဉ်ရဲ့ မျက်နှာလေးကို ခိုးခိုးကြည့်တယ်။

အဲဒီအချိန်မှာပဲ လူရှင်းနေတဲ့ အအေးဆိုင်လေး ကက်ဆက်ဖွင့်တယ်။

"အို"

"ဟာ ... အိုကေ ..."

နှစ်ယောက်သား အာမေဋိတ်သံ ပြိုင်တူထွက်သွားတယ်။ နှစ်ယောက်လုံးကြိုက်တဲ့ သီချင်းမို့လို့ပါ။ နှစ်ယောက်လုံးလည်း ငြိမ်သထက် ငြိမ်ကျသွားတယ်။

အအေးဆိုင်ထဲမှာ Take your time (Do it right) တေးသွားက ပျံ့လွင့်နေတယ်။

You've been working too hard
and that's a fact sit back and a relax a while take
Someone to laugh and smile
Lay your heavy load down
So we can stop and get
the time to do all the things
we want to yeath.

နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ တစ်မျိုးပဲ။ အဲဒီ တေးသွားကလေးရဲ့ ရစ်ပတ်လွှမ်းခြုံမှုအောက်မှာ သူတို့နှစ်ယောက် ရင်ခုန်သံ ငြိမ့်ငြိမ့်ကလေး မြင်နေကြတယ်။

သံစဉ်က ထူးဝေကို တစ်ချက်ဝင့်ကြည့်တယ်။ ထူးဝေကလည်း သူ့ကိုငေးကြည့်နေတာမို့လို့ မျက်လုံးချင်းဆုံတယ်။ သူတို့နှစ်ယောက် မျက်လုံးတွေထဲမှာ ကြယ်ခိုးကြယ်ငွေ့တွေ ပွင့်ဖြာနေသလိုပဲ။

ချစ်သူချင်းမို့ အလင်းပြန်တယ်။

"သံစဉ်"

သံစဉ်က မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ... အဲဒီ မျက်တောင်တွေကြားကပဲ ခိုးကြည့်တယ်။

ဒါပေမယ့် ထူးဝေက ဘာမှ ဆက်မပြောဘူး။

ဒါပေမယ့် ...

ထူးဝေ ဘာမှမပြောဘဲနဲ့ကို သံစဉ်ကလည်း အများကြီး ကြားလိုက် သလိုပဲ။

Take your time, take your time

the love I feel for you ... you

feel for me one life is all ..........

နှစ်ယောက်သား ငြိမ်သက် ငြိမ်းချမ်းနေတယ်။

နှစ်ယောက်သား တိတ်ဆိတ်စင်ကြယ်နေတယ်။

ပြီးတော့လည်း နှစ်ယောက်သား နိုးကြားလင်းပွင့်နေတယ်။

သံစဉ်က တေးသွားကို ခြေထောက်လေးနဲ့ စည်းချက်လိုက်နေတယ်။ ထူးဝေက အအေးဖန်ခွက်က ရေမှုန်ရေသီးတွေကို ငေးကြည့်နေတယ်။

အဲဒီအချိန်မှာ ...

"ဟာ ... သွားပြီ"

မီးပြတ်သွားတယ်။ သီချင်းသံလည်း ရပ်သွားတယ်။ စည်းချက်လိုက် နေတဲ့ သံစဉ့်ခြေထောက်လည်း တန့်သွားတယ်။

ခဏကလေး ....

ကျောက်ရုပ်တွေလို ငြိမ်နေကြတယ်။

ချက်ချင်းဆိုသလိုပါပဲ။ သံစဉ်က သီချင်းကို တိုးတိုးလေး ဆက်ဆို တယ်။ ချိုရှတဲ့ သူ့ဆိုဟန်ကလေး ထူးဝေရဲ့ ရင်ဘတ်ကို ထုတ်ချင်းဖောက် ခတ်သွားတယ်။

We have to live our love

is all we have to give there

are so many things for us

to do and see yeah

Let's take some time to be alone

lock the door pull of the phone ........

သံစဉ်ရဲ့သီချင်းကို (ဒီတစ်ခါမှာတော့) ထူးဝေက ခြေထောက်နဲ့စည်းချက်လိုက်တယ်။ ဘယ်လိုပြောရမလဲ။

သူတို့နှစ်ယောက် စီးဆင်းနေကြတယ်။

သီချင်းသံအဆုံးမှာ ကျောက်ရုပ်တွေလို ငြိမ်သွားကြပြန်တယ်။

နောက် ...

သံစဉ်က ထွက်သွားတယ်။ (ဒါပေမယ့် ထူးဝေ ပါသွားတယ်) ထူးဝေကျန်ရစ်ခဲ့တယ်။ (ဒါပေမယ့် သံစဉ်လည်း ရှိနေတုန်းပဲ)။

ထထွက်သွားတဲ့ သံစဉ်ဟာ ထူးဝေအကြောင်း စဉ်းစားသွားတယ်။ ကျန်ရစ်ခဲ့တဲ့ ထူးဝေကလည်း သံစဉ့်အကြောင်း တွေးတောနေတာပါပဲ။

အဲဒီည...

အဲဒီညမှာ ...

ရက်စက်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ ကံကြမ္မာရဲ့ကြာပွတ်ရိုက်ချက်ကို သူတို့နှစ်ယောက် ခံစားလိုက်ရတယ်။

မနာကျင်ပါဘူး။ ဒါပေမယ့် ...
လူသူကင်းမဲ့တဲ့ လမ်းပေါ်တွင်
တစ်ယောက်တည်း လျှောက်ရင်း
မြေပေါ်မှ ကျောက်ခဲကလေးကို
ခြေထောက်နှင့် လိုမ့်ကန်ခဲ့ဖူးသည်။
လမ်းဘေးအုတ်ခုံမှ ဂစ်တာသံသဲ့သဲ့ကြားရသောအခါ
မည်သည့်သီချင်းများလဲ... ဟု
မသိမသာ နားစွင့်မိဆဲ ...။
ပန်းကလေးတစ်ပွင့်ကို
အမျိုးအမည်မတပ်ဘဲ ချစ်ချင်ခဲ့သည်။
ဂျာကင်အိတ်ထဲ လက်နှိုက်ရင်း
တစ်စုံတစ်ယောက်အကြောင်း စဉ်းစားရသည်မှာ
ကိုယ့်တစ်ယောက်တည်းမှာရှိသည့်

အမူအကျင့်မှ ဟုတ်ပါရဲ့လား။
ညဦးနက်သန်းခေါင်မှ
အိမ်ပြန်လာကြသော တေလေတစ်သိုက်၏
ဝါးခနဲ ရယ်လိုက်သံကို ကြားလိုက်ရသည်။
မအိပ်ချင်သေး ... ။
အိပ်လျှင် အိပ်မက် လှမည်လား။
ညက လှသည်။
လရောင်က လှသည်။
မကြားချင်ဟု
ကိုယ်က ငြင်းဆန်၍ မရလောက်အောင်
နာရီသံချောင်းခေါက်သံက လွင့်ပျံလာသည်။
သူ့အလွန်ဆုံး ခေါက်နိုင်လျှင် ဆယ့်နှစ်ချက်ပဲဟုဆိုကာ
မြူလိုဝေရင်း
ကိုယ်နားထောင်ခဲ့သည်။
"ဒုက္ခနဲ့တစ်ခါကြုံတိုင်း ချစ်သူလက်ကလေး
တစ်ခါကိုင်ချင်သည်' တဲ့။
အိုမာခယမ်က ပြောသည်။
ကိုယ့်ဘက်ကလည်း ပြန်ပြောမည်လေ။
"ချစ်မိသူဆိုတာ လောကမှာ စစ်အရှုံးဆုံးလူပါ"
ပြီး
နှစ်ယောက်သား ရယ်မောကြမည်။
ခွေးလေခွေးလွင့် တစ်ကောင်ကသာ
ကိုယ်တို့နံဘေးမှာ ရှိနေမည်ဆိုလျှင်
ကိုယ်တို့နည်းနည်းတော့ ထိုခွေးကို အားနာကြမည်။
လူငယ်ဘဝ၊ လရောင်ညတွေ ...
အို ... ဝေစမ်းပါစေလေ။
ချစ်သူရေ ...
အချစ်ဆိုတာ ဘယ်သူမဆို တူးဖော်လို့ရနိုင်တဲ့
ကမ္ဘာဦးက ဓားတစ်လက်ပါပဲ။
သံချေးတက်နေတဲ့ ပန်းကနုတ်ကိုတော့
တို့တွေ ဖုန်သုတ်ပြီးမှ ဖတ်ရလိမ့်မယ်။

**ပ န် း ခေ တ် လ မ င် း ၈ ၁ ၄ ပ**

အချစ်ဆိုတာ ...
ပျော်စရာတွေ မျှဝေခံစားချင်သည်။
ငိုစရာကို ကိုယ်တစ်ယောက်တည်း အကုန်ယူလိုက်မည်။
ဤနေရာတွင်တော့
အိုမာခယမ်နှင့် ကိုယ်သဘောထားကွဲလွဲခဲ့ကြသည်။
ဗီးနပ်(စ်) ရုပ်တုကို တစ်နေ့နေ့မှာများ ...
ကိုယ် ရနိုင်ပါမည်လား၊
သူမ၏ ကျိုးအပ် လပ်ဟာနေသော ဘယ်ဘက်ရင်အုံမှာ
မမြင်ရသော ကဗျာတစ်ပုဒ် ရှိမည်ထင်သည်။
မမြင်ရမှန်း သိလျက်နဲ့ မြင်ရနိုးနိုး ...
သူ့ကာရန်တွေကို ကိုယ်ခိုးမိလိမ့်မည်။
အို ... ဗီးနပ်(စ်)
အို ... အချစ်နတ်သမီး။
နတ်ဒေဝတာ တစ်ပါးမဆန်စွာ
ဘီလူးရစ်သမ်နှင့် ကိုယ့်အိပ်မက်ကို
သူ ... "စီး" ခဲ့လေပြီ။

# ကျွန်တော်နှင့်အဝါရောင်ပီးနပ်စ်

"ပေး ... ကင်းကြေးနှစ်ဆယ်"

အဲဒီအသံကြောင့် အိပ်ငိုက်နေရာကနေ ကျွန်တော် လန့်နိုးသွားတယ်။ ခေါင်းထောင်ကြည့်တဲ့အခါ ရှေ့မှာ တွေ့ရတာက "မြားနတ်မောင်"။ ပြောင်ပြောင်လက်လက်နဲ့။

"ဘာလဲဗျ။ ဘာကင်းကြေးလဲ"

"မင်းရဲ့ဖူးစာရှင်ကို ကင်းတဲဆောက်ပြီး ငါ့စောင့်ကြည့်နေတာ။ ကြာတော့လည်း မတတ်နိုင်တော့ဘူး။ ဒီလကစပြီး လစဉ်ကြေးကောက်မယ်။ ပေး ... ကင်းကြေးနှစ်ဆယ်"

ကျွန်တော် စိတ်ညစ်သွားတယ်။

ခရစ်ယာန်ဓမ္မကျမ်း စာမျက်နှာ ၄၊ ၁၆၊ ၁၇ ကိုထောက်ပြီး "လော့ဘ်ဆန်ရမ်ပ" ကပြောတယ်။

"ကမ္ဘာရဲ့ ပထမဦးဆုံး လူသားယောကျ်ားဟာ အာဒမ်မဟုတ်ဘူး" တဲ့။

**ပ န် း ခေ တ် လ မ င် း စ ာ ပေ**

အဲဒါဆို ကမ္ဘာရဲ့ ပထမဦးဆုံးလူသား မိန်းမကရော ‘ဧဝ’ ဟုတ်ပါ့မလား။ ကျွန်တော့်ချစ်သူ ‘သူ’.... များလား။

“မနုရယ် ... သူနဲ့ကျွန်တော့်ကို ဆုံဆည်းခွင့်ပြုပါ”

အဲဒီလို ကျွန်တော် တိုင်တည်နေတဲ့ မနုဆိုတာ ရပ်ကွက်ထဲက ‘မပု’ ရဲ့ညီမ ‘မနု’ မဟုတ်ပါဘူး။ ကမ္ဘာကြီးကို အုပ်ချုပ်တယ်ဆိုတဲ့ ‘မနု’ ပါ။

မနုကျဉ်းဓမ္မသတ်၊ မနုကျယ်ဓမ္မသတ်တွေကို ဖြစ်စေခဲ့တဲ့ သူပါ။ သူ့ကိုပဲ ကျွန်တော် တကြော်ကြော် အော်ပြောနေမိတယ်။

“မနု လုပ်ဦးလေဟာ ...၊ ခင်ဗျားဟာက ဘယ့်နှယ့်ဟာလဲ”

“ငါတော့ မင်းအတွက် မြားကို ပစ်တင်လိုက်ပြီ”

“ဟုတ်လား .... ဘယ်သူ့ကို ပစ်လိုက်တာလဲ”

မြားနတ်မောင်က မတုန်မလှုပ်နဲ့။

“ဒီလိုပေါ့ကွာ .... လေဟာနယ်ထဲ လှမ်းပစ်လိုက်ရတာပေါ့။ မကောင်းသူထိပ် ကောင်းသူထိပ်ပေါ့”

“ဘာ”

ကျွန်တော့်ဒေါသကြောင့် မြားနတ်မောင် တစ်ချိုးတည်း ထွက်ပြေးပါတော့တယ်။

“ကျွန်တော် ခင်ဗျားကို (    ) တယ်”

အဲဒီစာသားလေး ပေးဖတ်တော့ မျှော်လင့်ထားတဲ့အတိုင်း သူက ကျွန်တော့်ကို ပြန်မေးတယ်။

“ကွင်းထဲဟာက ဘာလဲ”

“ခြစ်ထားတာ မတွေ့ဘူးလား”

“သြော် ... ရှင်က ကျွန်မကို ချစ်တယ်လို့ပြောတာလား”

“ဟုတ်တယ်လေ”

“အဲဒါ ချစ်တာမဟုတ်ဘူးရှင့် ခြစ်တာ....၊ ရှင် ကျွန်မကို ချစ်တာက သတ်ပုံမှားနေတယ်”

"မြင်မြင်ချင်းချစ်တယ်၊ ဘယ်လိုလုပ်ရမလဲ" လို့ လူငယ်တစ်ယောက်ကမေးတော့ ဂရိသုခမိန်ကြီး ဆိုကရေးတီးက ပြန်ဖြေတယ်။ (ဆော့ခရတ္တိ ဆိုတာလည်း သူပဲ၊ ဆိုကရာတဲစ် ဆိုတာလည်း သူပဲ)

"နောက်တစ်ခါ သေသေချာချာထပ်ကြည့်လိုက်" တဲ့။

အဲလို ထပ်ကြည့်ရင် ကြိုက်ချင်စရာ မကောင်းတာတွေ တွေ့လာနိုင်မှာမို့လို့ဖြစ်တယ်။ ဒါပေမဲ့ ပြဿနာက မပြီးဆုံးသေးဘူးလို့ထင်တယ်။ နောက်တစ်ခါ ထပ်ကြည့်လို့ ထပ်ချစ်သွားမိရင် ဘယ့်နှယ်လုပ်ရပါ့မလဲ။

"ထတော့၊ မင်းချစ်သူနဲ့ သွားတော့" လို့ တွန်းပြီး နှိုးတဲ့အခါမှာ အဲဒီကြက်ဖကြီးကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်။

"အိပ်တော့၊ မင်းချစ်သူအကြောင်း တွေးမနေနဲ့တော့" လို့ တွန်းပြီး သိပ်တဲ့အခါ ...

အဲဒီကြက်ဖကြီးကို ကျွန်တော် အရမ်းအမြင်ကတ်တာပဲ။

အင်းလျားရေပြင်ကို တုတ်တစ်ချောင်းနဲ့ လွှဲရိုက်လိုက်တယ်။ 'ဗျင်း' ခနဲ အသံထွက်ပြီး ဝဲဂယက်တွေ ထသွားတယ်။ ကမ်းစပ်ဆီ လိမ့်ပြေးသွားတဲ့ ဝဲဂယက်လေးတွေဟာ တဖြည်းဖြည်း အသံတိုးကျသွားလေရဲ့။ 'လင်း' ဆိုတဲ့ အသံလေးအဖြစ် ကျန်ရစ်ခဲ့တယ်။ လင်း ... လင်းရှုပါ။ ချစ်သော လင်းရှုပါ။

ကျွန်တော်တွေ့ဖူးတဲ့ ကောင်မလေးထဲမှာတော့ 'လင်းရှုပါ' ဟာ အလှဆုံးပဲ၊ သူငယ်ချင်းတွေကိုပြောတော့ သူတို့အားလုံးကလည်း ထောက်ခံတယ်။

"ဟုတ်တယ်၊ မင်းမြင်ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ လင်းရှုပါဟာ အလှဆုံးပဲတဲ့"

မသိ၍ဆို၊ မလို၍ပြောကြတာကို ကျွန်တော် ဗွေမယူပါဘူး။

သူရဲ့အလှကို ဖွဲ့နွဲ့ပြဆို ကျွန်တော် ကြိုးစားမိပါတယ်။ ကျွန်တော် ခြယ်မှုန်းပြလို့ မရလောက်အောင် သူက လှနေတော့ နောက်ဆုံးမှာ ဒီနည်းကိုပဲ သုံးလိုက်ရပါတော့မယ်။

ပါးစောင်ရိုး တစ်စုံ၊ ပါးရိုးတစ်စုံ၊ တစ်ချောင်းငယ်ပုံသဏ္ဍာန်ရှိသော အာခေါင်ရိုး တစ်စုံ၊ နှာယောင်ကိုဖြစ်စေသော နှာခေါင်းရိုးတစ်စုံ၊ ချိန်ခွင်သဏ္ဍာန်ရှိသော မျက်ရည်တွင်းရိုး တစ်စုံ၊ နှာခေါင်းထဲ၌ရှိသော အရိုးခွေ တစ်စုံ၊ နှာခေါင်းပေါက်ကို ဝဲယာပိုင်းခြားအပ်သော ထွန်သွားသဏ္ဍာန် အရိုးပါ တစ်ခု၊ မေးရိုး တစ်ခုအားဖြင့် ပေါင်း (၁၄)ခု တို့တည်း။

ဒီသမီးကို မွေးထားမိသည့်အတွက် မေမေလည်း စိတ်ပျက်ရှာမည်။ သို့သော် မတတ်နိုင်။ ပြောစရာရှိသည်ကိုတော့ ပြောရမည်ပဲ။

"မေမေ စဉ်းစားနော်။ ဒီလိုကိစ္စမျိုးဆိုတာက အရမ်းစီစဉ်လို့ကောင်းတာ မဟုတ်ဘူး။ စိတ်အလို မလိုက်စမ်းပါနဲ့"

"ဘာမကောင်းတာ ရှိလို့လဲအေ ...။ ညည်းက ဘာနားလည်သေးလို့ လျှောက်ပြောနေတာလဲ။ ငါ့ဟာငါ နားလည်တယ်"

"သမီးကတော့ နားမလည်ပါဘူး။ ဒါပေမဲ့ သမီးက စာဖတ်လေ့ရှိတာပဲ။ စာအုပ်တွေထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ သတိပေးချက်တွေ အမြဲပါတတ်တယ်။ အသေအချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါတဲ့။ အရမ်းကြောက်ဖို့ကောင်းတယ်တဲ့။ မေမေ မကြောက်ဘူးလား။ သမီးကတော့ ကြောက်တယ်။"

"နင့်ဘာသာ လိုရာဆွဲတွေးပြီး ကြောက်နေတာ"

"မဟုတ်ဘူးနော် မေမေ၊ သေသေချာချာ စဉ်းစားဦး"

"စဉ်းစားပြီးပြီ"

"ဘာလဲ ... မေမေက လုံးဝမပြင်ဆင်နိုင်တော့ဘူးလား"

"ဘာမှ ပြင်ဆင်စရာ မလိုဘူး"

"အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် ..."

ရှုပ်ပါ့အမေက ဝင်ငေါ့သည်။

"ဟုတ်လား ... တို့လည်း နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်။ အိမ်မြှောင်စုတ်ထိုးဆိုလား .... ဘာလား ..."

ရှုပါ စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ပြီး ...

"မေမေက အဲဒါခက်တာပဲ။ အရမ်းစိတ်မြန်တယ်။ ဒီမယ် မေမေ့ကို သမီး ပြောပြမယ်။ မေမေ မယားငယ်ဆိုတဲ့ ဝေါဟာရအကြောင်း ဘယ်လောက်သိလဲ"

"အံမာ .... ရာရာစစ မယားငယ်နဲ့ ငါနဲ့ ဘာဆိုင်လို့ ငါကသိရမှာလဲ"

"မယားငယ်လို့ အပြောခံ၊ အသတ်မှတ်ခံရတဲ့ မိန်းမဟာ အင်မတန်မျက်နှာငယ်ရတယ် မေမေ။ ဓမ္မသတ်ကျမ်းတွေ ဘာတွေမှာကလည်း ယောကျာ်းတွေကို မယားငယ်ယူခွင့် တရားဝင်ပေးထားတယ်"

"နင့်ကို ဘယ်သူက ပြောလဲ"

"ဩော် ... စာအုပ်တွေထဲမှာ အတိအလင်းပါတယ်။ ဥပမာ မြဲနေတဲ့မယား၊ သားသမီးမမွေးတဲ့ မယားကို စွန့်ပစ်ပြီး နောက်မယားယူလို့ ရတယ်။ ဒါမှမဟုတ် မစွန့်ဘဲနဲ့လည်း နောက်မယား ယူလို့ရတယ်"

မေမေက မှန်တင်ခုံရှေ့မှာ ခေါင်းဖြီးနေရာမှ ရူပါ့ကို စူးစူးဝါးဝါး လှည့်ကြည့်၏။ မသိချင်ယောင်ဆောင်ပြီး ရူပါက ဆက်ပြောလိုက်သည်။ သူမက လျှာမရှည်တတ်ပါ။ သို့သော် တိုလည်း မတိုချေ။

"ကလေးတော့ မွေးပါရဲ့၊ သားမမွေးဘဲ သမီးချည်း မွေးနေလို့ရှိရင်လည်း အဲဒီမိန်းမအပြင် နောက်မိန်းမယူလို့ရတယ်။ ကုန်ကုန်ပြောမယ် မေမေရယ်၊မိန်းမက ဗရင်ဂျီနာဖြစ်နေရင်တောင် ယောကျာ်းက သူ့ကိုပစ်ထားပြီး မယားငယ်ယူလို့ ရတယ်"

မေမေက မတ်တတ်ထရပ်သည်။ ခေါင်းမှာ ဆံထိုး ထိုးနေလျက်က ရူပါ့ကိုလည်း မျက်စောင်းနှင့် လှမ်းထိုး၏။

"နင်က ဘာဖြစ်လို့ မယားငယ်ကိစ္စကို ဒီလောက် လေ့လာနေရတာလဲ။ ဒီခေတ်မှာ မယားငယ်ဆိုတာ မရှိတော့ပါဘူး။ မယားပြိုင်ဆိုတာပဲ ရှိတော့တယ်။ သူ့ဘာသာ ဘယ်လိုရှိရှိ၊ ပြောရရင် ကိုယ်နဲ့ဆိုင်မယ့်ကိစ္စလည်း မဟုတ်ဘူး။ နင်က အဲဒါတွေ လျှောက်ပြောနေရအောင် မောင်တင်ကိုကိုက ဘာဖြစ်နေလို့လဲ"

ရူပါက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"အဲဒီလူကြီးကို ယူမယ့်မိန်းမကတော့ အဲဒီကိစ္စကို ထည့်စဉ်းစားထားရမှာပဲ မေမေ။ လက်ထပ်ပွဲကျမှ မယားကြီး လိုက်လာတာမျိုး၊ ဒါမှမဟုတ်လည်း ယူထားပြီး ဘာမှမကြာသေးဘူး။ ကိုယ်က မယားကြီးအဖြစ်ရာထူးတိုးပေးခံလိုက်ရတာမျိုး၊ အဲဒါတွေထဲက တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်လာမှာပဲ"

မေမေ စိတ်မရှည်ဖြစ်သွားပုံ ရသည်။ မှန်တင်ခုံပေါ်မှ ဘီးကိုကောက်ယူပြီး နံရံဆီ ပစ်ပေါက်လိုက်သည်။

"နင်ဟာ မောင်တင်ကိုကိုကို သက်သက် အဆိုးမြင်နေတာပဲ"

"အဆိုးမြင်တာ မဟုတ်ဘူး မေမေ ..။ ဦးတင်ကိုကိုဟာ ကုမ္ပဏီတွေ ထောင်ထားပြီး ချမ်းသာတာမှန်ပေမယ့် တကယ်တမ်းမှာ နိုင်ငံခြားသားတွေကို ဘုရားထူးမတတ် ဖားပြီး ဆက်ဆံလုပ်ကိုင်နေရတာ မေမေ။ ကိုယ့်တူကိုယ့်သား အရွယ် နိုင်ငံခြားသားတွေရှေ့မှာဆို သူ နေစရာတောင်မရှိဘူး။ အဲဒီလို လူမျိုးကို လင်သားအဖြစ် မပေါင်းအပ်ဘူးလို့ အဆိုရှိတယ်"

မေမေက မျက်လုံးပြူးဖြင့်ကြည့်ပြီး ...

"ဘာဖြစ်လို့လဲ"

"ပေါင်းရင် လင်အ၊ လင်ဖျင်းကိုပဲ ရမယ်တဲ့။ အားကိုးရမယ်တဲ့"

"နင့်ကို ဘယ်သူက ပြောလဲ"

"လာပြန်ပြီ ဒီမေးခွန်း"

ဘယ်စာအုပ်ထဲက ဖတ်ထားသည်ဆိုတာကို ပြောမည်ပြုပြီးမှ လျှာက မလိုက်နိုင်ဘဲ ထစ်အ ထစ်အ ဖြစ်နေသည်။ ထို့ကြောင့် ဝတ်ထားသည့် ယောကျာ်းရှပ်အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်ဖြန့်ဖတ်ကြည့်ပြီးမှ....

"ဒီမှာ သမီးက ကျမ်းကိုးနဲ့ပြောတာ။ ဟွန်း ... ဖတ်ပြမယ်။ နားထောင်။ ဒီစကားရဲ့ မူရင်းကျမ်းက ဇာတ်။ပါ။ဒုအုပ်။ ၁၂၀။ ဋ္ဌ။ ပဥ္စမအုပ် ၄၆၆ တဲ့ အဲဒီလို ရေးထားတယ်။ ဘာလဲတော့ သမီးလည်း မသိဘူး။အဲဒီလို လင်ကို မယူသင့်ဘူးတဲ့။ သူများရဲ့ နောက်လိုက်လင်တဲ့။ လင်အ၊ လင်ဖျင်းတဲ့"

မေမေက ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ ရှုပ်ပို့ကို ကြောင်တောင်တောင် ငေးကြည့်နေသည်။ ရှုပ်ပါက ဆက်တိုက်ဖိပြောလိုက်သည်။

"ဒီကိစ္စကို ဆက်မစဉ်းစားပါနဲ့တော့ မေမေရယ် ...၊ ဦးတင်ကိုကိုကိုလည်း စိတ်ကူးထဲက ဖယ်လိုက်ပါ"

"အောင်မာ .... မိရှုပ်ပါ"

မေမေ့အသံက ဟိန်းထွက်လာသည်။ ထဘီကို စွန်တောင်ဆွဲလိုက်ပြီး ရှေ့ကို ခြေတစ်လှမ်းတတ်ကာ ....

"နင့်နဲ့ငါ စကားပြောတာ တစ်ခုခု လွဲနေသလိုလိုပဲလို့ အောက်မေ့နေတာ၊ ခုမှ တွေးမိတယ်။ မောင်တင်ကိုကိုကို ငါ ယူမှာမို့လို့လားဟဲ့"

ဆွေ့ဆွေ့ခုန်ပြီး ဆက်ပြောသည်။

"ငါကပဲ အမြဲမမို့ လင်ပစ်ခံရလိုလို၊ ဗရင်ဂျီနာပဲ ပေါက်နေသလိုလို။ ဟဲ့ ... မိရူပါ မောင်တင်ကိုကိုကို ညည်းယူရမှာလား။ ငါကယူရမှာလား။ ငါက မောင်တင်ကိုကိုကို ယူမယ့်လူမို့လို့လား။ နင်ယူရမယ့် လူဟဲ့"

ရူပါကလည်း ပေကပ်ကပ်ပါပဲ။

"အင်းလေ ... မေမေတောင် မယူချင်တဲ့လူတစ်ယောက်နဲ့ သမီးကို အတင်းပေးစားနေတာကိုး ...၊ သမီး မယူနိုင်ပါဘူး။ ကိုယ့်ထက်လည်း အသက် အများကြီး ကြီးတယ်၊ ခုနက ဓာတ်။ ပါ။ ဒုအုပ်။ ၁၂။ ဌ။ ပဥ္စမအုပ်။ ၄၆၆မှာ ပါသေးတယ်။ အိုမင်းသောလင်ကို မယူရဘူးတဲ့"

"တော် ...တော် မိရူပါ။ နင် ငါ့ကို ဘာမှ စကားလာရှုည်မနေနဲ့တော့။ ဒီကိစ္စကို ငါ စီစဉ်တာလည်း မဟုတ်ဘူး နင့်အဖေ စီစဉ်တာ။ ပြောချင်ရင် နင့်အဖေကို ပြော"

"သိပါတယ်၊ ဖေဖေ့ကိုလည်း ပြောမှာပါ။ ဖေဖေ ပြန်လာရင် အပြင်း အထန်ဆွေးနွေးရမယ့် ကိစ္စပါ။ တော်ပြီ... မေမေနဲ့ ဆက်မပြောတော့ဘူး။ ဖေဖေ နဲ့တိုက်ပွဲဝင်ဖို့ သွားပြင်ဆင်လိုက်ဦးမယ်။ အချိန်တောင် သိပ်မရှိတော့ဘူး"

မေမေက မျက်ခုံးပင့်ပြီး မေးသည်။

"ဘာတွေ ပြင်ဆင်မှာလဲ"

"၁၈၅၂ အထူးထိမ်းမြားမှု အက်ဥပဒေရယ်၊ ၁၉၅၄ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေရယ်၊ Lesser wife လို့ခေါ်တဲ့ မယားငယ်အနှောင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အဲဒါတွေကို သွားဖတ်ရ ဦးမယ်"

"ဟေ"

"မဟေနဲ့ ... ဇနီးမယားအကြောင်း ဖွင့်ဆိုထားတဲ့ သတ္တဂုံတ္တရပါလီ တော်၊ ၄၄၆။ ဌ။ ၁၇၇၊ ဓာတ်ပါဠိတော်။ ပ အုပ် ၇၈။ ဌ။ ၃၁၃ ဆိုတာကိုလည်း သွားလေ့လာရဦးမယ်"

"ဟောတော်"

မေမေက သူ့ရင်ဘတ်ကို သူ့လက်နှင့်ဖိပြီး သူ့ပါးစပ်ဖြင့် ရေရွတ်သည်။ ထို့ကြောင့် 'ဟောတော်' ဟူသော အသံသည် မေမေ့အသံသာဖြစ်ပြီး ရူပါ့အသံ လားလားမှ မဟုတ်ပါချေ။

ထီထိုးမယ်လို့ စိတ်ကူးတဲ့ ညတစ်ညမှာ ကျွန်တော် အိပ်မက် မက်ခဲ့ဖူးတယ်။

ရေထဲကို တစ်ခုခု ပြုတ်ကျသွားတယ် ... ဆိုတဲ့ အိပ်မက်ပေါ့။

ဘာပြုတ်ကျမှန်းမမှတ်မိဘဲ ... 'ပလုံ' ဆိုတဲ့အသံကိုပဲ ခံစားလို့ရတယ်။ 'ပလုံ'ဆိုတာ ... ၅၊ ၄၊ ၅ အစ ၄အဆုံးပေါ့။

ထိုးခါနီးကျမှ ပြန်စဉ်းစားဖြစ်ပြန်တယ်။

'ပလုံ'ဖြစ်မယ်မှန်းသိရက်နဲ့ ထိုးသလိုများ ဖြစ်နေရော့သလား။ ကျွန်တော့်မှာ အဲဒီ ၅ အစ ၄ အဆုံးကို ထိုးရမလိုလို၊ မထိုးရမလို။

အခု .... လင်းရှုပါကို ချစ်ရတာလည်း အဲဒီလိုပဲ။

၉၆

ရှူး

"တို့ သိချင်တာကကွာ ...."

"အင်း ..."

"မိန်းမအပြား ဘယ်လောက်ရှိလဲ"

ရိုးမြင့် ခေါင်းမွေးထောင်သွားရသည်။

"ဘာ ... ဘာပြောတယ် ..."

"ဒီလိုလေကွာ... မိန်းမအပြား ငါးပါးလား၊ ခြောက်ပါးလား၊ အဲဒီလိုမျိုး ရှိတယ် မဟုတ်လား"

"သြော် ... အဲဒါလား"

"အေး ... အေး .... အဲဒါ"

"အဲဒါဆိုရင်တော့ မိန်းမအပြား လေးမျိုးရှိတယ်ကွ"

"အေး .... အေး ဟုတ်ပြီ၊ အကျယ်ရှင်းပါဦး"

"ပထမအပြားက 'ပဒုမ္မနီ'လို့ခေါ်တယ်။ ကိုယ်ကနေ ကြာညိုနံ့သင်းတယ်"

ဟိုကောင်တွေက ခေါင်းညိတ်ကြ၏။

"အင်း .... ကြားဖူးတယ်၊ ကျန်တာတွေ ဆက်ပြောပါဦး"

"နောက်တစ်ပြားက 'သန်နီ' လို့ခေါ်တယ်။ ကိုယ်ကနေ ငရုတ်ပန်းနဲ့ ထွက်တယ်"

"ဟင် .... တစ်မျိုးပါလား"

"အေး ... နောက်တစ်ပြားက 'စိတြနီ'တဲ့ ..."

"သူကရော ..."

"သူ့ကိုယ်ကကျတော့ ကျင်ငယ်နဲ့ ထွက်တယ်"

"ဟင်"

"ဟာ"

အကုန်လုံး မျက်ကလူးဆန်ပြာ ဖြစ်ကုန်ကြသည်။

"ဟေ့ကောင် မင်းဟာက ..."

"ငါ နောက်တာ မဟုတ်ဘူး၊ အကောင်းပြောနေတာ"

"တကယ်လား"

"တကယ်ပါကွ၊ မဟုတ်တာ မပြောပါဘူး၊ ကျမ်းဂန်တွေထဲမှာ အဲဒီလို ပါတယ်"

ခေါင်းတညိတ်ညိတ် လုပ်နေကြပြီးမှ ...

"အေး ... ဆက်ပါဦးကွာ။ နောက်ဆုံးတစ်ပြားကို"

"နောက်ဆုံးတစ်ပြားက'ဟတ္တိနီ' တဲ့။ သူ့ကိုယ်ကကျတော့ ညှီနံ့ထွက် တယ်"

အားလုံး ငြိမ်ကျသွားသည်။ ခဏကြာမှ မင်းသန့်က ...

"ဟေ့ကောင် ဂိုးဝွင့်"

"ပြော ...."

"အဲဒါ ဘယ်ပညာရှိပြောတဲ့ စကားလဲ ..."

"ဘာဖြစ်လို့လဲ"

"သူက မိန်းမတွေအကုန်လုံးကို လိုက်ရှူထားလို့လား၊ သေသေချာချာ Research လုပ်ထားလို့လား"

"အဲဒါတော့ ငါလည်း ဘယ်သိမလဲကွ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။ တိုးမိုးဝင်းက ...

"ရှေးလူကြီးတွေကလည်းကွာ ... ကြံကြံဖန်ဖန်"

ရိုးမြင့်က ဆက်ပြောလိုက်သည်။

"မင်းတို့ ကြားဖူးကြလား၊ အဲဒီမိန်းမတွေမှာ ညှို့ချက် ရစ်ချက် ရှိတယ်တဲ့"

"ဟေ ... ဟုတ်လား၊ မကြားဖူးဘူး၊ ပြောပါဦးကွ"

သူတို့တစ်တွေ စိတ်ဝင်တစား ဖြစ်သွားကြသည်။ ဆိုင်ရှင် ကိုကြည်ညွန့်ကပင်လျှင် မယောင်မလည်နှင့် နားစွင့်နေတာကို ရိုးမြင့် သတိထားမိပြီး ပြုံးဖြစ်သေးသည်။

"ဒီလိုကွာ ..."

"အေး ... လုပ်ပါဦး...."

"တချို့ မိန်းကလေးတွေဟာ သူတို့မျက်နှာကို ချိုချိုကလေး လုပ်ထားတတ်ကြတယ်"

"အေး ... အဲဒါ ဘာဖြစ်လဲ"

"အဲဒါကိုက ယောကျ်ားတွေကို ဆွဲဆောင်ယူတဲ့ ညှို့ချက်အမှတ်တစ်ပဲကွ။ 'သိတံ'လို့ ခေါ်တယ်"

"ဩော် ...."

"တစ်ချို့မိန်းကလေးတွေကကျတော့ အသံတိုးတိုးကလေးနဲ့ ရယ်ပြတတ်ကြတယ်။ အဲဒါက ညှို့ချက်အမှတ်နှစ်၊ 'ဟာသ'လို့ခေါ်တယ်"

"သဘာဝကျပါပေရဲ့ကွာ"

"တချို့ မိန်းကလေးတွေကကျတော့ ယောကျ်ားတစ်ယောက်ရဲ့ ရှေ့မှာ ကြောက်ပြ၊ စိုးထိတ်ပြတယ်၊ အဲဒါက ညှို့ချက်အမှတ်သုံး၊ 'ဘယ'တဲ့"

"ဩော် ... အေး၊ ဟုတ်ပြီ"

"တချို့ မိန်းကလေးတွေက ရှက်ကိုးရှက်ကန်း လုပ်ပြတတ်တယ်။ လျှာကလေး တစ်လစ်ထုတ်ပြတတ်တယ်။ အဲဒါဟာ ညှို့ချက်အမှတ်လေးဘဲ၊ 'လဇ္ဇ' လို့ခေါ်တယ်"

"ဒီလိုကိုး ... ဟုတ်ပြီဗျာ"

"တချို့ ကောင်မလေးတွေဟာ စကားကို မကြားတကြားကလေး ဖြစ်အောင် လုပ်ပြောတတ်တယ်။ ညှို့ယူချက်အမှတ် ငါးပေါ့။ 'မန္ဒဝါစာ' တဲ့။

"ညှို့ချက်ခြောက်ကရော ..."

"မျက်လုံးထောင့်ကပ်ကြည့်တာက ညှို့ချက်အမှတ်ခြောက်၊'အဒေလက္ခဏာ' တဲ့"

"ကောင်းလှချည်လား"

သုံးယောက်သား သဘောတွေ့နေကြသည်။ မင်းသန့်က ...

"ခုနစ် ခုနစ်ကို လုပ်ပါဦး"

"မျက်ရည်ကျပြတာက ခုနစ်လေ၊ 'ရူဒါ'တဲ့"

"ထောင့်ကိုစေ့နေတာပဲနော်၊ လုပ်ပါဦး ... နောက်ဆုံးကျန်တဲ့ညှို့ချက်ရှစ်ကို"

"မခံချင်အောင် စကားနာထိုးတာတွေက အမှတ်ရှစ်၊ 'ဤသံကလဟ' လို့ ခေါ်တယ်"

နေထွန်း၏မျက်နှာက ပြုံးဖြီးဖြီးဖြစ်လာပြီး ...

"ဟော့ကောင် ... ရိုးမြင့်"

"ပြော ..."

"အဲဒါကရော ဘယ်ပညာရှိကြီး ပြောတာလ"

"မေးပြန်ပြီ၊ ဘာလုပ်မလို့လဲ"

"ဟီး ဟီး ... အဲဒီပညာရှိကြီးဟာ ညှို့ချက်ရှစ်ချက်နဲ့ ဒဏ်ကို အတော်ခံခဲ့ရပုံပဲနော်"

ရယ်ဖြစ်ကြသည်။ တိုးမိုးဝင်းက ...

"အေးလေ ... သူ အသည်းတွေ ဘာတွေ ကွဲဖူးမှာပဲ။ ဘယ်လိုများကွဲသလဲ မသိဘူးနော် ရိုးမြင့်"

"ဘယ်လိုများ ကွဲရဦးမှာလဲကွာ၊ မျက်ရည်ကို တောင်ရှည်ပုဆိုးလေးနဲ့ မြှောက်မြှောက်သုတ်ပြီး ကွဲမှာပေါ့"

ဝါးခနဲ ရယ်လိုက်မိကြသည်။ ရယ်သံက အတော်ကျယ်သွားသဖြင့် ဘေးဝိုင်းတွေက လှည့်ကြည့်ကြသည်။ လမ်းသွားလမ်းလာအချို့ကလည်း ငဲ့စောင်းကြည့်သွားကြသည်။

လူတွေကတော့ သူတို့ကို လက်ဖက်ရည်ဆိုင်မှာ ဟေးလားဝါးလား အချိန်ဖြုန်းနေသည့်လူငယ်တွေဟု ထင်ကြလိမ့်မည်။ အရေးမကြီးပါ။ လူငယ်သည် လူငယ်လို လွတ်လပ်ပေါ့ပါးဖို့လည်း လိုပါသည်။

အမှန်တော့ သူတို့အားလုံးသည် ဆေးကျောင်းပြီးကာစ ဆရာဝန်ပေါက်စများဖြစ်၏။ ပိုစတင်မကျသေးခင် အားလပ်နေကြခြင်း ဖြစ်သည်။

"ရိုးမြင့် မေးချင်တာလေးတွေ ရှိသေးတယ်ကွ"

"ကုန်ပြီ ... ငါလည်း ဒီလောက်ပဲ သိတယ်၊ မမေးနဲ့တော့ အဲဒါတောင် လူရည်ချွန်စာမေးပွဲဖြေတုန်းက ကျက်ထားတာတွေ"

"အခုမေးချင်တာက ပိုအရေးကြီးတယ်ကွ"

ရိုးမြင့် ခေါင်းကုတ်လိုက်မိသည်။ နေထွန်းကိုကြည့်ရင်း ရယ်လည်း ရယ်ချင်လာသည်။

"ကဲ .. ဒါဖြင့်လည်း .... မေးကွာ ... မေးကွာ"

"ချစ်သူရည်းစားတွေအကြောင်းရော သုတေသနပြုထားတာ မရှိဘူး လား၊ မင်း မဖတ်ဖူးဘူးလား"

"မင်းရဲ့မေးခွန်းကို ငါ မရှင်းဘူး"

"ဒီလိုကွာ ...ရည်းစားထားချင်တဲ့ လူတစ်ယောက် သိရမယ့်အချက် မျိုးပေါ့"

"အင်း .... အဲဒါက ..."

ရိုးမြင့်က စကားဆက်မပြောဘဲ စဉ်းစားနေသဖြင့် အားလုံးက အလိုက် တသိပင် ငြိမ်သက်နေလိုက်ရင်း ရိုးမြင့်၏စကားကို စောင့်နေကြသည်။ရိုးမြင့်က မေးစေ့ကို လက်နှင့်ပွတ်ကာ စဉ်းစားနေသည်။ အတန်ကြာမှ လက်ကို မေးစေ့ နှင့် ပြန်ပွတ်ပြလိုက်ရင်း ...

"မပြောတတ်ဘူးကွ၊ မသိဘူးကွ"

"ဟာကွာ ..."

နေထွန်း အားမလိုအားမရ ဖြစ်သွားသည်။ မင်းသန့်က နေထွန်း၏ အနောက်မှာ ထိုင်နေရင်း နေထွန်း၏ရှေ့နေ ဝင်လုပ်ပေးသည်။

"စဉ်းစားပါဦး .... ဂိုးဂွင့်ရာ၊ မင်းက သိတတ်ပါတယ်"

"ပြဿနာပဲ"

ထိုစဉ်မှာပဲ ခေါင်းထဲသို့ အတွေးတစ်ခု လက်ခနဲဝင်လာကာ

"ဩော် ... တစ်ခုတော့ ရှိတယ်ကွာ"

"အေး ... အေး ပြောပါဦး"

"ရည်းစားထားရာမှာ ကြောက်ရတဲ့ အချက်လေးချက် ရှိတယ် ...။ ကြောက်ရွံ့မှု လေးခု ရှိနေတတ်တယ်"

"စိတ်ဝင်စားစရာပဲ၊ ရှင်းပါဦးကွ"

"ဒီလိုကွာ .... ငါက ရည်းစားမရှိဘူးဆိုပါတော့"

စကားပလ္လင်ခံခြင်းဖြစ်သည်။ ဒါကို နေထွန်းက နားမလည်။

"ဆိုပါတော့လို့ လုပ်မနေနဲ့၊ တကယ်မရှိတာပါ"

"အေးကွာ ... တကယ်မရှိတာဘဲ ထား၊ အဲဒီတော့ ငါ့မှာ စိုးရိမ်စရာ

ဖြစ်လာတယ်။ ငါ ရည်းစားမှ ရပါဦးတော့မလားဆိုတာ၊ အဲဒါမျိုးကို 'မူလကြောက်ရွံ့မှု 'လို့ ခေါ်တယ်"

"ဩော် ... အေး"

ထိုအခါကျမှ နေထွန်းက ခေါင်းညိတ်သည်။

"နောက်တစ်ခါ ငါရတဲ့ရည်းစားဟာ မင်းသန့်ရဲ့အစ်မလောက် လှပါဦးမလား၊ ကျောကုန်းမှာ 'ဘု'ကြီးများ ပါလာမလား၊ ယူပြီးမှ နားရွက်တစ်ဖက် မရှိမှန်း သိမှာလားဆိုတာမျိုး ကြံဖန်စိုးရိမ်တာမျိုးရှိတယ်။ အဲဒါကို 'စိတ်ကူးယဉ်ကြောက်ရွံ့မှု' လို့ခေါ်တယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ"

"အဲဒီလိုနဲ့ ငါက မင်းညီမ ဖြူဖြူထွန်းနဲ့ ကြိုက်သွားတယ် ဆိုပါတော့။ မင်းညီမကို ငါ့အနေနဲ့ လက်ကလေးဘယ်လိုစကိုင်ရပါ့မလဲ။ ရပ်ရှင်အတူကြည့်ဖို့ ဘယ်လိုစည်းရုံးရပါ့မလဲ။ အဲဒါတွေကို "လက်တွေ့ကြောက်ရွံ့မှု" လို့ခေါ်တယ်။ ငါ့လက်ထဲကနေ မင်းညီမကို မင်းသန့်တို့၊ တိုးမိုးဝင်းတို့က လုယူသွားမှာကို စိုးရိမ်တာမျိုးလည်း ပါတာပေါ့"

"အင်းပါ ... အင်းပါ"

နေထွန်း အောင့်သက်သက်နှင့် ခေါင်းညိတ်ပုံကိုကြည့်ပြီး သုံးယောက်သားဝါးခနဲရယ်ဖြစ်ကြပြန်သည်။ နေထွန်းကပါ စိတ်ညစ်ညစ်နှင့်လိုက်ရယ်သည်။

ရိုးမြင့်က စကားကို ဆက်လိုက်သည်။

"နောက်ပြီး မင်းညီမနဲ့ ငါနဲ့ ပန်းခြံထဲမှာ ထိုင်တယ် ဆိုပါတော့၊ အဲဒီအချိန်မှာ"

"အာ ... ဟော့ကောင်၊ ဟော့ကောင်"

နေထွန်းက ကပျာကယာ လက်ကာထားပြီး ...

"မင်းကွာ၊ ငါ့ညီမကို ပန်းခြံထဲတော့ ခေါ်မသွားပါနဲ့"

တသောသော ထရယ်ဖြစ်ကြပြန်သည်။

"မင်းကလည်းကွာ သဘောပြောတာပါ"

"သဘောမှာလည်း တခြားနေရာကို ပြောပါကွာ၊ ပန်းခြံထဲတော့ ခေါ်မသွားပါနဲ့"

"အေးအေး ... ထားပါတော့၊ ငါနဲ့ ဖြူဖြူထွန်း အင်းလျားကန်စပ်မှာ လက်တွဲပြီး လမ်းလျှောက်ကြတယ် ဆိုပါတော့။ မင်းကပါ ရောက်လာမှာ

စိုးတယ်။ တို့ချစ်သူနှစ်ယောက်လုံးက မင်းနဲ့မဆုံချင်ဘူး။ အေး ပေးပေးပေး ပြောရတာ အရသာရှိလိုက်တာ၊ အဲဒါမျိုးကို 'လူမှုရေးကြောက်ရွံ့မှု' လို့ခေါ်တယ်"

အရယ်ရှိန်မပြေသေးသော မျက်နှာနှင့် မင်းသန့်က ဝင်ပြောသည်။

"ဒါဆိုရင် သမီးရည်းစားကဏ္ဍမှာ အဲဒီလို ကြောက်ရွံ့မှုလေးမျိုး ရှိတယ်ပေါ့"

"အေး ... ဟုတ်တယ်"

"ပြီးတော့ကော ..."

"ပြီးတော့ မသိတော့ဘူး"

ကိုကြည့်ညွန့်က စီးကရက်တစ်ပွဲ ထပ်ချပေးသည်။ ခေတ္တစကားစ ပြတ်သွားသည်။ အတန်ကြာမှ ရိုးမြင့်က ...

"နေထွန်း"

"ဘာလဲ"

"ငါလည်း မင်းလို ဒုက္ခမျိုး ဖြစ်နေတယ်ကွ"

"ဘယ်လို ဖြစ်တာလဲ"

"ငါ့အိမ်ကလည်း ငါ့ကို မိန်းမပေးစားချင်နေပြီ"

"မင်းက မယူချင်သေးဘူးပေါ့"

"အရွယ်အရတော့ စဉ်းစားနေရပြီပေါ့ကွာ။ ဒါပေမယ့် ..."

Taxi ကားက သူ့ရှေ့မှာ ထိုးရပ်မှ ကားပေါ်မှာ လူတစ်ယောက်ပါနေမှန်း သတိထားလိုက်မိ၏။

"ဟင်"

"အော်"

အားလုံးက မျှော်လင့်ထားကြသည့်အတိုင်း ကားပေါ်မှ ပါလာသူက ဆည်းဆာ (ဝါ) ဆည်းဆာချို (ဝါ) တံဆိပ်ခေါင်းလေး (ဝါ) ကျွန်တော့်မတင်မြ ဖြစ်နေသည်။

ဒရိုင်ဘာက ....

"ဘယ်သွားမလဲ"

ရိုးမြင့်က ဒရိုင်ဘာ့စကားကို မဖြေအားသေး။ အထက်အောက် အဖြူ ရောင်ဝတ်စုံဖြင့် လှပကြည်လင်နေသော ဆည်းဆာကို ဝမ်းသာအံ့ဩစွာ လှမ်း မေးလိုက်သည်။

"ဆည်းဆာ တစ်ယောက်တည်းလား၊ ခုနင်က ကျွန်တော်တောင် အိုင် ဒီယာမဂ္ဂဇင်းတိုက်ကို ရောက်သေးတယ်။ ဆည်းဆာ မနက်က လာသွားတာကို တောင် သူတို့ပြောတယ်။ ဘာလို့ အဖော်ခေါ်မလာတာလဲ"

ဆည်းဆာက မဖြေချင့်ဖြေချင်လေသံနှင့် ...

"အင်း ... တစ်ယောက်တည်းပဲ သွားတတ်တယ်။ အဖော်ပါတာကမှ ပိုရှုပ်သေးတယ်"

ထိုစကားသည် ရိုးမြင့်ကို ကြိုတင်စည်းထားလိုက်ခြင်း ဖြစ်နိုင်သည်။ "ဆီးတား" လိုက်သည်ဟုလည်း ဆိုနိုင်သည်။

တက်စီဒရိုင်ဘာက ...

"ကဲ ... ဆရာတို့နောက်မှ စကားပြောကြပေတော့ ဘယ်သွားမှာလဲ ဆိုတာကို ပြောဦး"

ရိုးမြင့်အခွင့်အရေးကို ကျွတ်အကျမခံဘဲ ...

"တစ်ခရီးတည်းပဲလေဗျာ... သူနဲ့အတူတူပဲ"

"ဩော် ... ဒါဆို အဆင်ပြေတာပေါ့၊ အလုံကိုပဲပေါ့"

"ဟုတ်တယ်။ အလုံကို ... အလုံကို"

"သုံးရာပေးရမယ်"

"ရတယ်ဗျာ"

နောက်ခန်းတံခါးဆွဲဖွင့်ပြီး တက်မည်လုပ်တော့ ဆည်းဆာက ...

"ရှေ့မှာထိုင်လေ"

ရိုးမြင့်က ဒရိုင်ဘာနှင့်တော့ တွဲမခုတ်ချင်ပါ။ ကားတံခါးဖွင့်ရင်း တန်း လန်း အိုးတိုးအမ်းတမ်း ဖြစ်သွားမိသည်။ ဒရိုင်ဘာက ...

"ဆရာတို့ချင်း ရင်းနှီးရင် နောက်မှာပဲ ထိုင်လိုက်ကြပါလား။ ရှေ့ခုံကို ခုပဲ ရေသန့်ဘူး မှောက်သွားလို့"

ဟော ...ဟော့။ ကားထဲသို့ ရိုးမြင့် ပစ်ဝင်ထိုင်ချလိုက်သည်။ လူအထင် ကြီးတာကို ခံရဦးတော့မည်။ ဆည်းဆာက တစ်ဘက်သို့ ရွှေ့ထိုင်သည်။ လိုက် ရွှေ့လျှင် ဖြောင်ကျလွန်းသလို ဖြစ်နေနိုင်သောကြောင့် ရိုးမြင့် လိုက်မရွှေ့။

သို့သော် သူနှင့် နီးနိုင်သမျှ နီးအောင်၊ ကိုယ်ကို အစွမ်းကုန်ကားထား လိုက်သည်။ ဒရိုင်ဘာကတော့ သူတို့ဖြစ်နေတာတွေကို ဂရုမပြုမိ။ ယာဒ့်ဒလေ ရေမွှေးနံ့ပါသော ဆည်းဆာ၏ ကိုယ်သင်းနံ့လေးကို ပြည်သူပိုင်လေထုထဲမှ တစ်ဆင့် ရိုးမြင့် အားရပါးရ ရှူရှိုက်နေမိသည်။

ဒရိုင်ဘာက ကားမောင်းနေရင်း သူတို့ကို စကားရောသောပါသော လုပ်သည်။

"ဒီနေ့ ဘယ်လိုဖြစ်တယ် မသိဘူးဗျ"

"ဘယ်လိုဖြစ်လို့လဲ"

"ခုလိုပဲ အမျိုးသမီးတစ်ယောက်တည်းက ကားတားစီးတယ်။ လမ်းမှာ လူထပ်တင်မယ်နော်ဆိုတော့ တင်တဲ့၊ လမ်းမှာ တားစီးကြတာတွေကလည်း အမျိုးသားတစ်ယောက်တည်းချည်း ဖြစ်ဖြစ်နေတယ်"

"အမျိုးသမီးတွေကပဲ ဦးဦးနေတဲ့သဘောပေါ့"

"ဟုတ်တယ်"

"ဒီလိုပေါ့ဗျာ ... ကမ္ဘာကြီးမှာလည်း မိန်းမက အရင်ဖြစ်တာကိုး၊ပြီးမှ ယောကျာ်းက လိုက်ဖြစ်ရတာ"

ဒရိုင်ဘာ နားထွေးသွားဟန် တူသည်။

"ဘယ်လို .... ဘယ်လို"

"ဩော် ... ဒီလိုလေဗျာ ကမ္ဘာကြီးပေါ်စတုန်းက မိန်းမတွေက အရင်ဖြစ်တယ်။ ပြီးမှ ... ယောကျာ်းတွေက လိုက်ဖြစ်တာကိုး။ အဲဒါကြောင့် မိန်းမကစောပြီး ယောကျာ်းက နောက်ကျကျ နေတတ်တယ်။ အဲဒါမျိုးနေမှာပေါ့"

ဒရိုင်ဘာက ဘာမှပြန်မပြော။ သို့သော် ...

"မဟုတ်တာတွေရှင် ...."

ဆည်းဆာ၏ ငြင်းသံချိုချိုလေးက ထွက်လာသည်။

ရိုးမြင့်စိတ်ထဲမှ ကြိတ်ရယ်လိုက်မိသည်။ မှတ်ထားကွ၊ ဒီပန်းလေး ထိုးလာဖို့ ဒီအိုးက တမင်ချပေးလိုက်တာ။

"ဘာဖြစ်လို့လဲ"

"ကမ္ဘာဦးမှာ ယောကျာ်းက အရင်စဖြစ်တာပါရှင့်"

"ဒါဖြင့် အဲဒီယောကျာ်းကို ဘယ်သူက မွေးတာလဲ"

"အာ .... ဒုက္ခပါပဲ"

ဆည်းဆာ စိတ်ညစ်သွားဟန်တူသည်။

"ဒီမယ် ကျွန်မ ပြောမယ်၊ ဘုရားသခင်က မြေမှုန့်ကနေတစ်ဆင့် 'အာဒမ်'ကို အရင်ဖန်ဆင်းလိုက်တာ၊ ယောကျ်ားက အရင်စဖြစ်တာ၊ ပြီးမှ အာဒမ်ရဲ့ နံရိုးတစ်ချောင်းရဲ့ 'ဧဝ'ကို ဖန်ဆင်းလိုက်တာ၊ မိန်းမက နောက်မှ ပေါ်လာတာ"

"ခရစ်ယာန်ကျမ်းစာထဲက ဟာတွေ လာပြောနေတယ်"

"အောင်မာ ... ဒါဖြင့် ပြောပါဦး၊ ရှင်က ဘယ်ကျမ်းထဲကထုတ်ပြီး ပြောတာလဲ"

"မှတ်ထား အသီတိနိပါတ်၊ မဟာဟံသဇာတ်ပါဠိတော်မှာ မိန်းမက အရင်စဖြစ်တယ်လို့ ဆိုထားတယ်ဗျ"

သူမ၏မျက်နှာ ရှုံ့သွားသည်။ လှတဲ့သူကျတော့လည်း မျက်နှာရှုံ့သွားတာကလည်း လှနေတာပါပဲ။

ရိုးမြင့်က ထပ်ကွန့်လိုက်၏။

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မန်လည်ဆရာတော်က မင်းကွန်းဆရာတော်ကို မေးဖူးတယ်။ မင်းကွန်းဆရာတော်က စာချိုးနဲ့ ပြန်ဖြေတယ်ဗျ"

သူမက ရိုးမြင့်ကို ငဲ့ကြည့်သည်။

"အဲဒီစာချိုးကို ရွတ်ပြရဦးမလား"

မျက်နှာလွှဲသွားသည်။ ရိုးမြင့်က ဌာန်နဲ့ ဟန်နဲ့ ရွတ်ပြလိုက်သည်။

"ကြွတ္ထိတဲ့ ပုရိသာ
ပေါ်စကမ္ဘာက
မိန်းမမှာအစထူး
ရှေးဦးဖြစ်လာ။
သွေမလွဲပါဘူး
ဝေခွဲငဲ့ဆွေသဟာငယ်
မှတ်ပါစေချင်လွန်း
ဥဒါန်းငယ်ပြောင်
လူ့တမ်းမှာ တမူဆောင်လို့
ဇမ္ဗူဘောင် နောင်မညှိုးအောင်
ထိုးတော့ မော်ကွန်း"

စာချိုးရွတ်သံ အဆုံးမှာ ရိုးမြင့်က ...

"ကဲ ... သိပြီလား"

ဆည်းဆာ၏မျက်နှာကို ပြုံးစိစိဖြင့်ကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။ သူမက ...

"ကျွန်မက သမ္မာကျမ်းစာနဲ့ ပြောလို့၊ ရှင်က ပါဠိတော်နဲ့ ပြန်ပြောတာပေါ့လေ"

"ဒါပေါ့ဗျာ ... ဟဲ ဟဲ"

"အဲဒါဆို ကျွန်မကလည်း ရှင်မေးသလိုပဲ ပြန်မေးမှာပဲ"

"မေးလေ ... ဘာလဲမေး"

"ရှင်ပြောသလို မိန်းမက အရင်စဖြစ်တယ်ဆိုပါတော့"

"အင်း .... အဲဒါ ဘာဖြစ်လဲ"

"အဲဒီမိန်းမကိုရော ဘယ်သူက မွေးလိုက်တာလဲ၊ သူ့အမေက ဘယ်သူလဲ၊ မိန်းမတစ်ယောက်တည်းက ကလေးမွေးလို့ မရဘူး။ အဖေရှိရဦးမယ်။ အဲဒီအဖေကရော ဘယ်မှာလဲ"

"အဲ ..."

ရိုးမြင့် ခေါင်းကုတ်လိုက်မိသည်။ ဒရိုင်ဘာက တဟားဟား ထရယ်နေသည်။

၉၆

# ပင်လယ်အတုထဲကကျွန်း

"အမှန်တော့ အဲလိုရည်းစားစကား အပြောမခံရအောင် ရှောင်နေလိုက်တာ အကောင်းဆုံးပဲဟ"

ရွှေရည်ဝင်းက ဝင်မေးသည်။

"အဲဒါကျတော့လည်း မသန္တာလို အပျိုကြီးဖြစ်သွားမှာပေါ့"

ဒီလိုကျတော့လည်း မသန္တာက မခံနိုင်ပေ။

"ငါ အခုမှ ၃၄နှစ်ပဲ ရှိသေးတယ်၊ ဂိတ်ဆုံးမရောက်သေးဘူး"

"အေးလေ ... ရွှေရည်ကလည်း၊ နင်က ပါးစပ်ပုပ်ကြီးနဲ့ လျှောက်မပြောပါနဲ့၊ မသန္တာက ရချင်ရဦးမှာပေါ့"

ရယ်ရွှန်းပက်ရွှန်းဖြင့် လဝန်းက ဝင်ပြောသည်။ ထက်ထက်ကလည်း

"ကဲ ... ပြော ပြော မသန္တာ ဆက်ပြောပါဦး သိရတာပေါ့"

မသန္တာက သူ့စကားကို ဆက်သည်။

"အကောင်းဆုံးက ခုနက ငါပြောသလိုပဲ၊ ရည်စားစကားပြောမခံရအောင်နေ၊ သူတို့ပြောခွင့်မရအောင် နေ၊ အဲဒါကို ဖေဗီယန်နည်းလို့ခေါ်တယ်။ Fabian Method ပေါ့"

"မသန္တာကြီးကလည်း သူတို့ရည်စားစကားပြောအောင် ကိုယ်က လုပ်နေတာမှ မဟုတ်တာ၊ တစ်ခါတစ်ခါ ကိုယ့်ကိစ္စနဲ့ကိုယ် သူတို့ကို ဂရုတောင် မစိုက်မိပါဘူး"

"အင်းလေ... တစ်ခါတစ်ခါသူတို့ဘာသာ ဘယ်ချောင်က ပေါ်လာမှန်း တောင် မသိဘူး"

"အေး ... အဲဒါဆိုလည်း သူနဲ့ကိုယ်နဲ့ ရင်ဆိုင်မိတဲ့အချိန်မှာ နေရာရဲ့ အနေအထားကို လေ့လာလိုက်၊ ဘေးမှာ အားကိုးရမယ့်လူသူရှိတယ်ဆိုလို့ရှိရင် ပြေးကပ်ပြီး ဝင်ရောလိုက်၊ သူတို့ တွန့်သွားလိမ့်မယ်၊ လုပ်ချင်တိုင်းလုပ်၊ ပေါ ချင်တိုင်ပေါလို့ မရတော့ဘူး။ နင်တို့ သတိထားရမှာက နှစ်ချက်ရှိတယ်"

"အင်း ... ပြောပါဦး၊ ဘယ်လိုနှစ်ချက်လဲ"

အစက သိပ်စိတ်မဝင်စားလှသော လဝန်းပင်လျှင် မသန္တာ၏စကား ကို စိတ်ဝင်စားလာသည်။ ထက်ထက်အောင်နှင့် ရွှေရည်ဝင်းက တစ်ယောက် ကိုတစ်ယောက် မှီထိုင်ရင်း မသန္တာ၏စကားကို နားထောင်နေသည်။

"ပထမသတိထားရမှာက ချောင်ပိတ်မိမယ့်နေရာမျိုးပေါ့။ Bottleneck လို့ခေါ်တယ်။ ပုလင်းလည်ပင်းလိုကျပ်တဲ့ နေရာမျိုးပေါ့"

"လဝန်းတို့ရှင်းအောင် ဥပမာလေး ဘာလေး ပေးလေ မသန္တာရယ်"

"ဥပမာဟယ် ... လူနှစ်ယောက်တည်း သွားလို့ရတဲ့ တံတားရှည်ကြီး ပေါ်တို့၊ အဲဒီလိုမျိုး နေရာတွေပေါ့"

"လူကူးမျဉ်းကြားကနေ ဖြတ်ကူးရင်း ရည်းစားစကားလိုက်ပြော တာမျိုးကရော"

"အေးပေါ့ ... အဲဒါလည်း ပါတာပေါ့။ နေပါဦး လဝန်းက အဲလိုလိုက် အပြောခံရဖူးလို့လား"

"အင်း ..."

"အဲဒီတော့ ဘယ်လိုဖြေရှင်းလိုက်လဲ"

"ခစ် .... ခစ်၊ မဖြေရှင်းပါဘူး။ သူနဲ့ကာပြီး ကားတွေရှေ့ ဖြတ်ကူး လိုက်တယ်၊ ဟိုဘက်ရောက်တော့ ကိုယ့်ဘာသာ လူကြားထဲဝင်လိုက်တယ်"

"အေး ... ကောင်းတယ်"

"ပြောပါဦး၊ နောက်တစ်ချက်"

"နောက်တစ်ချက်ကတော့ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်ရမယ့် အနေအထားမျိုးပေါ့ဟာ၊ နင့်ကိုသူက လိုက်စကားပြောနေတယ်။ လွတ်နိုင်တဲ့

ထွက်ပေါက်ရှိတယ်။ ဒါပေမဲ့ အဲဒီဘက်မှာလည်း ရည်စားစကားပြောရဦးမယ့် နောက်တစ်ယောက်က အသင့်စောင့်နေတယ်။ အဲလို အနေအထားမျိုးပေါ့"

"သြော် ... အင်း အင်း၊ ဟုတ်ပြီ"

"အဲလိုအနေအထားကို ဦးချိုနှစ်ဖက်ပေါ်ခွထိုင်နေရတဲ့ အနေအထားလို့ ပြောကြတယ်။ On the horns of a dilemma လို့ခေါ်တယ်"

"သြော် ... သြော်၊ အဲလိုလား"

"အင်း ... အဲလိုအခြေအနေမျိုးကို လဝန်း ကြုံဖူးလား"

"အဟင်း ... ကြုံဖူးတယ်"

"နင် ဘယ်လိုလုပ်လိုက်လဲ"

"ခစ် ခစ် လွယ်ပါတယ် မသန္တာရဲ့ ..."

"ပြောပါဦး"

"သူတို့နှစ်ယောက်ကို ရန်တိုက်ပေးလိုက်တာပေါ့"

"ဒါ နင်က ဖြတ်ထိုးဉာဏ်ကောင်းလို့၊ တချို့ဆို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်တာ၊ နင်လုပ်လိုက်တာ ကောင်းတယ်။ အဲလို လမ်းလွှဲပေးတာကို Diversion ခေါ်တယ်။ တစ်ခါတစ်ခါကျတော့လည်း အာရုံပြောင်းပေးရတယ်ဟ"

"လမ်းလွှဲပေးတာနဲ့ အာရုံပြောင်းတာ မတူဘူးလား"

"မတူဘူး ... နည်းနည်းကွာတယ်"

"ရှင်းစမ်းပါဦး"

"သြော် ... ကိုယ့်ကို လိုက်စကားပြောနေတဲ့ကောင်ကို ဟိုးအနောက်မှာပါလာတဲ့ ကောင်မလေးက ကျွန်မထက် ဆယ်ဆလှတယ်ရှင့်လို့ ပြောလိုက်တာမျိုး၊ နောက်ဘက်ကို လှမ်းလှမ်းကြည့်ရင်း အဲဒီကောင် တွေဝေသွားလိမ့်မယ်"

ထက်ထက်အောင်နှင့် ရွှေရည်ဝင်းက တစ်ပြိုင်တည်း ရေရွတ်လိုက်မိကြသည်။

"မသန္တာကလည်း အလာကြီးပါလား"

"အေး... အဲလိုစကားလိုက်ပြောခံရတဲ့အချိန်မှာ ကိုယ်က ခွာစစ်ကို မသုံးရဘူး။ကိုယ်က ခွာလိုက်ရင် သူက လိုက်လာမှာပဲ။ အဲဒါကို Pursuit လို့ခေါ်တယ်။ သူတို့ရဲ့လိုက်စစ်ထဲမှာ ကိုယ်မိသွားမယ်"

ထက်ထက်အောင်က ....

"ဒါဆို ပြန်တိုက်ရမှာပေါ့နော်၊ ပြန်ကောပစ်ရမှာပေါ့"

"အေး ... သူ့အငိုက်ကိုလည်း ဖမ်းတတ်ရမယ်"

"ဘယ်လို အငိုက်ဖမ်းတာလဲ"

"တချို့ကောင်တွေက စကားလိုက်ပြောပေမယ့် သတ္တိမရှိဘူးဟ၊ အဲဒီကောင်တွေဆိုရင် နည်းနည်းပါးပါးဟောက်လိုက်ရင် အိုးနင်းခွက်နင်း ဖြစ်သွားတယ်"

ရွှေရည်ဝင်းက ဝင်မေးသည်။

"တချို့ကောင်တွေကျတော့ အရမ်းမျက်နှာပြောင်တယ်၊ အဲလိုကောင်မျိုးကိုကျတော့ ဘယ်လိုလုပ်ရမလဲ"

"အဲဒီကောင်တွေကိုလည်း အငိုက်ဖမ်းလို့ရတယ်ဟ၊ မဆီမဆိုင်အချက်တွေနဲ့ ဟောက်ထည့်လိုက်လို့ရတယ်"

တခိခိရယ်ကြရသည်။

"အဲဒီမှာ သူစ 'အက်'သွားပြီ၊ ကွဲဖို့ပဲ ကျန်တော့တယ်။ အဲဒါကို Jar and Crack လို့ခေါ်တယ်"

"အဲ... အဲဒီ'အက်' တာနေ 'ကွဲ' တဲ့အထိရောက်အောင် ဘယ်လိုဆက်လုပ်ရမလဲ"

"ဆက် ဖိထောင်းပေါ့ဟဲ့၊ အဆက်မပြတ် ဆက်ကောပစ်လိုက်၊ သူပြန်းပြန်းကွဲသွားလိမ့်မယ်၊ အဲလို အဆက်မပြတ် ဖိကောလိုက်တာကို Continuous Hammering လို့ခေါ်တယ်။ တူနဲ့အဆက်မပြတ် ထုတဲ့သဘောပေါ့ဟယ်"

လဝန်းတို့ ရယ်ပြီးရင်း ရယ်နေရတော့သည်။ မသန္တာ၏ နည်းစနစ်များက တဖြည်းဖြည်း ထူးခြားဆန်းကြယ်လာ၏။ ထိုနည်းများကိုတော့ မည်သူမှ မပြောပါနှင့်ဟု မသန္တာက ပိတ်ထားသဖြင့် လျှို့ဝှက်ထားလိုက်ရတော့၏။

အားလုံးကို ဖွင့်ချလိုက်လျှင်လည်း မသန္တာ၏ခြေရာကို နင်းပြီး မိန်းကလေးတော်တော်များများ အပျိုကြီးတွေ ဖြစ်သွားနိုင်သည်။

၍

# သိုးဆောင်းဂစ်တာတစ်လက်ရဲ့မှတ်တမ်း

တစ်ခါက မြည်းတစ်ကောင် ချောက်ထဲကျလုကျခင် ဖြစ်လို့ သူ့သခင်က အမြီးကို ဆွဲထားတယ်တဲ့။ ဒါပေမဲ့ မြင်းက ရုန်းကန်နေလို့ သူ့သခင်က လွှတ်ချလိုက်ရတယ်။

[ကျွန်တော် စဉ်းစားမိတယ်၊
အမြီးကို မိတာဟာ
တစ်ကောင်လုံးကိုမိတာ မဟုတ်ဘူး။
တစ်စိတ်တစ်ပိုင်းကို ရတာဟာ
တစ်ခုလုံးကို ရတာမဟုတ်ဘူး။]

မြင်းတွေက ... သူတို့အစာကို စားဖို့လုပ်တယ်။
ဒါပေမဲ့ ... မြင်းစားခွက်တွေကြားမှာ ခွေးအိပ်ရာလည်း ရှိတယ်။
ခွေးက ထ,ထဟောင်လို့ သူတို့ မစားကြရဘူးတဲ့။

[အဲဒီခွေးကိုပါ စားလိုက်ရင် ပြီးရော ...
နော် ....။]

နကျယ်တစ်ကောင်က သူ့ (မျက်လုံးနှစ်လုံးကြားမှာ) လာကိုက်ခဲ့တာကို မခံနိုင်တော့တဲ့ မြွေဟာ သူ့ခေါင်းကို မောင်းလာနေတဲ့ လှည်းဘီးအောက်ကို ထိုးသွင်းလိုက်တယ်။

သူနဲ့အတူ နကျယ်လည်း သေသွားတယ်တဲ့။

[ မိနစ်ကိုးဆယ်လုံးလုံးနိုင်ခဲ့တဲ့ နကျယ်
ကောင်ဟာ အချိန်ပိုမှာ သရေကျခံလိုက်
ရတာပဲ၊ ကမ္ဘာ့အထူးဆန်းဆုံး ကစားပွဲ
တစ်ခုပေါ့။ ]

တစ်နေ့မှာ တောင်ကြီးတစ်ခုလုံးဟာ တုန်ခါနေတယ်တဲ့။ ဘာဖြစ်မှာလဲဆိုတာကို သိချင်ဇောနဲ့ လူတွေက အပြေးအလွှား လာကြည့်ကြတယ်။

နောက်ဆုံးမှာ တောင်ခေါင်းထဲက ကြွက်ကလေးတစ်ကောင် ထွက်လာတာကိုပဲ တွေ့ရတယ်တဲ့။

[ ပုံပြင်ကတော့ ဒါပါပဲ။ ဘာမှလည်း မဟုတ်
ပါလားဆိုပြီး လူတွေက တောင်ကြီးကို သရော်
ကြတယ်။
ကျွန်တော်ကတော့ တောင်ကြီးကို စာနာတယ်။
ကြွက်အရှင်တစ်ကောင် သူ့ဗိုက်ထဲကို ရောက်
နေလို့ သူ တုန်ခါယိမ်းထိုးရတဲ့ ကိစ္စပဲ။
မကျေနပ်ရင် ကိုယ့်ဗိုက်ထဲ ကိုယ် .... ယင်ကောင်
အရှင်တစ်ကောင် ထည့်ထားကြည့်ပါလား။ ]

တစ်နေ့မှာ သိုးကျောင်းသားတစ်ယောက်က ဝံပုလွေပေါက်စကလေး တစ်ကောင်ကို ယူလာတယ်။ အပြစ်မဲ့ပြီး ချစ်စရာကောင်းတဲ့ သတ္တဝါလေးလို့ သူကပြောပေမယ့် မျက်မမြင်အဘိုးကြီးက ခေါင်းခါတယ်။

"ဘာပဲဖြစ်ဖြစ် သိုးတွေကြားထဲမှာတော့ ဝံပုလွေရဲ့သားကို မထားသင့်ဘူး"လို့ ပြန်ပြောလိုက်တယ်။

[ လောကကြီးမှာ အထားအသိုကလည်း
အရေးကြီးတယ်။
ကိုယ့်ကိုယ်ကိုယ် ဘယ်မှာထားသင့်သလဲ
ဆိုတာကိုလည်း စဉ်းစားရမယ်။ ]

ကျွန်တော် ဒီနေရာကို စရောက်တာကတော့ ညနေပျိုးချိန်လေးမှာပါပဲ။ ညနေခင်းရဲ့ရသဟာ လွင်လွင်ကလေးနဲ့ လှတယ်လို့ ခံစားရတယ်။ ညနေခင်းရဲ့ ချိုလဲ့ပြေပြစ်တဲ့ လေပြည်ညင်းကိုလည်း ကျွန်တော်က သဘောကျတယ်။

နောက်ပြီး ညနေရီပန်းကလေးတွေရဲ့ပွင့်ပုံကို ကျွန်တော် ချစ်တယ်။ သူတို့ရဲ့ မွှေးရနံ့ဟာ ကျွန်တော့်တစ်ကိုယ်စာစိုရုံလေး ရွာချလာတဲ့ မိုးလိုပဲ။ ညနေခင်းမှာ အလင်းအေးအေးတွေနဲ့အတူ သင်းတပျံ့ပျံ့ စိုစွတ်ဖို့အတွက် ဒီနေရာကို ကျွန်တော် ရောက်လာတယ်။

မြို့တော်ရဲ့ မော်တော်ကားဟွန်းသံတွေ ဒီနေရာကနေ သိပ်မကြားရဘူး။ တိုက်ခေါင်မိုးမြင့်မြင့်တွေကိုတော့ မြင်နေရသေးတယ်။

ဟိုးမှာ... ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဟိုးမှာ ... မြင့်မားလှတဲ့ အမိုးပြာပြာတစ်ခု။ နောက်ပြီးတော့ ဟိုးမှာ ... ဝင်အံ့မှုးမှုး နေလုံး။

နေလုံးရဲ့ နောက်ဘက်အခြမ်းကို မျှော်ကြည့်တဲ့အခါ ညိုပြပြအရောင်ကို မြင်နေရပါတယ်။ ညိုပြပြအရောင်တွေရဲ့ နောက်မှာ ဘာထပ်ရှိဦးမလဲ။ သိချင်ပေမယ့် ဘယ်လိုမှ ဝေခွဲမနေတော့ဘူး။

အညိုရောင်ကို ကျွန်တော်က ချစ်တယ်။ ခရစ်ယာန်ဘာသာဝင်တွေရဲ့ အယူအဆအရတော့ အဲဒီအရောင်ဟာ "ကမ္ဘာဦးနေ့ရဲ့ ပထမဆုံးဆည်းဆာရောင်" တဲ့ ...။

ထားလိုက်ပါတော့ ...။

မွန်းကျပ်ရှုတ်ထွေးတဲ့ မြို့ပြရဲ့ လူနေရပ်ကွက်ကို ထားခဲ့ပြီး တချို့တချို့ညနေခင်းတွေမှာ ကျွန်တော် … ဒီနေရာကို လာလေ့ရှိတယ်။

မြို့တော်ရဲ့အဝေးတစ်နေရာ မဟုတ်ပါဘူး။ မြို့တော်ထဲမှာပဲ ရှိပါတယ်။ မြို့တော်ရဲ့ အငွေ့အသက်တွေကို အိုက်စပ်စပ် ရှူရှိုက်စရာမလိုတဲ့ နေရာပေါ့။ ကောင်းကင်ကို မြင်ရတယ်။ လေညင်းကို ရှူရတယ်။ ငှက်ကလေးတွေကို ငေးကြည့်ရတယ်။

မြို့တော်ထဲမှာပဲရှိတဲ့ ရေကန်ဖြူဖြူကြီးတစ်ခုရဲ့ ကန်ဘောင်ပေါ်ကို ကျွန်တော် ရောက်နေတာပါ။

ဘာမှ မထူးဆန်းပါဘူး။ ခါတိုင်းနေ့တွေလိုပဲ လာတာပါ။ ခါတိုင်းနေ့တွေလိုပဲ ထိုင်တယ်၊ ခါတိုင်းနေ့တွေလိုပဲ ပြန်တယ်။ ဒီနေ့က တစ်ခုပဲ ပိုပါတယ်။ အပြန်မှာ …

အဲဒီကောင်ကို စတွေ့တယ်။

အဲဒီကောင်လို့ ကျွန်တော် သုံးနှုန်းတာဟာ ရိုင်းတာ မဟုတ်ပါဘူး၊ မတည့်လို့ ခေါ်တာပါ။ နည်းနည်းတော့ ကွဲတယ်ထင်ပါတယ်။ များများကြီးကွဲအောင်လည်း ကျွန်တော် ရှင်းမပြတတ်ဘူး။

အပြန်မှာ …

လမ်းဓာတ်မီးတချို့ဟာ ထွန်းစလင်းစရှိနေပြီ။ တစ်နေကုန် နေပူထဲမှာ ရပ်နေရတဲ့ ပိန်ခြောက်ခြောက် လူကြီးတစ်ယောက်ရဲ့ ချွေးဥဝါဝါကြီးလိုပဲ …။

မြေပေါ်ကို ပြုတ်မကျဘဲ နဖူးစပ်မှာ တွဲလဲခိုနေတယ်။

လျှောက်လာရင်းနဲ့ အမှောင်ပျို့ပျို့မှာ လူတစ်ယောက် ရပ်နေတာကို တွေ့ပါတယ်။ သူ့ဘာသာရပ်နေတယ်လို့ပဲ ထင်မိတယ်။ ကိုယ့်ဘာသာလျှောက်လာတဲ့ ကျွန်တော်က ဆက်လျှောက်ရုံပေါ့။

သူ့နံဘေးက ကျွန်တော်ဖြတ်တဲ့အထိ သူဟာ ငြိမ်ငြိမ်သက်သက်ရပ်နေတယ်။ သူ့ကို ကျွန်တော် ကျော်စပြုချိန်ကျမှ သူက အသက်ဝင် လှုပ်ရှားပြတယ်။

"ဟေ့ကောင်"

အဲဒါ… ကျွန်တော့်နာမည်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို ခေါ်တာ ဖြစ်မယ်။

ကျွန်တော် လှည့်ကြည့်လိုက်တယ်။ အမှောင်ဝါးဝါးထဲမှာ သူ့မျက်နှာကို ရိုးတိုးရိပ်တိပ် မြင်ရတယ်။ ကျွန်တော်နဲ့ ရွယ်တူလူငယ်တစ်ယောက်ပါပဲ။

အဲဒါနဲ့ ...

"ငါ့ကို ခေါ်တာလား"

သူက လေသံပြတ်ပြတ်နဲ့ တုံ့ပြန်တယ်။

"ဟုတ်တယ်"

"ဘာလုပ်မလို့လဲ"

အခြေအနေက ရန်ပွဲတစ်ခုဆီ တာစူနေတယ်လို့ ခံစားရတယ်။ ရတယ်လေ၊ ဖြစ်စရာရှိရင်လည်း ဖြစ်လိုက်ရုံပေါ့။

ဒါပေမဲ့ ခက်တာက သူ့ကို ကျွန်တော် မသိဘူး။ ဘယ်သူမှန်းမသိတဲ့ လူနဲ့ ရန်ဖြစ်ရမှာထက်စာရင် သားရေကွင်းတစ်ကွင်းကို ဆွဲဆွဲဆန့်နေရတာကမှ အပျင်းပြေဦးမယ်လို့ ကျွန်တော် ထင်တယ်။

အဲဒီအချိန်မှာပဲ ...

ပြဿနာကို ကျွန်တော် သဘောပေါက်သွားတယ်။ အဲဒီကောင်ရဲ့ အနားကို ခွေးကြီးတစ်ကောင် ပြေးလာတယ်။ သူ့ခွေးဖြစ်ပုံရတယ်။

သူ့ကို ခုမှ သိရပေမယ့် သူ့ခွေးကိုတော့ ကျွန်တော် သိတာကြာပါပြီ။

ကျွန်တော်က မေးလိုက်တယ်။

"အဲဒါ.... မင်းခွေးလား"

"သိပ်ဟုတ်တာပေါ့"

ကျွန်တော် ရယ်ချင်သွားတယ်။ အမှန်က "မင်းရဲ့ခွေးလား"လို့ မေးရမှာပါ။ အခု "မင်းခွေးလား" လို့ မေးလိုက်တာက သူ့ကို လူလို့ မသတ်မှတ်သလို ဖြစ်နေတယ်။

"သိပ်ဟုတ်တာပေါ့" လို့ သူ့ဘာသာ ဝန်ခံတာတော့ ကျွန်တော် မတတ်နိုင်ဘူးလေ။

အောက်သိုးသိုးလေသံနဲ့ သူက ပြောတယ်။

"ညနေက ငါ့ခွေးကို လုပ်ထည့်လိုက်တာ မင်းလား"

"ဘယ်လိုလုပ်လိုက်တာကို ပြောတာလဲ"

ပြောပြီး ကျွန်တော်က သူ့ခွေးဆီ လှမ်းကြည့်ပါတယ်။ သူ့ခွေးက မြေကြီးကို တရှုံ့ရှုံ့နမ်းနေတယ်။ ခြေလှမ်းအရွေ့တွေမှာ လည်ပင်းက ခေါင်းလောင်းကြီးက 'ဂလောင် ဂလောင်' မြည်တယ်။

ခွေးက အကြီးကြီးပဲ။ လှလည်း လှတယ်။ မျိုးကောင်းမျိုးသန့် ခွေးမှန်း သိသာတယ်။ ဒါပေမဲ့ ကြောက်စရာတော့ မကောင်းဘူး။ ပေါ်တာကြီးပေါ့။

(ပေါလည်းပေါ 'တာ'လည်း 'တာ' တယ်။ အခုတောင် သူ့သခင်နဲ့ ရန်ဖြစ်မလား မပြောနိုင်တဲ့ ကျွန်တော့်ကို ခရာတာတာ နှုတ်ဆက်နေတယ်။)

"ညနေက ငါ့ခွေးရဲ့လည်ပင်းမှာ အမိုက်အိတ်ကြီး စွပ်ပေးလိုက်တာ မင်းမဟုတ်လား"

ဒါမျိုးကတော့ ဝန်ခံရမှာပေါ့လေ။ ကိုယ်ကလည်း လုပ်လိုက်တာကိုး။ သွက်သွက်လက်လက် ခေါင်းညိတ်ပြလိုက်တယ်။

"အေး ... ဟုတ်တယ်"

"ဟုတ်တယ် ... ဟုတ်လား"

သူက ကျွန်တော့်ကို ရန်မူမလို မျက်လုံးပြူးနဲ့ ကြည့်ပါတယ်။ ပြီး ...

"ဘာကိစ္စ မင်း အဲဒီလိုလုပ်ရတာလဲ"

"အမြင်ကပ်လို့ပေါ့ကွာ"

"ဘာကွ ..."

သူ ယောင်ယမ်းပြီး လက်သီးကို ဆုပ်ပါတယ်။ နောက်မှ သူ့စိတ်ကို အနိုင်နိုင်ပြန်ထိန်းလိုက်ရသလို ထပ်မေးပါတယ်။ ဘာလှုပ်ရှားမှုကိုမှ မလုပ်သေးပါဘူး။

"ဘာကိစ္စ အမြင်ကပ်ရတာလဲ၊ ငါ့ခွေးက မင်းစားခွက်ကို လုစားလို့လား"

ကျွန်တော် ရယ်လိုက်တယ်။ သူက ရှုတင်းတင်းနဲ့ ကြည့်နေရင်း ကျွန်တော့်အဖြေကို စောင့်တယ်။ သူ့ကို နည်းနည်းမှ မကြောက်မိတဲ့အတွက် ကျွန်တော် အားနာပါတယ်။ ဒါပေမဲ့ ...

ပြောရမယ့်စကားကို ဆက်ပြောလိုက်တယ်။

"မင်းခွေးက ..."

"ပြော ... ဘာဖြစ်လဲ ..."

"လည်ပင်းမှာ ခေါင်းလောင်းကြီးနဲ့ ..."

"အေး ... အဲဒါဘာဖြစ်လဲ ... ငါတပ်ပေးထားတာ"

"ဘာလဲ မင်းခွေးက သိပ်ကိုက်တတ်လို့လား၊ ငါတွေ့တာကတော့ ခွေးပေါကြီးပါ ..."

အဲဒီလိုပြောတော့လည်း သူမခံနိုင်ဘူး။ အောင့်သက်သက်ဖြစ်သွားပုံရတယ်။ လွှတ်ခနဲ ပြန်အော်တယ်။

"သူ့ဘာသာ ကိုက်ကိုက် ပေါ်ပေါ်၊ ငါ့ဘာသာ ခေါင်းလောင်းတပ်ထားတာ ဘာဖြစ်လဲ"

"အေး … ဖြစ်တယ်ကွ"

သူ ဒေါသတွေနဲ့ စိတ်ဝင်စားလာပုံရတယ်။

"ပြောစမ်းပါဦး၊ ဘာဖြစ်လဲ"

"ငါ့ဘာသာ အိမ်ထဲ အေးအေးဆေးဆေး စာဖတ်နေတာ လမ်းမက ခေါင်းလောင်းသံကြားလို့ အမှိုက်သိမ်းတဲ့ကား အောက်မေ့ပြီး ထွက်ထွက်လာတယ်။ မင်းခွေးကြီး ဖြစ်ဖြစ်နေတယ်"

"ဩ…"

"ကြာတော့လည်း ငါလည်း စိတ်မရှည်ဘူး၊ မင်းခွေးကြီးလည်ပင်းမှာပဲ အမှိုက်အိတ် ချိတ်ပေးလိုက်တယ်၊ ဒါပဲ"

"ဩ …"

သူ ဘာဆက်ပြောရမလဲမသိ ဖြစ်နေတယ်။

"မင်းခွေးကို ငါ ရိုက်လည်းမရိုက်ဘူး၊ ရေနွေးပူနဲ့လည်း မလောင်းဘူး၊ လုပ်သင့်လုပ်ထိုက်တာလေးကို လုပ်ပေးလိုက်တာ။ ဒါပဲ… ခွေးကတော့ ဘာမှသိမှာ မဟုတ်ဘူး။ သူ့သခင်ဖြစ်တဲ့ မင်းက ဆင်ခြင်ပေါ့ကွာ"

ပြောပြီး ကျွန်တော် လှည့်ထွက်ခဲ့တယ်။ နောက်ကများ တစ်ခုခု လှမ်းလုပ်မလားလို့ သတိထားပါသေးတယ်။ ဒါပေမဲ့ ဘာမှတော့ သူ မလုပ်ပါဘူး။

"တောက်"

သူ့ဘာသာ ပါးစပ်ထဲမှာ လျှာကို ဖျောက်အိုးလုပ်ဖောက်ရင်း ကျန်ရစ်ခဲ့တယ်။ ကျွန်တော့်ဘက်ကတော့ အေးအေးဆေးဆေးပါပဲ။

သူ့ခွေးကြီးမှ မဟုတ်ပါဘူး။သူကိုယ်တိုင် လည်ပင်းမှာ ခေါင်းလောင်းဆွဲပြီး ထွက်လာရင်လည်း အမှိုက်အိတ်ကြီးကို ကျွန်တော် လိုက်ချိတ်ပေးလိုက်မှာပဲ။

ဘယ်ပစ္စည်းကို ဘယ်မှာထားရမယ်ဆိုတာ ကျွန်တော် သိပါတယ်။

**လောကကြီးမှာ သူဟာ လူသားတစ်ယောက်ရဲ့ အထားအသိုအတတ်ကို မတတ်သေးဘူး။**

ဒါကြောင့် အမှိုက်ကားတွေမှာ ပါတတ်တဲ့ ခေါင်းလောင်းကို သူ့ခွေးလည်ပင်းမှာ လာတပ်ထားတာပေါ့။

ပန်းခေတ်လမင်း စ၁ပေ

The 'Boots' worn by Mongolian tribesmen
in their ritual tam dance are decorated
with human bones.

မွန်ဂိုလီးယန်းလူမျိုးစုဝင်တွေ၊ သူတို့ရဲ့ရိုးရာ
'တမ်'အကကို ကတဲ့အခါမှာ စီးတဲ့ဖိနပ်တွေကို
လူရိုးတွေနဲ့ တန်ဆာဆင်ထားကြတယ်။

[ စာအုပ်တစ်အုပ်ထဲမှာ
အဲဒီလို ဖတ်ဖူးတယ်။
ကျွန်တော့်အရိုးဖိနပ်နဲ့ကော...
အဘယ်သို့သော မိန်းမက ...
ကပွဲတတ်မှာလဲ ...။ ]

ကျွန်တော်ရယ်၊ ကျော်တင့်ရယ်၊ အေးလွင်ရယ်၊ ရထားဘူတာတစ်ခုထဲ ရောက်နေကြပါတယ်။ ဘယ်ကိုမှ သွားမလို့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေဆို တော့ ကျွန်တော်ရူးသမျှ သူတို့လည်း လိုက်ရူးကြတာပါ။

ဘူတာထဲမှာက ခရီးသွားမယ့်သူတွေ၊ လိုက်ပါပို့ဆောင်သူတွေ အုတ် အုတ်ကျက်ကျက် ဆူညံနေကြတယ်။

ကျွန်တော်တို့ရှေ့မှောက်မှာ ရထားသံလမ်းမကြီးက စင်းစင်းလဲလို့။

“ကျော်တင့်”

“ဟင်”

“မြေပေါ်မှာလဲနေတဲ့ ရထားသံလမ်းကြီးက မှောက်ခုံလား၊ ပက်လက် လား”

“သည်းခံပါကွာ၊ အဲဒါမျိုးတော့ ငါ့လာမမေးစမ်းပါနဲ့”

အေးလွင်က ရယ်တယ်။ ကျွန်တော်တို့တစ်တွေ တစ်စီးပြီးတစ်စီး ဆိုက်လာတဲ့ ရထားတွေကို စောင့်ကြည့်နေလိုက်ကြတယ်။

ဥသြသံပေးပြီး ရထားကြီးတွေ ဝင်လာကြ၊ လူတွေက တတ်ကြ ဆင်း ကြ။ ဥသြသံပေးပြီး ရထားကြီးတွေက ပြန်ထွက်သွားကြ၊ ဘူတာရုံကြီးခများ ရင်ဟောင်းလောင်းပွင့်ပြီး ကျန်ရစ်ခဲ့ရ။

ကျွန်တော့်စိတ်တွေ နွေးထွေးအုံ့ပျလာတယ်။

“ကျော်တင့်”

“ဟင်.... ဘာလဲ”

ဘာမေးဦးမလို့လဲဆိုတဲ့အကြည့်နဲ့ ကျော်တင့်က ကျွန်တော့်ကို အူယား ဖားယား ပြန်ကြည့်ပါတယ်။

“ဟိုနေ့က ဝေလင်းရဲ့ဆေးဆိုင်မှာ မင်း ဆေးသွားဝယ်တယ် မဟုတ်လား”

“အေး.... ဝယ်တယ်၊ ဘာဖြစ်လို့လဲ”

“မင်းကို ဘယ်လိုဆက်ဆံလိုက်လဲ၊ ကောင်းကောင်းမွန်မွန်ပဲ မဟုတ်လား”

“ကိုယ့်ဆိုင်မှာ ဈေးလာဝယ်တဲ့သူကို ကောင်းကောင်းမွန်မွန် မဆက်ဆံလို့ ရမလားဟ”

“အေးပါ... အေးပါ၊ ပြီးတာပါပဲ”

ကျော်တင့်ကို ကျွန်တော့်သူငယ်ချင်းမှန်းသိနေလို့ ဝေလင်းက ငြိုငြိုငြင်ငြင် ဆက်ဆံမလားလို့ စိုးရိမ်မိတာပါ။ ကျွန်တော့်ကို ကြည်ဖြူမှာ မဟုတ်တာကတော့ သေချာတယ်။ အစတည်းက တစ်ယောက်နဲ့တစ်ယောက် ပြောင်းပြန်ဖြစ်နေလို့ ကြည့်ရကြတာမှ မဟုတ်ဘဲ။

အခု ကောင်မလေးတစ်ယောက်ရဲ့ ပြဿနာကပါ ကြားဝင်လာတယ်။

“အခု သူနဲ့တွဲနေတဲ့ကောင်မလေးက မင်းနဲ့ ဟိုတုန်းက ဘယ်လို အနေအထားရှိခဲ့တယ်ဆိုတာရော သူ သိလား”

အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ သူ သိမယ်ထင်တာပါပဲ။

“သိရင် သိမှာပေါ့ ကျော်တင့်ရာ”

“နေပါဦး၊ မင်းက ရည်းစားစကားပြောပြီး နောက်တစ်နေ့မှာ အဖြေရမယ်ဆိုပြီး သွားစောင့်နေတာပေါ့”

“အေး”

“သူက မလာဘူးလား”

“အဲဒီမနက်ပဲ အိမ်ပြောင်းသွားပါတယ်ဆိုမှ ဘယ်လိုလုပ် လာမတုန်း။ ငါ့မှာတစ်ယောက်တည်း အူကြောင်ကြောင်နဲ့”

ကျွန်တော့်ကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်ပြီး သူတို့ရယ်ကြပါတယ်။

“အဲဒါဆို မင်းနဲ့သူနဲ့ ကွဲသွားကြတာ နဝေတိမ်တောင်ကြီး ကွဲသွားကြတာပေါ့။ လွမ်းရမလို မလွမ်းရမလိုနဲ့”

“အေးပေါ့ကွာ... သတိတရဖြစ်စရာလည်း ဘာမှမရလိုက်ဘူး”

“အဖြေကလည်း ဘယ်လိုနေမှန်း မသိဘူး၊ ဟုတ်လား”

“ဟဲ ဟဲ ဟဲ...”

မြန်မာပြည်သိန်းတန်ရဲ့ သီချင်းထဲကအတိုင်းပါပဲ။ ‘မျှော်သာမျှော်သည် မယုံကြည်ပါ’ ပါပဲ။ တစ်ညတည်းနဲ့တော့ ကျွန်တော့်ကို အဖြေပြန်မပေးဘူးဆိုတာ ကျွန်တော် သိပါတယ်။

အဲဒီအချိန်မှာပဲ အေးလွင်ရဲ့အမေးစကားတစ်ခုက ဖြတ်ဝင်လာတယ်။

“လင်းဝေ”

“မင်းက ကဗျာဆရာဆိုတော့ တွေးတတ်မှာပေါ့၊ ငါ သီချင်တာတစ်ခုမေးမလို့”

“မေးလေ၊ ဘာများလဲ”

“ချစ်သူနှစ်ဦး ခွဲခွာကြမယ် ဆိုပါတော့ကွာ၊ ဘယ်လိုအချိန်မှာ ခွဲခွာတာ အကောင်းဆုံးဖြစ်မလဲ”

“နေ့တစ်နေ့ရဲ့ ဘယ်အချိန်က အကောင်းဆုံးလဲလို့ မေးတာလား”

“အေးပေါ့”

ထွေထွေထူးထူး စဉ်းစားနေစရာ မလိုပါဘူး။ အာရုံထဲမှာ ပေါ်တာတွေကို လျှောက်ပြောပစ်လိုက်တယ်။

“နေရောင်ခြည်ပွင့်ခါစ သာသာယာယာ မနက်ခင်းတစ်ခုမှာ ခွဲရတာကောင်းမယ်ထင်တယ်။ မနက်ခင်း ပန်းလေးတွေက ပွင့်လို့၊ လေကလည်း ပြည်ပြည်အေးအေး တိုက်လို့၊ လျှောက်ရတဲ့လမ်းကလေးကလည်း ခြောက်သွေ့ဝင်းဝါလို့၊ အဲလိုအချိန်မျိုးမှာ ခွဲခွာရတာ ကောင်းတယ်လို့ ထင်တယ်၊ နောက်ပြီး ....”

ခပ်လှမ်းလှမ်းမှ ရထားတွဲပျက်ကြီးဆီ ငေးကြည့်နေမိတယ်။ စကားကို မဆက်ဖြစ်သေးဘူး။ ကျော်တင့်နဲ့ အေးလွင်ကလည်း ငြိမ်သက်နားစွင့်နေကြတယ်။

ခဏကြာမှ ...

"နောက်ပြီး မှောင်ရီပျိုးစည‌နေခင်းတစ်ခုဟာလည်း ခွဲခွာဖို့ကောင်းတဲ့အချိန်ပေါ့။ ကောင်းကင်မှာ ငှက်ကလေးတွေက အိပ်တန်းပြန်နေပြီ၊ ပတ်ဝန်းကျင်ကလည်း လင်းမှာလိုလို မှောင်မှာလိုလို မပီဝိုးတဝါးကြီး။ ဆည်းဆာရောင်ရဲ့ လွမ်းစရာကောင်းမှုကို ဘယ်တက်ကနီကာလာကမှ မယှဉ်နိုင်ဘူး။ အဲလိုအချိန်မျိုးမှာ ခွဲရတော့မယ့် ချစ်သူနှစ်ယောက် လမ်းကလေးတစ်လမ်းမှာ ခေါင်းငုံ့ပြီး လမ်းလျှောက်လာရတာ ဘယ်လောက်ကြေကွဲစရာ ကောင်းမလဲ"

စကားအဆုံးမှာ အားလုံးငြိမ်သက်နေကြတယ်။ သူတို့ကော ဘာကို လွမ်းသလဲ။ သူတို့ကော ဘယ်သူ့ကို ခွဲခဲ့ရဖူးသလဲ။

မာယာတွေ ရစ်သိုင်းထားတဲ့ လောကဓံတရားရဲ့အောက်မှာ ဘယ်လူသားကမှတော့ ဒဏ်ရာမကင်းခဲ့ပါဘူး။

"ကြောက်စရာကောင်းတဲ့ ခွဲခွာခြင်းတစ်ခုလည်း ရှိသေးတယ်လို့ ငါထင်တယ်"

စကားကို ဆက်ပြောလိုက်တော့ သူတို့တွေ ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ အဝေးကိုငေးရင်း နှုတ်ခမ်းကိုကိုက်ထားရင်း သက်ပြင်းသဲ့သဲ့ ချလိုက်တယ်။

"အခုလို ဘူတာရုံတစ်ခုရဲ့ ညဘက်အချိန်မှာပေါ့ကွာ။ ဒီလိုလည်း စည်ကားနေတဲ့ဘူတာရုံ မဟုတ်ဘူး။ လူတစ်ယောက်စ နှစ်ယောက်စဘဲ ရှိမယ်။ ဘူတာရုံက မီးတွေ ထိန်ထိန်လင်းနေမယ်။ ရထားသံလမ်းကတော့ အမှောင်ထဲဝင်ပြီး ပျောက်သွားလိမ့်မယ်...။ အဲဒီလို ဘူတာရုံထဲမှာ ခွဲရတော့မယ့် ချစ်သူနှစ်ယောက် ရှိနေကြတယ်ဆိုပါစို့..."

စကားကို ခဏနားလိုက်တယ်။ ပြီးမှ ....

"သူတို့ဟာ ဘူတာထဲကနာရီအိုကြီးရဲ့ မြည်သံတစ်ချက်ချက်ကို ထိတ်လန့်တကြား နားထောင်နေကြမယ်။ ပျံ့ပျံ့လွင့်လွင့်ရောက်လာမယ့် ရထားဥဩဆွဲသံ စူးရှရှကြီးကို စိုးရိမ်မျက်လုံးတွေနဲ့ စောင့်စားနေကြမယ်။ ရထားကြီးဝင်လာပြီဆိုပါစို့ ...။ ခွဲသွားရမယ့်လူရယ် ကျန်နေရစ်ခဲ့တဲ့လူရယ် ရင်ထဲမှာ ဆို့နေကြလိမ့်မယ်။နောက်တော့... တစ်ယောက်က ရထားကြီးခေါ်ရာကိုလိုက်သွားရလိမ့်မယ်။ ဘဝမှာ ဘာဆက်ဖြစ်မလဲ မသိဘူး။ တစ်ယောက်က တိတ်ဆိတ်လင်းထိန်နေတဲ့ ဘူတာရုံကြီးထဲမှာ ထီးထီးကျန်ရစ်ခဲ့မယ်။ မကြာသေးခင်ကမှ ရှိနေတဲ့ သူ့အဖော်လေး ခု မရှိတော့ဘူး။ အပြန်လမ်းကို သူတစ်ယောက်

တည်း ပြန်ရတော့မယ်”

ဆက်မပြောချင်တော့ဘူး။

ပင့်သက်ကို ခပ်ကြမ်းကြမ်း ရှိုက်လိုက်တယ်။ ကျော်တင့်နဲ့ အေးလွင်ကလည်း အတွေးကိုယ်စီ ဝေနေကြပြီ။ သုံးယောက်သား စကားမဲ့သွားကြတယ်။

အားလုံးရဲ့ရင်ထဲမှာ ဆွတ်ပျံ့စိတ်ကလေးနဲ့ လွမ်းသွားတယ်။ ဘူတာရုံကို ရထားတစ်စီး ဝင်လာတယ်။ ခရီးသည်တွေ တက်ကြ ဆင်းကြ။

ခဏကြာတော့ ဘူတာက ပြန်လာခဲ့ကြတယ်။ ကျွန်တော်က အဲဒီလို ဘူတာရုံမှာ သွားထိုင်တတ်တဲ့အကျင့်လည်း ရှိတယ်။ ကဗျာဆရာတစ်ယောက်ရဲ့ အကျင့်လို့သတ်မှတ်ပြီး ကျော်တင့်နဲ့အေးလွင်က ဘာမှမဝေဖန်ကြပါဘူး။

ဒီနေ့လည်း အဲဒီလိုမျိုးပေါ့။

အပြန်လမ်းမှာ အေးလွင်က မေးတယ်။

“လင်းဝေ”

“ဟင်...”

“ကောင်မလေးရဲ့နာမည်က ဘယ်သူတုန်းကွ”

အဲဒီအမေးစကားကြောင့် ကျွန်တော်ပြုံးမိတယ်။ ဟိုတုန်းက အရိပ်တွေကိုလည်း စိတ်ထဲမှာ ပြန်မြင်လာတယ်။

သူက ကျောင်းမှာ သိပ်လှတယ်လေ...။ လူသိများတဲ့ ကျောင်းသူတစ်ယောက်ပါပဲ...။ ဒါပေမဲ့ ကိုယ့်ဘာသာ စာကြည့်တိုက်ထဲ အောင်းနေတတ်တဲ့ ကျွန်တော်က သူ့နာမည်ကို မသိဘူး။

မျိုးကြီးကိုလည်း မေးမကြည့်မိဘူး။

တစ်နေ့ကျတော့ စာကြည့်တိုက်ထဲမှာ သူ စာလာဖတ်တယ်။

“အောင်မာ ... အလာကြီးပါလား”

အဲဒီလိုတောင် ကျွန်တော် တွေးလိုက်မိသေးတယ်။ ကျွန်တော်က စာဖတ်တဲ့ မိန်းကလေးတွေကို လေးစားတယ်။ သူ စာဖတ်နေတဲ့စားပွဲရှေ့ကို ကျွန်တော် မယောင်မလည် သွားလုပ်တော့ သူ မော့ကြည့်တယ်။

“ဘာလဲ”

“ဘာမှမဟုတ်ပါဘူး။ နင့်နာမည်ကို ငါမသိသေးလို့”

သူက မျက်စောင်းထိုးပြီး မျက်နှာလွှဲသွားတယ်။ ‘ရေခဲအရိုးကိုက်’တို့

ဘာတို့ သူ ပြန်မပြောပါဘူး။ ရေခဲက မအေးဘူးလား။ အရိုးကိုက်တာက မကျင်ဘူးလား။ ငါ့နာမည် မအေးကျင်တို့ ဘာတို့ ပြန်မပြောပါဘူး။ ဂရုတောင် မစိုက်ဘူး။ သူ့စာသူ ဆက်ဖတ်နေတယ်။

ကျွန်တော်ကသာ စားပွဲပေါ်မှာ ချထားတဲ့ သူ့ဗလာစာအုပ်လေးက သူ့နာမည်ကို လှမ်းဖတ်ရတာ...။ ဖတ်ပြီးတော့ ကျွန်တော် ဇဝေဇဝါ ဖြစ်သွားတယ်။

"နင့်နာမည်ကြီးကလည်း ...."

သူက ခါခနဲ မော့ကြည့်တယ်။

"ဘာလဲ ..."

"ဂဏန်းတွေ ရေးထားပါလား၊ '၀၀၁၀၇'တဲ့"

သူ့မျက်နှာက ရှုးကနဲ စူပုတ်ထွက်သွားသည်။ မခံမရပ်နိုင်ဖြစ်ပြီး ပြန်ဖြေတယ်။

"ဘာ '၀၀၁၀၇'လဲ၊ 'ထာဝရ'လို့ ရေးထားတာဟဲ့"

အဲဒီတော့မှ ကျွန်တော် သဘောပေါက်သွားတယ်။

"ဩော် ... နင့်နာမည်က 'ထာဝရ'လား"

သူက ဘာမှပြန်မပြောဘူး။ ကျွန်တော်နဲ့ အဲဒီကောင်မလေးနဲ့ စသိခဲ့ကြတာကတော့ အဲဒီလိုပါပဲ။ သတိတရ ပြန်ပြောပြတော့ ကျော်တင့်နဲ့ အေးလွင်က ရယ်လိုက်ကြတာ။

"သူ... မင်းကို အဖြေပေးဖို့ ကျန်သေးတယ်နော်"

"အေး ... အခု ထပ်တောင်းရမှာပေါ့။ ဝေလင်းနဲ့သူနဲ့က သမီးရည်းစားမှ မဟုတ်သေးဘဲ"

"ပထမတစ်ခါ မင်းကို ခွဲသွားပြီးပြီ၊ အခု ပြန်ဆုံတယ်။ ထပ်ခွဲသွားရင် ရော သရေပွဲကြီးလား"

ကျွန်တော် တွေဝေသွားမိတယ်။ ပြီးမှ တစ်လုံးချင်းနဲ့ ပြောလိုက်တယ်။

**"ကံကြမ္မာဒိုင်သူကြီးဆီမှာ အချိန်ပိုထပ်တောင်းပြီး လိုက်သွားရဦးမှာ ပေါ့ကွာ ..."**

"မောင်နှမလိုပဲ ချစ်နိုင်မယ်ဆိုရင်ကော"

"သူ့မှာ ၅၂၈ပဲရှိတယ်။ ငါ့မှာက ၁၅၀၀တောင်ရှိတယ်၊ သူ့ကိုငါနိုင်တယ် ရှုံးတဲ့သူကို နိုင်တဲ့လူက စားလိုက်ရုံပေါ့ကွာ"

အခုလို တိမ်ခိုးရာသီ တစ်ခုပြီးတစ်ခုတိုင်အောင်
ကြာ ... ခဲ့ ... တယ်။
သီချင်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ကုတ်ခြစ်
ဂစ်တာပျော့တစ်လက်ကိုလည်း ဆန်မော့ညွတ်ကွေး
သူ့နာမည်ကို
ခွေးရေပုရပိုက်မှာ မရေးဘူးလို့လည်း
ငြင်း... ခဲ့ ... တယ်။
နားလည်ပါရဲ့ကွယ်။
နှင်းဆီဖြူဆွတ်လေး တစ်ပွင့်အတွက်
ဒီလောက်တော့ ရင်နင့်ပေးရမှာပေါ့။
ရိုးရိုးစင်းစင်း ခလုတ်တိုက်လဲခဲ့တာပေါ့။
အစိတ်စိတ်အမြွာမြွာ ကွဲပြီးခါမှ
'လမင်း' ပြန်လုပ်ရမှာမို့လို့
နည်းနည်းတော့ ကြာမယ် ...
ကြာ ... လိမ့် ... ဦး ... မယ် ...။
အဲဒီလိုနဲ့
ဓားကျိုးကြီးတစ်လက်နဲ့ စိုက်ပျိုးခံစား
ငါ့တောင်ယာလေး စကားနည်းနေတုန်းပဲကွယ် ...။

ကျွန်တော့စိတ်တွေ ပြာဝေထစ်ချုန်းနေတယ်။

ဝါးတို့ ယိုးယိုင်တဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာပါ။ အဝေးမှာ မီးရောင်လက်လက် ပွင့်လို့။ အနီးမှာလည်း မီးရောင်တွေ လွင့်လွင့်ဖြူပြီ။

လွယ်အိတ်အဝါကျားလေးကလည်း သိလိမ့်မယ်။ လက်ဖက်ရည်သက်ပြင်းခါးခါးတစ်ခွက်ကလည်း သိလိမ့်မည်။ ခရမ်းပြာရပ်တွေက တုန်ယင်ဝေ့ပတ်လို့...။

လွမ်းတယ်...။

ငါ လွမ်းတယ် ထိပ်ထားရယ်…။

ကျွန်တော့်ရင်ခွင်ကို ကဗျာဝိညာဉ်က စိမ့်ဝင်ထွင်းဖောက်တယ်။ လွမ်းနေရတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ နှစ်ကာလတွေ ဘယ်လို ပြောင်းပြောင်း တချို့သမိုင်းတွေက မဟောင်းဘူးနော်။

ကဗျာထဲမှ ကျွန်တော် တည်ဖွဲ့ခဲ့ဖူးတယ်။ သူ့ရုပ်လွှာ၊ သူ့ရဲ့မျက်လုံး စိမ်းလဲ့၊ သူ့အတွက် နန်းသုံးအက္ခရာ၊ သူ့ရှေ့မှာ မှောက်ထားခဲ့ရတဲ့ ကျွန်တော်ရဲ့ ကံ့ကော်ရွက်ဖဲချပ်။

လွမ်းတယ်။

လွမ်းတယ်… ထိပ်ထားရယ်…။

ကျွန်တော့်အာရုံထဲမှာ ထိပ်ထားဆိုတဲ့ မိန်းမပျိုဟာ နေရောင်ခြည် တွေစိုရွှဲပြီး ရောက်ရှိလာတယ်။ ကျွန်တော်ဖန်တီးထားရတဲ့၊ ကျွန်တော် ချစ် မြတ်နိုးခဲ့ရတဲ့ စိတ်ကူးထဲက မိန်းမပျို…။

ကျွန်တော် သူ့ကို အပြင်လောကမှာ တွေ့ချင်တယ်။

မမေ့ဘူး။ ဘယ်တော့မှ မမေ့ဘူး။ နှင်းကြောင့် လဲရမယ့်သစ်ခြောက် ပင်ကြီးလို ကျွန်တော် တအိအိပြိုကျနေတယ်။

"ဟင်း"

လရောင်ပါးပါးနဲ့ လမ်းထိပ်အုတ်ခုံကလေးက ဆေးမြည့်ကြေကွဲဖွယ် ရာ တိတ်ဆိတ်နေကြတယ်။ ထိပ်ထားကို ကျွန်တော် ဆုံစည်းရမှာလား။ စိတ်ကူး ထဲက မိန်းမပျိုမျိုးဟာ စိတ်ကူးထဲမှာပဲ ပြီးဆုံးသွားရတော့မှာလား။

တစ်ယောက်ယောက်က ကျွန်တော့်ကို ဖြေကြားစေချင်တယ်။

ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင်အူသံကို ကြားရတယ်။ ဘယ်ဆီကနေ ဆွတ်ပျံ့လာမှန်းမသိတဲ့ ပန်းရနံ့စိမ်းစိမ်းတစ်ခု…။

ကျွန်တော်…

ဘယ်သူကမှ ကျွန်တော့်ကို နားလည်ကြမယ် မထင်ပါဘူး။ ထိပ်ထား ဟာ ကျွန်တော့်အတွက်တော့ တကယ်ရှိတယ်။ ကျွန်တော်တစ်ယောက်တည်း တွေးနေချိန်တိုင်းဟာ သူနဲ့အတူ ရှိနေချိန်တွေပေါ့။

"ထိပ်ထားရေ"

တစ်ကိုယ်တည်း တိုးတိုးလေး ရေရွတ်နေမိတယ်။ ထိပ်ထားဟာ မိုးသောက်ကျူးမှာ နှင်းဆီဦးတွေနဲ့အတူ မွေးနေပါလိမ့်မယ်။

နိုင်းမြစ်ရေ စီးဆင်းနေသရွေ့ ကျွန်တော့်ရဲ့ တစ်ကိုယ်ရေကျယ်ဝန်းမှု

မှာ အနုပညာမိုးမှုန်တွေ စီးသုန်တိုက်ခတ်နေသရွေ့...

သူ... ချမ်းမြေ့ပါလိမ့်မယ်။

“လင်းဝေ”

“ဟင်”

“မင်း ထာဝရကို တကယ်ချစ်သလား”

ကျွန်တော် မဖြေဘဲ နေလိုက်တယ်။

ထာဝရဟာ ကျွန်တော့်ကဗျာထဲက ထိပ်ထားလား...၊ ဒါမှမဟုတ် ကျွန်တော့်ရင်ထဲမှာ ရေလောင်းပေါင်းသင်ပြီး စိုက်ပျိုးရမယ့် ဓားရှည်ချွန်ချွန် တစ်လက်လား...။

ခေါင်းကို ဖြည်းဖြည်းချင်း ခါနေမိတယ်။ မျက်လုံးအစုံကို မှိတ်လိုက်တယ်... ။ စိတ်ရဲ့ ဝိုးတဝါးအမှောင်ထဲမှာ မြင်ယောင်နေမိတာက ထာဝရ... ထိပ်ထား... ။

ထိပ်ထား... ထာဝရ... ။

အတူတူလား... ၊ တကွဲတပြားလား... ၊ တစ်ဦးစီလား... ၊ တစ်ယောက်တည်းလား... ။ ကျွန်တော် စဉ်းစားတယ်။ ဒီအကြောင်းတွေ စဉ်းစားရင်း ကျွန်တော်ဟာ မထေမဲ့မြင် ရိဆွေးပစ်လိုက်ချင်စိတ်ပေါ်တယ်။

ချစ်သူ... ။

ချစ်သူကို ကျွန်တော် ချစ်တယ်။

ကျွန်တော့်လက်ဖျားမှာ ပြာလဲ့နေအောင် ရေးချင်မိတာက သူ့အတွက် သစ္စာပဲ။

မိုးနှောင်းတစ်ရက်မှာ စေတန်က ကျွမ်းထိုးချလာနိုင်တယ်။ အဝါရောင်မိုးကြိုးတန်းမျှင်တွေကလည်း တလူလူဝေ့ဝဲ ဆင်းချလာနိုင်တယ်။

ဘာတွေဖြစ်ဖြစ်၊ ဘယ်လိုဖြစ်ဖြစ်၊ သူ့ကို ကျွန်တော်ချစ်မယ်။ အဲဒီလို အခြေအနေမျိုးမှာလည်း ကျွန်တော်ဟာ သူ့အတွက် မီးထဲကကောက်ရတဲ့ ဒိုင်းတစ်လက်ဖြစ်ပြနိုင်တယ်။

ဒါပေမယ့်...

ကျွန်တော်စဉ်းစားနေတယ်။ ထိပ်ထားဟာ ထာဝရလား။ ထာဝရဟာထိပ်ထား ဖြစ်လာနိုင်သလား... ။

“လင်းဝေ”

“ဟင်”

"မင်းကဗျာထဲက ကောင်မလေးကို မင်းပြန်သတိရနေတာလား"

"အင်း"

"ထာဝရဟာ… အဲဒီကောင်မလေး ဖြစ်မလာနိုင်ဘူးလား"

ဝေဝေဝါးဝါး ကျွန်တော် တုံ့ပြန်လိုက်တယ်။

"ဘယ်သူ ပြောနိုင်မှာလဲ"

ဟုတ်ပါရဲ့၊ ဘယ်သူပြောနိုင်မှာလဲ။ ဒီဘဝမှာ ဆုံစည်းခွင့်ရှိပါဦးမလား။ မဆုံနိုင်သော နက္ခတ်တွေနဲ့ ကျွန်တော်ဟာ ခရီးတစ်ခုကို သွားနေသူများလား။ ဒါမှမဟုတ် ဆုံစည်းမှာလား။

"ထာဝရ… ရယ်"

ဘာရယ်မဟုတ်ဘဲ ဆိုမြည်ဟစ်ကြွေးမိတယ်။ သူ့ရဲ့မျက်ဝန်းလုလု တွေ၊ သူ့ရဲ့ နက်မှောင်ဆံကေသာရဲ့ အရွှေ့အမျော။ ပြီးတော့ သူ့ရဲ့ချိုလွင်နူးညံ့တဲ့ စကားသံတိုးတိုး။ အဲဒါတွေအားလုံးက …

ကျွန်တော့်ကောင်းကင်ထောင့် တစ်နေရာကို အုပ်မိုးနေရဲ့။ သူဟာ ကျွန်တော့်ရဲ့နတ်သမီးလား။ ဒါမှမဟုတ် နတ်သမီးရေခြုံထားတဲ့ တစ်ပါးသူတစ်ယောက်လား… ။

ဒါမှမဟုတ်…

နတ်သမီးရေခြုံလာတဲ့ နတ်သမီးတစ်ယောက်လား။

တစ်ခါတစ်ခါကျတော့လည်း အသိရခက်တဲ့ လောကရယ်။ အသိရခက်တဲ့ ကိုယ့်ကိုယ်ကိုယ်ရယ်၊ အသိရခက်တဲ့ ချစ်ခြင်းတရားရယ်။

အားလုံးကို…

မေ့ထားလိုက်ချင်တယ်။

"လင်းဝေ"

"ဟင်"

"ပြန်ကြရအောင်"

တိတ်တိတ်ဆိတ်ဆိတ် ပြန်လာခဲ့ကြတယ်။ အိမ်နားရောက်ခါနီးကျမှ 'ဒတ္တ'ရဲ့ ကဗျာစာသားတစ်ပိုဒ်ကို အော်ဆိုလိုက်တယ်။

"အားလုံးကို စွန့်လွှတ်ရရင်တောင်မှ
သတိရခြင်းကို ငါပိုင်တယ်"

၁၁

# မှော်ဆရာရဲ့ကျောင်းစာအုပ်

"နေပါဦး၊ ရှင်က ဒီမြို့ကို ဘာလာလုပ်တာလဲ"

"လာလည်တာပေါ့ဗျ"

"အလည်သက်သက်ပဲလား"

"အင်း"

"ဟုတ်ရဲ့လားရှင်၊ ကျွန်မက အဲလိုမထင်ဘူး"

"ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ကို မသင်္ကာဖြစ်နေတာလား"

ရည်ညွန်း၏ တုံ့ပြန်မေးခွန်းကို သူမက ရယ်ကာမောကာ ပြန်ဖြေလိုက်သည်။

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင့်ကို ရိုးရိုးအလည်လာတာလို့ မထင်မိတာ အမှန်ပဲ"

သူမ၏ စကားကြောင့် ရည်ညွန်းက မချိုမချဉ်ပြုံးသည်။

"ခင်ဗျားက ဘယ်လိုကြားချင်လို့လဲ၊ ကျွန်တော်က ဘယ်လိုပြောပြရမှာလဲ"

"ရှင် ဒီမြို့ကိုလာလည်တာဆိုရင်လည်း ဘယ်လိုဖြစ်ပြီး လာလည်တယ်ဆိုတဲ့ အကြောင်းအရင်းကိုပေါ့"

"ဟား ဟား သိပ်သိချင်နေလား"

သူမက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေလိုက်သည်။

သူမ စကားများခဲ့သော လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြခြင်းဖြစ်သည်။ သူမက လက်ဖက်ရည်သွားအသောက် စားပွဲတစ်လုံးတွင် ထိုင်နေသည့် ရည်ညွန်းကို တစ်ယောက်တည်း တွေ့လိုက်ရသည်။

သို့ဖြင့် သူ့စားပွဲမှာ ခပ်တည်တည်ဝင်ထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။ ဆိုင်နံရံတွင် Whiteboardတစ်ခု ကပ်ထားပြီး Whitebardပေါ်တွင်

"မိတ်ဆွေ ....

ကိုယ်နှင့်မဆိုင်၊ ခွင့်မပိုင်

ဆွဲကိုင်မကြည့်ရ"

ဟု ရေးထားသည်။

ရည်ညွန်းသည် သူမနှင့်မဆိုင်ပါ။ ပြည့်စုံအောင် ပြောရလျှင် မဆိုင်သေးပါ။ ထို့ကြောင့် သူမအတွက် ရည်ညွန်းကို ခွင့်မပိုင်ပါ။ မပိုင်သေးပါ။

သို့သော် စကားထိုင်ပြော၍တော့ ရမည်ထင်သည်။ ရည်ညွန်းကို ဆွဲခြင်း၊ ကိုင်ကြည့်ခြင်း မဟုတ်သဖြင့် ဘာပြဿနာမှ မရှိနိုင်ဟုလည်း ထင်သည်။ ထို့အပြင် 'မိတ်ဆွေ' ရေးထားခြင်းသည် 'မဆွေ' ဟု ရေးထားခြင်းလည်း မဟုတ်ပါ။

"ဒီလိုဗျ"

ရည်ညွန်းက စကားစသည်။

"အင်း ... ပြော"

"ကျွန်တော်က အသည်းကွဲ စိတ်လေပြီး ဒီမြို့ကို ရောက်လာတာ ဟီး ... ဟီး"

သူမကို ရည်ညွန်း ညာနေပြီ ထင်သည်။

အသည်းကွဲ၍ ရောက်လာသော သူကလည်း ပြုံးဖြီးဖြီး မျက်နှာနှင့်။ သို့သော် ဘာပြောမလဲဟု လွှတ်ထားပေးလိုက်သည်။

"ဟုတ်လား ပြောပါဦး၊ ဘယ်လို အသည်းကွဲလာတာလဲ"

"ဒီလိုဗျ၊ ကျွန်တော်က ကောင်မလေး တစ်ယောက်ကို ကြိုက်ရော"

"ရည်းစားစကား လိုက်ပြောရော ဆိုပါတော့"

"ဟင့်အင်း စကားလိုက်မပြောပါဘူး။ ရည်းစားစာ ပေးတာ"

"အဆင်ပြေလား"

"သူက ဖောက်ဖတ်လိုက်မိတာကိုး၊ အဆင်ပြေသွားတာပေါ့"

"ဟင့် ရှင့်ဟာကလည်း ဖောက်ဖတ်လိုက်တာနဲ့ပဲ အဆင်ပြေသွားရောလား၊ ရှင့်ရည်းစားစာက ဘယ်လောက်ထိအောင် ကောင်းနေလို့လဲ"

"ရည်းစားစာက ကောင်းလို့ မဟုတ်ပါဘူး"

"ဒါဖြင့် ..."

"ကျွန်တော်က ရေးလိုက်တယ်။ ချစ်ရင်စာပြန်ပါ။ မချစ်ရင်တော့ ဒီစာကို ဖောက်ကို မဖတ်ပါနဲ့လို့"

"ဩော ..."

သူမ၏ရင်ထဲတွင် ကလိကလိ ဖြစ်သွားရသည်။ မိန်းကလေးထုဘက်မှ မခံချင်စိတ်ဖြစ်ကာ ရည်ညွှန်းကို ဆွဲပင်ထိုးလိုက်ချင်သေးသည်။ ကိုယ်နှင့်မဆိုင်၊ ခွင့်မပိုင်၍ ကြည့်နေလိုက်ခြင်း ဖြစ်သည်။

"အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ကြိုက်သွားကြရောဗျာ"

"အင်း ... ဘယ်နေရာမှာ အသည်းက ကွဲတာလဲ"

"လာမယ်လေဗျာ၊ ဖြည်းဖြည်းပေါ့"

"အင်းပါ၊ အင်းပါ၊ ပြောပါ"

"တစ်နေ့မှာ သူက ကျွန်တော့်ကို ချိန်းတယ်၊ ညဘက် မဟုတ်ဘူး။ မနက်အစောကြီး၊ သူ့အိမ်ရှေ့ကို မနက် (၆) နာရီ မထိုးခင်လာခဲ့ပါတဲ့၊ သူဆင်းလာခဲ့မယ်တဲ့"

"ရှင်က မသွားလိုက်ဘူးလား"

"သွားပါတယ်။ သူ ဆင်းမလာဘဲ သူ့အမေကြီးပဲ ဆင်းလာတယ်။ အိမ်ရှေ့မှာ ဟိုကြည့်သည်ကြည့် ကြည့်ပြီး ပြန်တက်သွားတယ်"

"ရှင့်ကို မြင်မသွားဘူးပေါ့"

"ပုန်းနေရတာပေါ့ဗျ"

"အင်း ... အဲဒါ ဘယ်လိုဖြစ်သွားလဲ"

"ဟုတ်တယ်လေ၊ နောက်နေ့ကျတော့ ကျွန်တော်လည်း ကောင်မလေးကို အဲဒါပဲ မေးတာ၊ နင်ဆင်းမလာဘဲ နင့်အမေဆင်းလာတာ ဘာဖြစ်လို့လဲလို့"

"အဲဒီတော့"

"အဲဒီတော့ သူက ဒေါသအမြက် ချောင်းချောင်းထွက်တယ်ဗျ ....၊ ကျွန်တော့်ကို ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးမယ့် မျက်လုံးနဲ့ကြည့်တယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီမနက်က ဆင်းလာတာ သူ့အမေ မဟုတ်ဘူးတဲ့ဗျ။ သူ ဆင်းလာတာတဲ့၊ အိပ်ရာထ မပြင်ရ မဆင်ရသေးလို့ ဖိုးရိုးဖားရား ဖြစ်နေတာတဲ့"

"သြော် ... ခိခိ အဲဒီလိုလား"

"သူ့ကို သူ့အမေနဲ့ မှားရကောင်းလားဆိုပြီး ကျွန်တော့်ကို စိတ်ဆိုးသွားပါလေရောဗျာ"

"သြော် အဲဒီလိုနဲ့ ရှင် အသည်းကွဲလာတာလား"

"မဟုတ်ဘူးဗျ။ အဲဒီမှာ မကွဲသေးဘူး။ ပြန်ချော့ရတာပေါ့"

ရည်ညွှန်း၏စကားတွေကို သူမ သိပ်မယုံချေ။ သို့သော်လည်း စိတ်ဝင်စားမိသည်။

"ရှင် ဘယ်လို ချော့လဲ"

"သူ့ပုံတူဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို လက်ဆောင်ပေးလိုက်တယ်လေ။ ကျွန်တော်ကိုယ်တိုင် ဆွဲတာ"

"သြော် ရှင်က ပန်းချီဆွဲတတ်တယ်ပေါ့"

"မဆွဲတတ်ပါဘူး၊ လျှောက်လက်ဆော့တာ"

"ဓာတ်ပုံကိုကြည့်ဆွဲတာလား"

"မဟုတ်ပါဘူး။ အလွတ်ဆွဲတာ"

သူမ အံ့သြသွားရသည်။ ချီးကျူးမိသလိုလည်း ခံစားလိုက်ရသည်။

"အိုး ... ဒါဆို ရှင်က ပန်းချီကို တော်တော်ကျွမ်းကျင်လို့ပေါ့။ သူ့မျက်နှာကိုလည်း စိတ်ထဲ စွဲစွဲမြဲမြဲ မှတ်မိနေလို့ပေါ့"

ရည်ညွှန်းက လက်ကာပြီး တားသည်။

"နေပါဦး၊ ကျွန်တော်ပြောတာကို ဆုံးအောင် နားထောင်ပါဦး"

သူမက ရယ်ကျဲကျဲနှင့် ခေါင်းညိတ်ပြလိုက်ပြီး ...

"အင်းပါ ... အင်းပါ ... ပြောပါ ... ပြောပါ"

"အဲဒီ ပန်းချီကားပေးလိုက်တော့ သူ စိတ်ပြေသွားတယ်ဗျ။ သုံးလလောက်အထိ အဆင်ပြေနေသေးတယ်"

"ဘာ ပြဿနာထပ်တက်လို့လဲ"

"အဲဒီ ပန်းချီကားပဲပေါ့ဗျ"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"ဒီလိုဗျာ"

"အင်း ပြော"

"အမှန်မှာ ကျွန်တော့် အဲဒီပန်းချီကားက မျောက်ပုံဆွဲတာဗျ"

"ဟင်"

"မျောက်ပုံဆွဲရင်း မတော်တဆ သူနဲ့တူသွားလို့ အမြီးဖြတ်ပြီး သူ့ပုံလုပ်လိုက်တာ"

"ဟယ်"

"အဲဒါကို တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သူက ကြားသွားရော ဘူးအပေါက်တစ်ရာသာ ပိတ်လို့ရမယ်။ လူ့ပါးစပ် နှစ်ဆယ့်ငါးပေါက် သုံးဆယ်လောက်က ပိတ်လို့မရဘူး မဟုတ်လား"

"ရှင့်ကိစ္စကလည်း လူနှစ်ဆယ့်ငါးယောက် သုံးဆယ် သိတယ် ဟုတ်လား"

သူမ၏စိတ်ထဲမှာ "အံ့ရော အံ့ရော" ဟုပင်တွေးမိပါသေး၏။ ရည်ညွှန်းကတော့ အေးအေးဆေးဆေး ဆက်ပြောပြ၏။

"မပြီးခင် မြန်မာမမြင်စေနဲ့ဆိုတဲ့ စကားရှိတယ် မဟုတ်လားဗျာ။ အခုဟာက မပြီးခင်ရော ပြီးပြီးမှရော မြန်မာနှစ်ဆယ့်ငါးယောက် သုံးဆယ်က မြင်ထားတဲ့ ကိစ္စ၊ ဘယ်လိုလုပ် ဖုံးလို့ရမှာတုန်း"

သူမ အူယားလာသည်။ ဗိုက်ထဲကို လက်ထည့်ပြီး ကုတ်၍လည်း မရ။ လျှာမှ အသံထွက်သွားသည်။

"ခိ ... ခိ အဲဒါကို ရှင့်ကောင်မလေး ကြားသွားရော ဆိုပါတော့"

"ဟုတ်ပဗျာ"

"အဲဒီတော့"

"အဲဒီတော့ ဒေါသတွေ ထွက်ပါလေရောဗျာ။ ကျွန်တော်နဲ့ လမ်းခွဲမယ်တွေ ဘာတွေဖြစ်"

"နည်းတောင် နည်းသေးတယ်"

"အဲဒီလိုနဲ့ သူနဲ့ ကျွန်တော့်ကို ဖြတ်သွားပါလေရောဗျာ"

"ဩော် ... အဲဒါကြောင့် ရှင်က အသည်းကွဲတာလား"

"မဟုတ်သေးဘူးဗျ"

"ဟော ..."

နားထောင်ရတာ သူမ ဆန်တင့်င့် ဖြစ်နေ၏။ စိတ်မရှည်ချင်တော့။

"အဲဒီမှာ အသည်းမကွဲရင် ရှင်က ဘယ်မှာ အသည်းကွဲတာတုန်း"

"လာမယ်လေဗျာ။ ဖြည်းဖြည်းပေါ့"

သူက ထိုသို့ပင်ပြောသည်။ ဘယ်ကိုမှ မသွားပါဘဲ ထိုင်နေလျက်က ဖြည်းဖြည်းနေရခြင်း ဒုက္ခသည် အတော်ကြီးလေးသည်။ ဆောင့်ကြီးအောင့်ကြီးနှင့် ...

"ကဲ ပြောပြော၊ ရှင့်ဘာသာရှင်ပဲ ဆက်ပြော"

"သူက ကျွန်တော်နဲ့ လမ်းခွဲမယ်ဆိုတော့ ကျွန်တော်က ပြန်ပြောလိုက်တယ်"

"အင်း"

"မင်း ငါ့ကို ကျောခိုင်းပြီး သွားတော့မှာလားလို့"

"သူက ဟုတ်တယ်လို့ ပြောမှာပေါ့"

"အမှန်ပဲ၊ သူက အဲဒီအတိုင်း ပြန်ပြောတယ်"

"အဲဒီတော့"

"အဲဒီတော့ ကျွန်တော်က ပြန်ပြောလိုက်တယ်။ သွားပါ။ ရပါတယ်။ ဒါပေမယ့် ကမ္ဘာကြီးက လုံးနေတာမို့လို့ တစ်နေ့မှာ မင်း ငါ့ဆီပြန်ရောက်လာလိမ့်မယ်လို့"

"အလဲ့ ..."

ချစ်မိုးဆွေ ရယ်ချင်သွားသည်။

"နောက်တော့ရော ဘာဆက်ဖြစ်လဲ"

"ကျွန်တော် စောင့်နေတယ်လေ"

"နေပါဦး၊ ခုနက ရှင်ပြောတဲ့ ကိစ္စက ဘယ်တုန်းက ဖြစ်သွားတာလဲ၊ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော် ဆယ်တန်းအောင်ပြီးကာစကဆိုတော့ ခုဆို ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီပေါ့ဗျာ"

"အဲလို ရှင် စောင့်နေတာ ပြန်တွေ့လား"

"တွေ့တယ်"

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းကလဲ"

"ဒီနှစ်ဆန်းပိုင်းမှာပဲ"

"ဟင် ... ဒါဖြင့် ရှင် အရမ်းပျော်သွားမှာပဲနော်"

"မပျော်ပါဘူးဆို"

"ဟင် ... ဘာဖြစ်လို့လဲ"

"အဲဒီမှာမှ အသည်းကွဲတာဗျို့"

"ဘာဖြစ်လို့လဲ ... ဆို ..."

"ကမ္ဘာကြီးလုံးပြီး ပြန်လည်လာတာကတော့ ဟုတ်တာပေါ့ဗျာ၊ ကြား ထဲမှာ ဘာဖြစ်လာမယ်မှန်း ဘယ်သူမှ မပြောနိုင်ဘဲ"

"ဟင် ... ဘာတွေ ဖြစ်လာလို့လဲ"

"အရင်ထက် သုံးဆလောက် ဝ နေပြီဗျ"

"အဲဒါနဲ့ပဲ ရှင်က အသည်းကွဲရရောလား၊ ရှင် ချစ်တယ် မဟုတ်လား။ ဝ တာကို ခွင့်မလွှတ်နိုင်ဘူးလား"

"ဒါတင်မပြီးဘူးဗျ ...၊ သူက တစ်ခုလပ်လည်း ဖြစ်နေသေးတယ်။ ယောက်ျားလေးတစ်ယောက်နဲ့ ကွဲပြီးပြီ"

"တစ်ခုလပ် မကလို့ နှစ်ခုလပ်ဖြစ်ဖြစ် ယောက်ျားတစ်ယောက်နဲ့ မက လို့နှစ်ယောက်နဲ့ကွဲကွဲ ... ရှင် သူ့ကို ချစ်တယ် မဟုတ်လား။ ရှင့် သူ့ကို စောင့်နေ တာ မဟုတ်လား။ ဘာဖြစ်လဲ ယူလိုက်ပေါ့"

"အဲဒါတင် မပြီးသေးဘူးဗျ။ သူက သမီးလေးတစ်ယောက်လည်းပါ လာသေးတယ်။ ခြောက်နှစ်တောင် ရှိနေပြီ"

"ခြောက်နှစ် ဟုတ်လား"

"ဟုတ်တယ်ဗျ"

"အမ်"

"နောက်ပြီးတော့ဗျာ မသင့်တော်ပါဘူး။ အခု သူ့ကို ကျွန်တော် ယူ လိုက်ပြီဆိုပါစို့၊ နောက် (၁၀) နှစ် ထည့်ပေါင်း ကျွန်တော်က (၃၅–၃၆) ပဲရှိဦး မယ်။ သမီးလေးက (၁၆) နှစ် မသင့်တော်ဘူးဗျ"

"ရှင်က ခုတည်းက မရိုးမသား ဖြစ်နေတာလား"

"တောက်တီးတောက်တဲ့ဗျာ၊ ဟော့ ဒီမှာ ခင်ဗျားကို ကျွန်တော်မေး မယ်။ ခင်ဗျားဘဝမှာ 'မိထွေး' ဆိုတဲ့ ဘွဲ့ကို လိုချင်သလား"

"ဟင် ... ရှင် စော်ကားလှချည်လား"

"ကိုယ်ထိတော့ ခံရခက်တယ် မဟုတ်လား။ ကျွန်တော်လည်း ပထွေး ဘွဲ့ မလိုချင်ဘူးဗျ"

"အဲ ..."

၆၆

# လရောင်ကိုပန်၍ ညဉ့်ယံ၌လည်း မွှေးမြဲဖြူစင်နိုင်စေ

"ကဲ ... ရှင် ဆက်တိုးဝင်သွားလိုက်ပြီပေါ့၊ ဟုတ်လား"
"ကျွန်တော်က နောက်ပြန်လှည့်ရိုး ထုံးစံမရှိဘူးဗျ၊ ဟဲ ဟဲ"
"အင်း ... တွေ့ကြသေးတာပေါ့"
ကောင်လေး လန့်သွားသည်။
"အဲ ..."
"အဲဒီလို ဆက်ဝင်သွားရင်းနဲ့ ရှင်အိမ်တစ်လုံးကို တွေ့လိမ့်မယ်"
"အင်း ..."
"အိမ်က တော်တော်ကလေး သပ်ရပ်တဲ့ အိမ်ပဲ"
"ဟုတ်ပြီ"
"အဲဒီအိမ်ထဲမှာ အမျိုးသမီးကြီးတစ်ယောက်ကို ရှင့်တွေ့တယ်။ ငယ်ငယ်ကဆို တော်တော်လှမယ့် အမျိုးသမီးကြီးပေါ့"
"ဩော် ... ဟုတ်လား၊ သူက ဘယ်သူလဲ"
"ရှင်တော့ တော်တော် ဒုက္ခရောက်တော့မယ်"
"ဗျာ ... ဘာဖြစ်လို့"

**ပ န် း ခေ တ် လ မ င် း စ ၁ ပေ**

"အဲဒီအမျိုးသမီးကြီးက ဖျော့အမေ ရှင့်"
"ဖျော့ရဲ့အမေ ..."
"ဖျော့ရဲ့အမေ ..."
"အင်း"
"ဦးကော့ရဲ့မိန်းမ ဒေါ်ထော့တော့ မဟုတ်ပါဘူးနော်"
ကောင်မလေးက ရယ်၏။
"မဟုတ်ပါဘူးရှင့်၊ ရှင့်ရည်းစား ဖျော့ရဲ့အမေပေါ့"
"မြို့စားကြီးကတော်ပါ"
"ဒါပေါ့"
"သူက ဘာလာလုပ်နေတာလဲ"
"သူ့သမီးကို လာစောင့်ကြပ်နေတာလေ"
"မဟုတ်ပါဘူး၊ အခု အိမ်ထဲမှာ ဘာလုပ်နေတာလဲလို့ မေးတာ"
"သြော် ... သူ ကုလားထိုင်မှာထိုင်ပြီး ပေစာတစ်ချပ်ကို ဖတ်နေတယ်"
"အဲဒါဆိုရင်လည်း ဖတ်ပါစေပေါ့ဗျ၊ ကျွန်တော်က တိတ်တိတ်ကလေး နောက်ဘက်က ပတ်ဝင်သွားမယ်"
"အဲလို လုပ်နိုင်ခဲ့ရင်တော့ ကောင်းသားပဲ၊ ဒါပေမယ့် ရှင် နောက်ကျသွားပြီ"
"ဘာဖြစ်လို့လဲ"
"သူက ရှင့်ကို မြင်သွားပြီ ရှင့်"
"ဟီး ... လို့ ရယ်ပြလိုက်မယ်ဗျာ"
"မင်း ... ဘာလုပ်တာလဲလို့ မေးနေတယ်"
"မြို့စားကတော်ရဲ့ ပြဿနာကို ကူညီဖြေရှင်းပေးဖို့ လာတာပါလို့"
"သူက ဘာပြဿနာဖြစ်နေလို့လဲ"
"ခင်ဗျား မမြင်ဘူးလား၊ သူက ပေလွှာကို ဖတ်လိုက်၊ အဝေးကို ငေးလိုက်၊ သက်ပြင်းချလိုက်နဲ့"
"အင်း ... ဟုတ်တယ်၊ အဲဒီပေလွှာကို သူ မဖတ်တတ်ဘူး ဖြစ်နေတယ် ရှင့်"
"သင်္ကေတလို ရေထားလို့လား"
"မဟုတ်ဘူး။ အဲဒီပေလွှာမှာ ကဗျာတစ်ပုဒ် ပါတယ်"
"သိပြီ၊ မော်ဒန်ကဗျာမို့လို့ သူ မဖတ်တတ်တာ ဖြစ်လိမ့်မယ်"
"မော်ဒန်ကဗျာမဟုတ်ဘူး။ ပဟေဠိ ကဗျာ"

"သြော် ..."

"သူ အပျိုဘဝက မြို့စားကြီး သူ့ကိုပေးတဲ့ ကဗျာရှင့်"

"အဲဒါကို သူ ခုထိ မဖော်နိုင်သေးဘူးလား"

"အင်း"

"ဇာတ်ကတော့ နာပါပေ့ဗျာ။ သမီးတောင် ယောကျ်ားယူတော့မယ်"

"အဲဒီပဟေဠိကဗျာကို မဖော်နိုင်လို့ မြို့စားကြီးကို သူ လက်ထပ်လိုက်ရတာရှင့်"

"ဟင် ... ပဟေဠိဖော်နိုင်တဲ့နေ့မှာ မြို့စားကြီးကို ပြန်ကွာမှာလား"

"ခစ်ခစ် ... အဲလိုတော့လည်း မဟုတ်ပါဘူးရှင်၊ လင်ရယ် မယားရယ် ဖြစ်လာတော့လည်း မြို့စားကြီးကို သူ ချစ်သွားတာပါပဲ"

"ဒါပေမယ့် ဒီကဗျာရဲ့အဓိပ္ပာယ်ကိုတော့လည်း ဖော်ထုတ်ချင်တယ်ပေါ့၊ ဟုတ်လား"

"ဒါပေါ့ ... ကျွန်တော် ကူဖြေပေးမယ်လို့၊ အဲဒီကဗျာ ကျွန်တော့်ကို ပြပါလို့"

"ရတယ်လေ၊ မြို့စားကတော်က ရှင့်ကို အဲဒီကဗျာပြပြီး ပေးဖတ်ပြီ၊ ကဗျာက ဒီလိုရှင့် ..."

ကောင်မလေး ရွတ်ပြသည်။

၁။ ခုံလောက်ပေါ်တွင်၊ စလယ်ဝင်
အောက်တွင်ကပ်သည့်ချိုး။

၂။ မြစိမ်းတောင်တွင်၊ မိန်းမယဉ်
ပါးတွင်မင်စစ်ထိုး။

၃။ ပန်းပဲဖိုတွင်၊ ပေပေါ်တင်
လက်တွင်ကိုင်၍မိုး။

၄။ ပဆစ်ပင်လျှင်၊ နှစ်ကွက်မြင်
နှုတ်တွင်ခေါ်သည့်မျိုး။

၅။ တရုတ်ပြည်တွင်၊ ကုန်သည်တင်
မြင်းလျှင်ဘယ်အမျိုး။

“ဒီ ပဟေဠိက နည်းနည်းတော့ ထူးတယ်ဗျ”

“နည်းနည်းလည်းခက်တယ်။ လွယ်ရင် ရှင့်ကိုတောင် ပေးဖတ်မနေဘူး။ သူ့ဘာသာသူ ဖြေပစ်လိုက်ပြီ”

“ကြိုးစားကြည့်ရမှာပေါ့ဗျာ”

“ရှင်တစ်ခုသိထားဖို့က ရှင့်မှာ အချိန်သိပ်မရှိဘူးဆိုတာပဲ”

“သိပါတယ်ဗျာ။ ခင်ဗျားက ခဏခဏ ပြောမနေနဲ့”

“သိရင်ပြီးတာပဲ၊ ကဲ ... ဖြေ”

“လွယ်တာကို အရင်ဖြေရမယ်”

“ရှင့်ဟာရှင့် ဘယ်က စဖြေဖြေ၊ အားလုံးအဖြေမှန်ရရင် ပြီးရော”

“မြစိမ်းတောင်တွင် မိန်းမယဉ်
ပါးတွင် မင်စစ်ထိုး ... ဆိုတာက ‘ချင်းမ’ တွေကို ပြောတာ”

“အင်း”

“ပန်းပဲဖိုတွင် ပေပေါ်တင်
လက်တွင်ကိုင်၍မိုး .. ဆိုတာ ရှင်းပါတယ်၊ ‘တူ’ ကိုပြောတာ”

“ဟုတ်ပြီ”

“ပဆစ်ပင်လျှင်၊ နှစ်ကွက်မြင်
နှုတ်တွင်ခေါ်သည့်မျိုး ... ဆိုတာက ‘ပါ’ ကို ပြောတာ”

“ပါ ...ဘာပါလဲ”

“ပဆစ်ကစားတဲ့ အသုံးအနှုန်းဗျ။ ကြွေနှစ်ပွင့်လန်နေတာကို ပါလို့ခေါ်တယ်”

“အင်း ... အဲဒါကို မသိရင် တော်တော်မလွယ်တဲ့ အချက်ပဲ၊ ဆက်ပြောပါဦး”

“တရုတ်ပြည်တွင် ကုန်စည်တင်

မြင်းလျှင် ဘယ်အမျိုး ... ဆိုတာက 'လား' ကိုပြောတာ။ သူတို့ဆီမှာက လားနဲ့ ကုန်အတင်အချ လုပ်ကြတယ်"

"ပထမဆုံး အပိုဒ် (၁) ကရော"

"အဲဒါကိုနည်းနည်းစဉ်းစားရ ကျပ်နေတာ"

"အဲဒါကို စဉ်းစားပြီးရင်တောင် ရှင် ပြန်ပြီး ဆက်စပ်ရဦးမှာနော်"

"အောက်လေးပိုဒ်က ရပြီဗျ"

"ဟုတ်လား"

"အင်း ... ချင်းတူပါလား ... တဲ့"

"ရှေ့တစ်လုံးပဲ လိုတော့တာပေါ့"

"ဟုတ်တယ်"

"စဉ်းစားလေ"

"စဉ်းစားနေတာပဲ ... မရဘူး၊ မဟုတ်ဘူး ထင်တယ်"

"ဘယ်လို ဖြစ်လို့လဲ"

"ခုံလောက်ပေါ်တွင် စလယ်ဝင်

အောက်တွင်ကပ်သည့်မျိုး ... ဆိုတော့ ဆီထမင်းကိုချည်း ပြေးပြေးမြင်နေတယ်"

"ခွီ ... ဒါဆို အဖြေက ဆီထမင်းချင်းတူပါလားပေါ့"

"မဟုတ်နိုင်ဘူး။ အဲဒီအပိုဒ်ကလည်း တစ်လုံးတည်း ထုတ်ယူရမှာ"

"ကဲ ... ဒါဖြင့် ရှင် ဘာချင်းတူခိုင်းမှာလဲ"

တော်ပါသေးရဲ့ ... ။ ကောင်လေးက အချိန်မီပင် အတွေးတစ်ခုကို ရလိုက်သည်။

"သိပြီဗျို့ ... သိပြီ"

"ဘာတုန်း ..."

"ချိုး ... ဗျ ... ချိုး"

"ချိုးချင်းတူပါလား ... လား"

"မဟုတ်ပါဘူး၊ 'ချိုး'ဆိုတာ ခြစ်ပစ်ရမှာ မဟုတ်လား"

"ဒါဖြင့် ..."

"ချစ်ချင်းတူပါလား ...တဲ့"

"ဩော် ... ဒီလိုလား"

"ဟုတ်တယ်၊ ဒီလိုပဲ"

"ကဲ ... ပယောဂဋ္ဌကဗျာကိုတော့ ရှင် အဖြေမှန်သွားပါပြီ"

"ဒါဆို ပွဲပြီးပြီပေါ့"

ကောင်မလေးက အံ့ကြိတ်သံနှင့် ...

"ဟင်း ... ဟင်း ... ဆန္ဒတွေ မစောနဲ့လေ"

"ဘာဖြစ်လို့လဲ"

"ရှင် ... မြို့စားကတော်ကို ဘာအကူညီတောင်းမလဲ၊ ရှင့်ကိစ္စကို ဘယ်လို ပြောမတုန်း၊ အပြောရ တော်တော်ခက်ဦးမယ်"

"အဲ ..."

ကောင်လေးက ခေါင်းတစ်ချက်ကုတ်သည်။

"အဲဒါလည်း ဟုတ်တော့ ဟုတ်သားပဲ"

"ဒါဆို ရှင် ဘယ်လိုပြောမှာလဲ"

"ဟဲ ... ဟဲ"

"ရှင် ... ဘာကြံနေပြန်ပြီလဲ"

"တစ်ခါတစ်ခါ မျဉ်းဖြောင့်အတိုင်း မတွေးမိဘူးဗျ။ မျဉ်းဖြောင့်မဆန်တဲ့ အတွေးမျိုးလည်း တွေးရတယ်။ Non- Linear Thinking လို့ခေါ်တယ်"

"ရှင်ပြောချင်တာကို တည့်တည့်ပြောရှင့်။ မျဉ်းဖြောင့်အတိုင်းပြော"

"ခင်ဗျားက ကျွန်တော့်ကို မြို့စားကတော်ဆီမှာ တိုက်ရိုက်အကူအညီတောင်းမယ်လို့ ထင်နေတယ် မဟုတ်လား။ ဒါမှမဟုတ် ဒီကိစ္စကို ဦးတည်ဖြေရှင်းမယ်လို့ ထင်နေတယ် မဟုတ်လား"

"အင်း ... ထင်မိသလိုပဲ"

"မဟုတ်ဘူးဗျ။ ကျွန်တော်က အဲဒီလို မလုပ်ဘူး။ အဲဒါက မျဉ်းဖြောင့်အနေအထားအတိုင်း ဆောင်ရွက်တာ"

"အခု ရှင်က ဘယ်လိုလုပ်မလဲ"

"ကျွန်တော့်ကိစ္စကို ဘာမှ မပြောဘူး။ မြို့စားကတော်ကို မြို့စားကြီးဆီ သွားခိုင်းလိုက်မှာပေါ့"

"ဘာလုပ်ဖို့လဲ"

"အဖြေသွားပေးဖို့လေ"

"ဩော် ..."

"ခင်ဗျား ဩော် ... မနေနဲ့။ မြို့စားကတော် ဝမ်းသာအားရနဲ့ ပေချပ်ခါးကြားထိုးပြီး ထွက်သွားပြီ။ ကျွန်တော့်အတွက် အများကြီး အကျိုးထူးတယ်"

"ဘယ်လို အကျိုးထူးလဲ"

"တစ် ... ဗျော့ဆီကို သွားလို့ရပြီ"

"အင်း"

"မြို့စားကြီး အလုပ်ရှုပ်သွားပြီ၊ မြို့စားကတော်နဲ့ ချစ်ကြည်နူးပြီး ငယ်မူငယ်သွေးတွေ ဖိတ်လျှံနေပြီ။ အဲဒါကြောင့် ဗျော့ကို ကျွန်တော် ခိုးပြေးရင် လိုက်မဖမ်းအားသေးဘူး"

"တယ်ဟုတ်ပါလား"

"မျဉ်းဖြောင့်မဆန်တဲ့ အနေအထားအတိုင်း ဆောင်ရွက်လိုက်တာ ပေါ့ဗျာ ... ဟဲဟဲ"

"တော်ပါရှင်...မြို့စားကြီးကတော်ကြီး သွားပြီဆိုပါစို့၊ ရှင် အခု ဗျော့ဆီ ဝင်တွေ့တော့မှာလား"

"ဒါပေါ့ ..."


"ဗျော့က ဒီအိမ်ထဲမှာ မရှိဘူးရှင့်၊ အိမ်နောက်က ရေကန်ထဲမှာ"

"ရေကူးဝတ်စုံနဲ့ ရေကူးနေတာလား ... ဟော့ ဟော့"

"ဘယ်ကလာ"

"ဟင် ... ဒါဖြင့် ဘာလုပ်နေတာလဲ"

"ရေကန်ရဲ့ အလယ်ခေါင်မှာ အိမ်တစ်လုံးရှိတယ်။ အဲဒီအိမ်ထဲမှာ ဗျော့ကို ထားတာ ဒီလို ..."



"တံတားလည်း မရှိဘူး"

"မရှိဘူး"

"လေ့ရော ..."

"မရှိဘူး"

"ရေကူးပြီး သွားရင်ရော"

"ရေထဲမှာ အန္တရာယ်မရှိဘူးလို့ ရှင် ထင်နေသလား"

"အဲဒီလောက်ကြီးကိုတော့ ကျွန်တော် ခုန်မကူးနိုင်ဘူးဗျ"

"ကျွန်မလည်း ရှင့်ကို ခုန်မကူးခိုင်းပါဘူး"

"ဒါဖြင့် ..."

"ရေကန်ဘေးမှာ သစ်သားချောင်း နှစ်ချောင်းရှိတယ်"

"အဲဒီ သစ်သားချောင်းတွေကို တံတားလုပ်ပြီး ကူးရမှာလား"

"ဟုတ်တယ် ... ကြိုးစားကြည့်စမ်းပါ"


"စောစောက ပြောရောပေါ့ဗျာ"

"ဘာလဲ ... ရှင် တံတားထိုးတတ်ပြီလား"

"ထိုးတတ်တာပေါ့၊ လွယ်လွယ်လေး"

"ကဲ ... လုပ်ပြစမ်း"

ကောင်လေးက အကြမ်းစာအုပ်မှာ အမြန်ရေးခြစ်လိုက်သည်။ ကောင်မလေးကိုလည်း ပြန်ပြောပြလိုက်၏။



"ဟုတ်ပြီလား"

"အင်း ... ဟုတ်တယ်။ ရှင် အိမ်ထဲဝင်ပြီး ဗျော့ကို တွေ့လို့ရပြီ"

"ဝင်သွားပြီဗျာ။ တွေ့ကြပြီဗျာ... ဝမ်းသားအားရကို ဖြစ်လို့၊ ပျော်လိုက်တာ"

"ကဲ ... ရှင် ဘာဆက်လုပ်မလဲ။ ဗျော့ကို ခေါ်ပြီး ဘယ်လို ထွက်ပြေးမလဲ"

"နေပါဦးဗျာ ... ကိုယ့်ရည်းစားနဲ့တွေ့တုန်း ကဗျာလေး ဘာလေး ရွတ်ပါရစေဦး"

"ရှည်လိုက်တာ မရွတ်နဲ့"

"ဘာဖြစ်လို့လဲဗျာ ... ကဗျာလေးရွတ်"

"မရွတ်နဲ့ဆို"

"ဘာဖြစ်လို့တုန်း ..."

"နားညည်းတယ်၊ ကိုယ့်ဘာသာကိုယ် ပြေးဖို့လုပ်"

"နေဦး ... ဒီဗျော့ကို ကျွန်တော့်ဗျော့ ... ဟုတ်မဟုတ်၊ စမ်းသပ်ကြည့်ရဦးမယ်၊ ခင်ဗျားက ယုံရတာ မဟုတ်ဘူး"

"ရှင်နော် ... ဘယ်လိုစမ်းသပ်မှာလဲ"

"ခင်ဗျားက အပျိုကြီး တွေးပဲ တွေးနေတာကိုး၊ ကျွန်တော်တို့ ချစ်သူ ရည်းစားကြားမှာ အတိုင်အဖောက်လေး တစ်ခု ရှိတယ်ဗျ"

"ကြာတယ် ... မြန်မြန်ပြော"

ကောင်လေးက အော်လိုက်၏။

"ဗျော့ ... ချစ်ချစ်ရေ"

စိတ်တိုစွာ ကောင်မလေး ဝင်ထူးသည်။

"ဒါများ ... ဝေ ..."

"ဗျော့ ... ချစ်ချစ်လား"

"ဝါး ..."

"ဗျော့ပဲ ...ဗျော့စုတ်"

"ဝုတ် ... ဟင်"

ကောင်မလေး အငိုက်မိသွားသည်။ ဒါတွေ ကန်လိုက်သည့်ဖြစ်ခြင်း။

ကောင်လေးကတော့ တဟားဟား ရယ်နေတော့၏။

ဇ

# ကျွန်တော်နှင့်အရပ်မြို့တော်

သိပ္ပံရပ်ကွက်ရဲ့ အဝင်ဝမှ ဆေးကုခန်းတစ်ခုကို တွေ့ရပါတယ်။ စက်ရုပ်က စက်ရုပ်ကို ပြန်ကုပေးနေတာပါ။ မြင်ရခဲတဲ့ မြင်ကွင်းမို့လို့ ထုံးစံအတိုင်း ကျွန်တော်တို့ ရပ်ကြည့်လိုက်ကြတယ်။

ဆရာဝန်စက်ရုပ်က လူနာစက်ရုပ်ကို မေးတယ်။

"အခုရော ... နေရထိုင်ရတာ ဘယ်လိုလုပ်နေလဲ"

လူနာစက်ရုပ်ရဲ့ ပြန်ဖြေသံက အားနည်းတုန်ဖျော့နေတယ်။

"ဟုတ်ကဲ့ ... နည်းနည်းတော့ သက်သာလာပါပြီ ဒေါက်တာ"

ဆရာဝန်စက်ရုပ်က သက်ပြင်းချပြီး ဆက်ပြောတယ်။

"ခင်ဗျားသိထားဖို့က ကျွန်တော်တစ်ခုပြောမယ်"


"ဟုတ်ကဲ့ ... ပြောပါ ဒေါက်တာ"

"ဆင်ခြင်ဖို့"

"ဟုတ်ကဲ့ ဆင်ခြင်ပါ့မယ် ... ဒေါက်တာ ပြောပါ"

"လူတွေနဲ့ သိပ်မပေါင်းနဲ့ဗျ"

"ဟုတ် ... ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော်လည်း သင်ခန်းစာရပါပြီ"



"အင်း ... ကောင်းတယ်။ ဒီလိုပဲ သင်ခန်းစာ ယူတတ်ရမယ်၊ လူတွေနဲ့ ဆက်ပေါင်းနေဦးမယ် ဆိုရင်တော့ အခုလိုပဲ ခင်ဗျား နောက်ကျောကို ဓားနဲ့ ထပ်အထိုးခံနေရဦးမှာပဲ"

"ဟုတ်ကဲ့ပါ ဒေါက်တာ ... ၊ ကျွန်တော် ရှေ့လျှောက် သတိကြီးကြီး ထားပါတော့မယ်"

"အေးဗျာ .... အဲဒါပါပဲ။ ဒါပေမယ့် ခင်ဗျား ကလဲ့စားလည်း ချေမနေပါနဲ့တော့၊ သံသရာရှည်နေလိမ့်မယ်။ စက်ရုပ်ဆိုတာ သည်းခံခွင့်လွှတ်နိုင်ရတယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ကျွန်တော်တို့ နှစ်ယောက်လုံး အဲဒီဆေးခန်းရှေ့ကနေ ခပ်သုတ်သုတ် ထွက်ခဲ့ကြရတယ်။

ကျေခိုင်းလာခဲ့ရပေမယ့် ကျောလုံပါတယ်။

သူတို့ရဲ့လက်ထဲမှာ ဝှက်ထားတဲ့ ဓားတွေမှ မရှိဘဲ။

လမ်းကွေ့တစ်ခုမှာ ထိပ်အိမ်ထဲက အော်သံတွေကို ကြားရပါတယ်။



"ဟော့ ... ဘီ ၁၂၃၁၉"

"ခင်ဗျာ"

"ဒီကိုလာစမ်း"

"ဟုတ်ကဲ့ လာပါပြီ"

ထမင်းစားပွဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်က လှမ်းခေါ်တာပါ။ ဘီ ၁၂၃၁၉ ဆိုတဲ့ စက်ရုပ်က ရို့ရို့ကလေး ရောက်လာတယ်။ ပုဂ္ဂိုလ်ကြီးက ဒေါနဲ့ မောနဲ့ ပြောတယ်။

"ငါက ဒါတွေကို စားရမှာလား"

"သခင့်သဘောပါပဲ"

ပုဂ္ဂိုလ်ကြီးက ပိုပြီး ဒေါကန်သွားတယ်။

"ဘာကွ"

ဘီ – ၁၂၃၁၉ ကတော့ မျက်နှာသေလေးနဲ့ပေါ့ ...။

ရှင်းပြရှာတယ်။


"စားကြည့်ပါဦး သခင် ...၊ ပြီးမှ ကျွန်တော့်ကို အပြစ်တင်ပါ"

"ဒါ မင်း ဘာသဘောလဲကွ"

"ဒီလိုပါသခင် ...၊ သခင့်ပန်းကန်ထဲက စက္ကူတွေက ဝါးက ထွက်တာပါ။ မျှစ်ကလည်း ဝါးကထွက်တာပါပဲ"

ပ န် း ခ ေ တ် လ မ င် း စ ၁ ေ ပ

"ဒါ မျှစ်အရသာရှိတဲ့ စက္ကူတွေပါ၊
စားလို့ အဆင်ပြေမှာပါ ..."
ကျွန်တော်တို့လည်း ဆက်လျှောက်လာခဲ့ကြတယ်။
လမ်းမတစ်နေရာမှာ လူတစ်ယောက်နဲ့ တွေ့တယ်။
မိတ်ဆွေက ...
"ဒီရပ်ကွက်မှာ သိပ္ပံပညာ အတော်တိုးတက်တာပဲနော်"
"ဟုတ်တယ်။ လူတွေလည်း စက်နဲ့ပဲ အလုပ်လုပ်ကြတယ်"
မိတ်ဆွေက အားမနာ ပါးမနာ ဆက်မေးတယ်။
"လူတွေရဲ့ စွမ်းရည် ကျမကုန်ဘူးလား"
"ဘာလို့ ကျရမှာလဲ"
"အတွေးအခေါ်တွေ စိတ်စွမ်းသတ္တိတွေလေ"
"အို ... ဘာလို့ ကျရမှာလဲ၊ မကျပါဘူးဗျ"
အဲဒီအချိန်မှာပဲ ...
ကွန်ပျူတာနဲ့ အမေးအဖြေလုပ်နေတဲ့
ကျောင်းသားလေးတစ်ယောက်ကို
တွေ့ရတယ်။



အဲဒီမြင်ကွင်းကြောင့် မိတ်ဆွေက စကားတစ်ခွန်း ထောက်တယ်။

"ဟိုမှာ ကြည့်ပါဦး၊ နှစ်နဲ့နှစ်ပေါင်း ဘယ်လောက်လဲဆိုတာ ကွန်ပျူတာကို မေးနေရတယ်။ ကိုယ့်ဘာသာကိုယ် မတွက်နိုင်ဘူးလား"

"အဲ ..."

တစ်ဖက်သားမှာ အဖြေရ ကြပ်ရှာပြီ ...။

"ခင်ဗျားပြောတော့ လူ့စွမ်းရည်တွေ မကျဆင်းပါဘူးဆို"

မိတ်ဆွေရဲ့စကားကြောင့် တစ်ဘက်လူမှာ မျက်နှာကြီး နီလာတယ်။

"မဆိုင်ပါဘူးဗျာ ...။ အခု ကျောင်းသားလေးကိုက ညံ့လွန်းတာပါ။ ဒီလောက်မေးခွန်းကို ကွန်ပျူတာဆီ မေးနေစရာ မလိုပါဘူး။ နှစ်နဲ့နှစ်ပေါင်း သုံးဆိုတာ လူတိုင်းသိတာပဲ"

စကားအဆုံးမှာ နှာခေါင်းကြီး စူပွပွနဲ့ ထွက်သွားပါတော့တယ်။

ကျွန်တော်တို့က ကွန်ပျူတာရှေ့မှာရှိတဲ့ ကျောင်းသားလေးဆီရောက်သွားကြတယ်။

ကွန်ပျူတာက ကျောင်းသားလေးကို အဖြေတွေ ထုတ်ပေးပြီးပါပြီ။

ဒါပေမယ့် ကျောင်းသားလေးခမျာ အဖြေမှန်ကို ရွေးလို့မရသေးပါဘူး။

၂ + ၂ = ၁ + ၃

၂ + ၂ = ၅ − ၁

၂ + ၂ = $၂^{၂}$

၂ + ၂ = ၁၆ ÷ ၃

၂ + ၂ = ၂× ၂

"ဟေ့ ... ကလေး"

"ဗျာ"

"ဘယ်လိုလဲကွ၊ ခုထက်ထိ အဖြေမရသေးဘူးလား"

ကျောင်းသားလေးက ကျွန်တော်တို့ကို လှည့်မကြည့်အားဘူး။ အဖြေစာရွက်တွေရှေ့မှာ သူ့ခေါင်းကို တဖြင်းဖြင်း ကုတ်တယ်။

မိတ်ဆွေက ...

"ဘာဖြစ်လို့လဲကွ၊ ဆိုစမ်းပါဦး"

ကျောင်းသားလေးက သူ့မျက်မှန်ကို ပြန်တပ်လိုက်တယ်။ မျက်မှန်

ထဲက မျက်လုံးအစုံနဲ့ ကျွန်တော်တို့ကို 'ရှုံ' ကြည့်တယ်။

"ဦးလေးကြီးတို့ စဉ်းစားကြည့်ဗျာ"

"အေး .... ဆိုစမ်းပါဦး"

"တစ်နဲ့တစ်ပေါင်းရင် နှစ် မဟုတ်လား"

"အေး ... ဟုတ်တယ်လေ"

"အဲဒါဆို ... အစဉ်လိုက်အတိုင်း သွားရမှာပေါ့ဗျ။ နှစ်နဲ့နှစ်ပေါင်းရင် 'သုံး' ဖြစ်ရမှာပေါ့၊ သုံးနဲ့သုံးပေါင်းရင် လေး ဖြစ်ရမှာပေါ့၊ မဟုတ်ဘူးလား"

"ဟေ ... အော် .. အေး"

မိတ်ဆွေက အိုးတိုးအမ်းတမ်း ဖြစ်သွားတယ်။ ကျွန်တော်က ကျောင်းသားလေးရဲ့စကားကို ဖြည့်ပေးလိုက်တယ်။

"အေး ... ခုနက လူတစ်ယောက်ကလည်း မင်းလိုပဲ ပြောသွားတယ်။ နှစ်နဲ့နှစ်ပေါင်း သုံး တဲ့။ မင်းလောက်တော့ မပြည့်စုံဘူး။ သုံးနဲ့သုံးပေါင်း လေးဆိုတာတွေ အစဉ်လိုက်သဘော ဆိုတာတွေ မပါဘူး။ မင်းကတောင် သူ့ထက် ပိုမြင်တတ်သေးတယ်"

"အဟဲ"

ကျောင်းသားလေးက သူ့ကော်လာကို ပင့်တင်လိုက်တယ်။

ကျွန်တော်တို့နှစ်ယောက် အရုပ်မြို့တော်ထဲမှာ ကိုယ်ခြေထောက်တွေနဲ့ ကိုယ်ပဲ ဆက်လျှောက်နေကြတယ်။

"ဟေ့ကောင်"

မိတ်ဆွေက ကျွန်တော့်ကို စကားပြောဖို့ အသံပြုပါတယ်။

"အင်း ပြော"

"မင်း ဘယ်လို မြင်လဲ"

"ဘာကိုလဲ"

"ဒီရပ်ကွက်ကလူတွေရဲ့ ဉာဏ်ပညာ အနေအထားကိုလေ"

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူးကွာ။ မပြောတတ်တော့ပါဘူး"

"တစ်ခုတော့ ရှိတယ်ကွ"

"အင်း ... ပြော"

"လူက စက်ကို ခိုင်းနေနိုင်တယ်ဆိုတဲ့ အနေအထားကတော့ အင်မတန် ကောင်းတဲ့ အနေအထားပါပဲ"

သူ့စကားကို ထောက်ခံဖို့အတွက် ကျွန်တော် အဆင်သင့် မဖြစ်ဘူး။ ခေါင်းတွေရှုပ်ထွေးပြီးချီတုံချတုံ စဉ်းစားနေဆဲမှာ အသံတစ်သံကြားလိုက်ရတယ်။

"ဝုတ်တာပေါ့ … ဝုတ်တာပေါ့၊ လူက စက်ကိုခိုင်းနိုင်တယ်ဆိုတာ အင်မတန်ကောင်းတဲ့ အနေအထားပေါ့ …"

လမ်းနံဘေး အလုပ်ခန်းတစ်ခုထဲက ထွက်လာတဲ့ အသံပါ။ မိတ်ဆွေရဲ့ စကားကို ထောက်ခံတဲ့အသံပါ။ ဒါပေမယ့် မသင်္ကာစရာကောင်းနေတယ်။

အသံက အောက်ဘက်ယွန်းယွန်းဆီက ထွက်လာတာပါ။ လှမ်းကြည့် လိုက်တော့ မြင်ရတယ်။ လူတစ်ယောက်ရယ် … အလုပ်လုပ်နေတဲ့ စက်ရုပ် တစ်ရုပ်ရယ် …။

ဒါပေမယ့် ….

ꩩ

# သင်နှင့်နံနက်ခင်းကိုသာဝင်ခွင့်ပြုမည်

"ရွှယ်နု"

"ဘာလဲ"

"နင် ... ကြောင်ချစ်တတ်တယ် မဟုတ်လား"

"အင်း ... အေး ... ချစ်တာပေါ့ .. ဘာဖြစ်လို့ ... လဲ"

"ခွေးရော ... ချစ်လား"

"အင်း ... ချစ်ပါတယ်"

"ကြောင်နဲ့ခွေးနဲ့ နင် ဘယ်သူ့ပိုချစ်လဲ"

"အဲဒါကတော့ ... အင်း ... "

ရွှယ်နုက ဘောလ်ပင်ကို ပါးစပ်နှင့်ကိုက်ရင်း စဉ်းစားနေသည်။ ဒါဒါ့ကိုလည်း မျက်လုံးတစ်ချက် လှန်ကြည့်၏။ ဒါဒါက ...

"ငါ သိချင်နေတာဟ ..."

သူမ၏ စကားကြောင့် ရွှယ်နုက မေးခွန်းထုတ်သော မျက်လုံးနှင့်ပြန်ကြည့်သည်။

"လူတွေဟာ ကြောင်နဲ့ခွေးနဲ့ ဘယ်သူ့ကို ပိုချစ်ကြသလဲလို့"

"ချစ်တော့ ချစ်ကြတာပဲဟ ... အတူတူပဲ နေမှာပေါ့"

"ဟုတ်ဘူးဟ.. တချို့ ကြောင်ကို ပိုချစ်ပြီး၊ တချို့က ခွေးကိုပိုချစ်တယ်။ အဲဒါကြောင့်... ဘယ်အုပ်စုက ပိုများသလဲလို့..."

ရွှယ်နုက တုံ့ပြန်မေးခွန်းထုတ်သည်။

"နင်ကရော... ဘယ်သူ့ပိုချစ်လဲ"

ဒါဒါက လှလှလေး ပြုံးရင်း...

"ခွေးပေါ့"

ရွှယ်နုက မျက်မှောင်ကြုတ်လိုက်သည်။ ဒါဒါမေးထားသော မေးခွန်းကို တွေးတွေးဆဆ ပြန်ဖြေ၏။

"ငါကတော့ ကြောင်ကိုပိုချစ်တယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူး... နင်ကရော ဘာဖြစ်လို့ ခွေးကို ပိုချစ်တာလဲ"

"ငါလည်း မပြောတတ်ဘူး"

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ အရယ်တစ်ဝက်နှင့်ပင် "ပြိုင်" လိုက်ကြသေး၏။

"ငါက ကြောင်ကိုပိုချစ်တယ်"

"ငါက ခွေး"

"ဟယ် နင်ကခွေး... ဟုတ်လား"

"ရွှယ်နု အစုတ်ပလုတ်နော်"

ရယ်ကြရပြန်သည်။ ထိုအချိန်မှာပင် ပွင့်လှရောက်လာသည်။

"ဘာတွေ သဘောကျနေကြတာလဲ"

အမေးစကားနှင့်အတူ သူမတို့နံဘေးမှာ ဝင်ထိုင်သည်။ သူမတို့ကို ကြည့်ပြီး ပြုံးယောင်ယောင်ဖြစ်နေသည်။

ပွင့်လှသည် သူမတို့ တက္ကသိုလ်ပထမနှစ် စတက်မှ တွေ့ထိရင်းနှီးရသော သူငယ်ချင်းဖြစ်၏။ လှပခေတ်မီသည်နှင့်အမျှ အေးအေးတည်ငြိမ်မှုလည်းရှိသော "ပွင့်လှငယ်" သည် သူမတို့နှင့် အတွဲညီခဲ့ပေသည်။

"ပွင့်လှကိုလည်း မေးရဦးမယ်"

ပွင့်လှကလည်း ဖြေချင်ပုံရသည်။

"မေး... ဘာမေးမှာလဲ"

"နင်... ကြောင်နဲ့ခွေးနဲ့ ဘယ်သူ့ပိုချစ်လဲ"

"အာ..."

ပွင့်လှငြိမ်သွားသည်။ မျက်တောင်လေး တဖျပ်ဖျပ်ခတ်ရင်း စဉ်းစား၏။ ခဏကြာမှ ရှက်ပြုံးဖြင့် ပြန်ဖြေသည်။

"မသိဘူးဟ... ငါကတော့ နှစ်ကောင်စလုံး တူတူချစ်တာပါပဲ"

"အဲဒါဆို... နင် သူ့တို့ကို အဖြေပေးဖို့ခက်နေတယ်ပေါ့... နင့်သည်းဦးပန်းကို ဘယ်သူ့ကို ပန်ဆင်ခွင့်ပေးရမလဲ ဝေခွဲရခက်နေတယ်ပေါ့"

အမှတ်မထင် ဖြတ်ဝင်လာသော စကားသံနှင့်အတူ ဖိုးကြယ်ရောက်လာသည်။ သုံးယောက်သား လန့်သွားမိကြ၏။ ပွင့်လှဆိုလျှင် အူကြောင်ကြောင်ဖြစ်သွားသေးသည်။

"အောင်မာ ကြယ်စုတ်ကြယ်ပဲ့... ဘာစကား ပြောတာလဲ"

ဖိုးကြယ်က ပြုံးတုံ့တုံ့ဖြင့်...

"ငါ ကြားလိုက်ပါတယ်။ နင် နှစ်ယောက်စလုံးကိုပဲ အတူတူချစ်လို့ ဝေခွဲရခက်နေတယ်ဆိုတာ"

ပွင့်လှက ဖိုးကြယ်ကို လက်ထဲမှ ခေါက်ထီးဖြင့် ရိုက်ရန်ပြင်သည်။ ဖိုးကြယ်က ခေါင်းကို ပုဝပ်လိုက်ရင်း...

"အေးပေါ့ဟာ... အခုတော့ နင်က ငါ့ကို လုပ်ရက်ပြီပေါ့။ နှစ်ယောက် တောင် ရှိနေပြီကိုး၊ ထီးနဲ့တောင် ရွယ်ရက်ပြီပေါ့။ ငါကတော့ ကြွေရတော့မှာ ပေါ့၊ အင်း... ကြယ်ကြွေတယ်ဆိုတာ ဒါပဲနေမှာပဲ"

"လာလာချည်သေး... ကြယ်စုတ်ကြယ်ပဲ့"

သူတို့နှစ်ယောက်ကို ကြည့်ရင်း ဒါဒါတို့ ရယ်ကြရသေးသည်။

သူမတို့နှစ်ယောက်နှင့် ပတ်သက်ပြီးမှ ဖိုးကြယ်နှင့်ပွင့်လှတို့ ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ တစ်ခု ရှိသည်က ဟိုတုန်းက ဖိုးကြယ်ဆိုးခဲ့ပုံများကို မျက်ဝါးထင်ထင် မြင်ရသူမဟုတ်၍ ပွင့်လှ ဖိုးကြယ်အပေါ် မြင်ပုံသည် ဒါဒါတို့နှင့် မတူလှချေ။

ဖိုးကြယ်ကလည်း ဖိုးကြယ် ဖြစ်၏။

ဆယ်တန်းစာမေးပွဲ ဖြေပြီးနောက်ပိုင်းတွင် ဖိုးကြယ်နှင့် သူမတို့သိပ်မတွေ့ဖြစ်ကြ။ ရံဖန်ရံခါမှသာ ဆုံခဲ့ကြရသည်။

ထို့ကြောင့် ဖိုးကြယ်၏ အပြောင်းအလဲကို မီအောင်မလိုက်နိုင်ခဲ့ကြ။

တက္ကသိုလ်မှာ ပြန်ဆုံကြသောအခါကျမှသာ အရင်ကနှင့်မတူတော့ဘဲ ဖိုးကြယ် ပုံစံပြောင်းနေသည်ကို တွေ့ကြရတော့၏။

ဖိုးကြယ်က ထူးခြားစွာ တည်ငြိမ်မှုရှိလာသည်။ ပျော်ပျော်ရွှင်ရွှင်

ပေါ့ပေါ့ပါးပါး နေထိုင်သည်မှန်သော်လည်း နောက်ကွယ်တွင် လျှို့ဝှက်နက်ရှိုင်းသော တည်ငြိမ်မှု တစ်ခု ရှိလာသည်။

သူ့ဟန်ပန်ကို ပွင့်လှက အလွန်သဘောကျလေသည်။ ဖိုးကြွယ်ကလည်း ပွင့်လှကို ရင်းနှီးခင်မင်လှ၏။ သို့သော် သူတို့နှစ်ယောက် သမီးရည်းစားလည်း မဖြစ်ကြချေ။

"ဒီမှာ ငါက ဒါဒါအမေးကို ဖြေနေတာ"

ပွင့်လှ၏ စကားမဆုံးမီမှာ ဒါဒါက...

"နေဦး... နေဦး... မိပွင့်...ငါ... ဒီကောင့်ကိုလည်း မေးလိုက်ဦးမယ်"

ဖိုးကြွယ်က မျက်လုံးပြူးနှင့် မေးငေါ့ပြသည်။

"ဘာမေးမှာလဲ"

"နင်... နင် ခွေးနဲ့ကြောင်နဲ့ ဘယ်သူ့ကို ပိုချစ်လဲ"

"အာ... အဲဒါက လုံးထွေးပြောလို့ မရဘူး"

"ဘာဖြစ်လို့လဲ"

"ခွေးတိုင်းလည်း ချစ်စရာမကောင်းဘူး။ ကြောင်တိုင်းလည်း ချစ်စရာမကောင်းဘူး။ ချစ်စရာကောင်းတဲ့ခွေး၊ ချစ်စရာကောင်းတဲ့ ကြောင်ဆိုရင်တော့ ချစ်တာပေါ့"

"အေး... ထားပါတော့... ထားပါတော့... အဲဒီချစ်စရာကောင်းတဲ့ခွေးရယ်၊ချစ်စရာကောင်းတဲ့ကြောင်ရယ် 'ပြိုင်'လာရင် နင် ဘယ်သူ့ကို ပိုချစ်မလဲ"

ဖိုးကြွယ်က ခေါင်းကို ဖြည်းဖြည်းခါသည်။

"နေဦးဟ.. အဲဒါကို ငါ ဖြတ်ပြောဦးမယ်... ငါ အတည်ပြောမှာ... နင်တို့မရယ်နဲ့ပေါ့ဟာ"

သူ မရယ်နှင့်ဆိုမှ ဒါဒါတို့ သုံးယောက်လုံး ပြုံးစိစိဖြစ်သွားရသည်။

"အေးပါ... ပြောပါ... မရယ်ပါဘူး... အဟီး"

"အေးလေ... အဟဲ"

"ဟင် နင်တို့ကလည်း မရယ်ဘူးသာပြောတာ ခုကတည်းက..."

အားလုံးရယ်ဖြစ်ကြတော့သည်။ ရယ်သံများအဆုံးမှာ ပွင့်လှက...

"ပြောပါ... နင်ပြောမှာသာ ပြောပါ"

"ဒီလိုဟ..."

"အင်း...."

"ငါ့အနေနဲ့က အဲဒီတိရစ္ဆာန်တွေအပေါ်မှာ ချစ်တယ်ဆိုတာထက်

မေတ္တာထားလို့ရတယ်ဆိုတာက ပိုမှန်မယ်... အဲဒီနှစ်ခု မတူဘူး... နင်တို့နား လည်မှာပါ... အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို လူသားတစ်ယောက်အနေနဲ့ ငါ နွေးနွေးထွေးထွေး မေတ္တာထားဆက်ဆံမှာပဲ... နင်တို့ချစ်ကြပုံတွေနဲ့တော့ တူချင်မှတူမယ်"

"အလဲ့..."

ဒါဒါတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဖိုးကြယ်ကို ပြန်မနောက်မိ။ ဖိုးကြယ်ပြောသော အချက်သည် သူမတို့ မတွေးမိသော အချက်ဖြစ်၏။ အတန်ကြာမှ... ဒါဒါက...

'"အင်း... နင်ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့... ငါတို့က ခွေးကို ချစ်တဲ့သူနဲ့ ကြောင်ကို ချစ်တဲ့သူ ဘယ်သူပိုများလဲလို့ သိချင်တာ..."

"ခွေးကို ချစ်ကြတာ ပိုများတယ်လေ"

ဖိုးကြယ်က ခပ်အေးအေး ပြန်ဖြေခြင်းပဲ ဖြစ်၏။

သူမတို့ နားရှုက်ထောင်သွားကြရသည်။

"ဟင်... တကယ်..."

"အေးလေ"

"နင့်ကို ဘယ်သူပြောလဲ...သေချာလို့လား"

ဖိုးကြယ်က သူမတို့ကို အပြုံးဖြင့် ငုံ့ကြည့်၏။

"စကားတစ်ခွန်း ရှိတယ်လေဟာ၊ မကြားဖူးဘူးလား"

"ဘာစကားလဲ"

"ကြောင်တွေကတဲ့... သူတို့ကိုယ်သူတို့ သခင်လို့ထင်တယ်။ လူကို ကျွန်လို့ထင်တယ်။ သူတို့ ဝေယျာဝစ္စအကုန်လုံးကို လူကလိုက်လုပ်ပေးနေ ရတာတဲ့။ အဟင်း...ခွေးကတော့ သူ့ကိုယ်သူ ကျွန်လို့ထင်တယ်။ လူကို သူ့သခင် လို့ သတ်မှတ်တယ်။ သခင့်အမိန့်ကိုလည်း အရမ်းနာခံတတ်တယ်တဲ့။ ဘယ်လို လဲ... ဒီစကားကို သဘောတူလား"

သုံးယောက်သား တုံ့ဆိုင်းဆိုင်းဖြင့်ပင် ဖြေမိကြ၏။

"အင်း... ဟုတ်တော့၊ ဟုတ်ပါတယ်"

"အဲဒါကြောင့် ခွေးကို ချစ်တဲ့သူ ပိုများတယ်"

"အဲဒါနဲ့ 'များ' ရောလား

ဖိုးကြယ်က ထူးခြားစွာ ပြုံးပြပြန်သည်။

ဒါဒါက ညနေခင်းမို့ လေညင်းခံလမ်းလျှောက်ထွက်ခြင်း ဖြစ်သည်။ ဖိုးကြယ်က လက်ဖက်ရည်ဆိုင်မှ ထအလာနှင့်ဆုံသည်။

"ငါ လမ်းလျှောက်ထွက်မလို့ လိုက်ခဲ့ဟာ"

"သွားလေ"

ဖိုးကြယ်ကို အဲဒါတွေ ခင်ရခြင်းဖြစ်၏။ အလွန်ပေါ့ပါးသည်။ ဘာအနှောင်အဖွဲ့မှ မထား။ ယခုလည်း လွယ်လွယ်ကူကူပင် သူမနှင့်အတူ ပါလာတော့၏။

ညနေက ချိုအီမွှေးရီနေသည်။ နေရောင်ခပ်ပါးပါးတို့က ကမ္ဘာမြေကိုစိုရှုံကလေး ဖျန်းပက်ထားသည်။

လူသူကျဲပါးသော လမ်းဘက်မှ ကွေ့ပတ်၍ လျှောက်ခဲ့ကြ၏။ လမ်းနံဘေးမှာ အရိုင်းပန်းတွေ ဝေနေအောင် လွင့်ဖွာပျံ့ကြ၏။ ညနေခင်း၏လေညင်းဖြူဖြူကို သူမ အလွန်နှစ်ခြိုက်လေသည်။

တစ်နေရာတွင် ရပ်၏။

ဝင်လုဆဲဆဲ နေဝန်းကို အလှပဆုံး မြင်ရသည့် အရှေ့ယွန်းယွန်းနေရာဖြစ်သည်။ ပြာလွင်သော ကောင်းကင်မှာ တိမ်မျှင်တိမ်တန်းတွေ လွင့်မျောရစ်သန်းနေသည်ကိုလည်း တစ်မျှော်တစ်ခေါ် တွေ့မြင်နေရ၏။

"ဒီမှာပဲ ထိုင်ကြရအောင်ဟာ"

"သဘောလေ"

ဖိုးကြယ်ကတော့ မည်သည့်အခါမှ ငြင်းဆန်သူမဟုတ် ရှင်းသန့်သော မြက်ခင်းစိမ်းစိမ်းပေါ်မှာ နှစ်ယောက်သား တစ်ယောက်တစ်နေရာဆီ ထိုင်ဖြစ်ကြသည်။

အတန်ကြာသည်အထိ မည်သည့်စကားမှ မပြောဖြစ်ကြချေ။ မြေကမ္ဘာ၏ ညနေခင်းရသကို ခံစသားပျော်ဝင်နေမိကြ၏။

နောက်မှ ဒါဒါက...

"ဖိုးကြယ်"

ဖိုးကြယ်က အဝေးကို ငေးကြည့်ရင်း ပြန်ထူးသည်။

"ဘာလဲ"

"မနေ့ကလေ"

"အင်း... ဘာလဲ"

"နင်က စာအုပ်ကို သေတ္တာလို ဖွင့်ဖတ်တယ်ပြောတော့ ပွင့်လုက

သဘောမတူဘူးတဲ့”

ပြီး ဖိုးကြယ်၏ မျက်နှာကို ပြုံးစိစိဖြင့် သူမကြည့်နေလိုက်မသည်။
ဒညှ်သို့နှင့် ပွင့်လှနှင့် ဖိုးကြယ်ကို သူမတို့ နောက်ပြောင်နေကျဖြစ်၏။

ဖိုးကြယ်ကလည်း ယောင်ယောင်ကလေးပြုံး၏။

“ဘာဖြစ်လဲဟ…သူ့မှာ သဘောမတူခွင့်ရှိတာပဲ”

“နင်… ဘာမှ မခံစားရဘူးလား”

ဖိုးကြယ်က မျက်မှောင်ကြုတ်၍ ပြန်မေးသည်။

“ဘာခံစားရမှာလဲ”

“စိတ်ကသိကအောက် ဖြစ်တာတို့ ဘာတို့ပေါ့”

“ဟာ… ဘယ်လိုဖြစ်မှာလဲ… ကလေးတွေမှ မဟုတ်တာ… Agree to disagree ပေါ့”

ဒါဒါက သဘောမပေါက်ချေ။

“ဘာလဲ… နင်ပြောတာ ငါ နားမလည်ဘူး”

“သူ သဘောမတူတာကို ငါသဘောတူပါတယ်လို့ ပြောတာ၊ သူ့ဘက်က သဘောမတူခွင့်ကို ငါ အသိအမှတ်ပြုတယ်။ သူ့ရဲ့ သဘောမတူမှုကို ငါ သဘောတူပါလို့ ပြောတာ Agree to Diagree”

ဒါဒါ ဘဝင်ကျသွားသည်။

“အံမယ်… တယ်ဟုတ်တဲ့ အတွေးအခေါ်ပါလား…”

“ဘာမှဆန်းတဲ့ အတွေးအခေါ် မဟုတ်ပါဘူးဟာ”

စကားစ ခေတ္တပြတ်သွားသည်။ ဒါဒါက သူ့လက်ထဲမှ ရိုးတံရှည်မြက်ပင်ကလေးကို လိမ်ကျစ်ဆော့ကစားရင်း ငှက်တွေပျံသွားတာကို လိုက်ကြည့်နေသည်။

ခဏကြာမှ…

“မနေ့က ဦးဉာဏ်ရှင်]ကို နင်ပြောလိုက် ဆိုလိုက်တာတွေ အတွက် အားမနာမိဘူးလား”

ဖိုးကြယ်ကတော့ အေးအေးပင်။

“နာပါဘူး”

ဒါဒါ ခစ်ခနဲ ရယ်မိ၏။

“နင် သူကျွေးတာမွေးတာတွေ စားပြီးတော့…”

ဖိုးကြယ်က ဘာမှပြန်မပြောချေ။ ထို့ကြောင့်ဒါဒါကအထွန့်ဆက်တက်

လိုက်သည်။

"တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့ဟဲ့၊ နင်က သူ့ကျေးဇူးကို ဂရုမစိုက်တော့ဘူးလား"

"မစိုက်ဘူး"

ဖိုးကြယ်က ပြတ်တောင်းတောင်းဖြေ၍ ဒါဒါက ရယ်ရသေးသည်။

ပြီးမှ ဖိုးကြယ်က သူမကို လှည့်ကြည့်ရင်း...

"အဲဒီ အလှူပွဲကြီးက ဒါနမမြောက်ပါဘူးဟ"

"ဟင်... ဘာ... "

သူ့စကားကြောင့် ဒါဒါလန့်သွားသည်။ မျက်လုံးအဝိုင်းသားဖြင့် ပြန်မေးမိ၏။

"ဘာဖြစ်လို့လဲ"

"အဲဒီလူကြီးက အတ္တကြီးတယ်ဟ"

"အေး... ဟုတ်ပါတယ်။ အဲဒါတော့ လူတိုင်းသိပါတယ်။ ဒါပေမယ့် သူ့အလှူကတော့ အလှူပဲပေါ့။ ဘာဖြစ်လို့ ဒါနမမြောက်ရမှာလဲ"

"မဟုတ်ဘူး၊ သူကျွေးတာ စေတနာမပါဘူး၊ အဲဒါကြောင့် ဒါနမမြောက်တာ"

ဒါဒါပြုံးရင်း ပြန်ပြောမိ၏။

"နင်ကလည်းဟာ..."

"ဟုတ်တယ်... ငါတကယ်ပြောနေတာ... ဒီလူကြီးက အရမ်း လူအထင်ကြီးခံချင်တာ... လူတွေကလည်း ကျွေးနိုင်မွေးနိုင်တဲ့သူ၊ ပိုင်ဆိုင်မှုတွေ ခင်းကျင်းပြနိုင်တဲ့ လူမျိုးကို သိပ်အထင်ကြီးတတ်တယ်။ အဲဒါကြောင့် သူဟာ လူတွေကိုဖိတ်ပြီး ဒီအလှူကြီးလုပ်လိုက်တာပဲ"

"အမ်"

သူ့စကားနှင့်သူတော့ ဟုတ်နေသည်။ ဒါဒါ တွေငိုင်စဉ်းစားနေမိ၏။ ဖိုးကြယ်က ဆက်ပြောသည်။

"ဒီအလှူပွဲဟာ မွန်မြတ်တဲ့ ဒါနပွဲတော်ကြီး မဟုတ်ဘူး။ အဲဒီလူကြီးက သူ့ကိုယ်သူ ထူထောင်နိုင်ဖို့ ဖန်တီးရင်း ဖြစ်လာရတဲ့..."

စကားကို ခေတ္တရပ်သည်။ လက်ထဲမှ မြေစိုင်ခဲလေးဖြင့် အဝေးကို လှမ်းပေါက်၏။ ထို့နောက်မှ ဆက်ပြောသည်။

**"သူ့အတ္တရဲ့ ဘေးထွက်ပစ္စည်းကြီးပဲ..."**

ပ န် း ခ ေ တ် လ မ င် း စ ၁ ေ ပ

"သူ့အတွက်ရဲ့ ဘေးထွက်ပစ္စည်း ဒီအလှူကလေ..."

ဒါဒါ သံယောင်လိုက်ပြောသည်။ ဖိုးကြယ်၏ အပြောကိုလည်း သဘောကျမိ၏။

ထို့နောက် ဘာစကားကိုမှ ဆက်မပြောဘဲ ငြိမ်သက်သွားကြပြန်သည်။

လေစီးတို့ ခပ်ငြိမ့်ငြိမ့် ဖြတ်ပြေးသည့်အခါတိုင်းမှာ မြက်ခင်းထဲမှ အရိုင်းပွင့်တို့၏ မွှေးရနံ့က.... သင်းတရှုရှု မွှေးလွင့်ထွက်လာ၏။

ညနေသည် ရွှေစက်ရွှေရည်များ တောက်ပလျက် လွမ်းစရာကောင်းလောက်အောင်လှနေသည်။ နှစ်ယောက်သား အဝေးကို ငေးမဆုံးနိုင်အောင် ရှိတော့သည်။

"နင် သူ့ကို အလှူမှာ အဲဒီလို လျှောက်ပြောတုန်းက မကြောက်ဘူးလား"

"မကြောက်ပါဘူး"

"တော်ကြာ... ဟိုက ထရိုက်မှဖြင့်..."

ဖိုးကြယ်က ပေစောင်းစောင်း ပြန်ကြည့်သည်။

"ရိုက်ရဲမယ်အားကြီးကြီး... အဲဒီလို အတ္တကြီးတဲ့လူတွေဟာ သိပ်ကြောက်တတ်တာ"

"ဟုတ်လို့လား"

သူပြောသမျှ ဒါဒါ့အတွက်တော့ အထူးအဆန်းတွေချည်း ဖြစ်နေတော့သည်။

"ဟုတ်တာပေါ့... အတ္တတွေ ထောင်လွှားပြီး 'ငါကွ' လို့ ခဏခဏ အော်နေတဲ့သူဟာ တကယ့်တော့ သူများကို ကြောက်လို့ သူများက သူ့ကိုဂရုမစိုက်မှာ၊ အထင်သေးမှာ၊ အဲဒါမျိုးကို အရမ်းကြောက်လို့၊ အဲဒါကြောင့် သူ့မှာ "ငါကွ"လို့ အားတင်းပြီး အော်အော်နေရတာ"

ဒါဒါ နှာခေါင်းကို လက်နှင့်ပွတ်နေ၏။

"အဲဒီ... ငါကွလို့ ကြွေးဝါးသံဟာ တကယ့်တော့ သူ့ကြောက်စိတ်က ဟပ်တဲ့ရောင်ပြန်ပဲ..."

သူ့စကားဆုံးသွားသည်။ သူကတော့ မရယ်။ ဒါဒါ့မှာသာ တွေးတစိမ့်စိမ့် ရယ်နေမိသည်။

သူပြောတာတွေကို သူမ လက်ခံပါသည်။ သို့သော် တစ်ခွန်းတော့

ပြန်ထောက်မိသည်။

"ဒါပေမယ့်ဟယ်... သူ့ကို နင် ဘာမှမပြောဘဲ 'ဖော်လို' နေခဲ့ရင်လည်း ရတာပဲ၊ သူမကောင်းရင် သူ့ဘာသာခံရလိမ့်မပေါ့။ ကိုယ်ဝင်ပြောတာ ကိုယ်အမုန်းခံရတာပေါ့"

"ဒါဒါ"

"ဟင်"

"နင်ငယ်ငယ်က က ပြီးလမ်းလျှောက်ဖူးလား"

"ဟင်... ဘာပြောတယ်... ငါနားမလည်ဘူး"

"ဒီလိုဟာ ကျောင်းကနေ အိမ်အပြန်တို့ ဘာတို့မှာပေါ့"

"အင်း... ဘာဖြစ်လဲ"

"လမ်းလျှောက်ပြန်တာကို ရိုးရိုးတန်းတန်း မပြန်ဘဲနဲ့ ကခုန်ပြီး ပြန်ဖူးလား၊ လမ်းလျှောက်တာကို ကပြီးလျှောက်တာမျိုးလေ..."

ဒါဒါ ရှက်သလို ဖြစ်သွားသည်။

"ဟာ... ဘယ်မှတ်မိမလဲဟ"

"အခု အဲလိုပြန်ရဲမလား... လမ်းလျှောက်ရင်း 'က'သွားလေ... အခု နင်အိမ်ပြန်မှာပဲဟာ"

"ဟာ... မသာကောင်...ဘာတွေ လျှောက်ပြောနေတာလဲ။ အဲလိုပြန် ရအောင် ငါက အရူးမှ မဟုတ်တာ"

ဖိုးကြယ်က သိပ်သိပသည်းသည်း ပြုံး၏။

"အေးနော်... အရူးတွေသာ လျှောက်ချင်လျှောက်ကြမယ်။ အသိတရား ရှိတဲ့လူတွေကတော့ အဲလိုမလျှောက်ကြဘူး။ ငါပြောချင်တာကလည်း အဲဒီ သဘောပါပဲဟာ။ ဒီမယ် ဒါဒါ"

"အင်း... ပြော"

"လူ့သက်တမ်းက ခုဆို အနှစ်တစ်ရာတန်းပေါ့။ အခွင့်အခါကြုံလို့ ဒီလူ့ဘဝကြီးကို ဖြတ်သန်းရတဲ့အခိုက်မှာ ငါ ဖြောင့်ဖြောင့်တန်းတန်းပဲ လမ်း လျှောက်သွားလိုက်ချင်တယ်။ အရူးလိုလို အနှမ်းလိုလို ကပြီးလျှောက်နေတဲ့ သူတွေကို တွေ့ရင် သူတို့ကျောကို ဖြန်းခနဲပုတ်ပြီး 'မလုပ်ရဘူး' လို့ပြောတယ်။ ဒါပါပဲ... သတိပေးတာပါ"

"နင်ကလည်းဟယ်..."

မသက်မသာဖြင့် ရယ်ရသေးသည်။ ဟုတ်တော့လည်း ဟုတ်သည်ပဲ

ဟု တွေးမိသည်။ ဖိုးကြယ် ပြောသမျှက သူ့အမြင်နှင့်သူတော့ ရှင်းပြတ်ပြတ် ရှိလှ၏။

နေဝင်တော့မည်။

"ပွင့်လှ ကြားဖူးလား၊ သူခိုးခိုးခံလိုက်ရတဲ့ ဂျပန်ဘုန်းကြီးအကြောင်း လေ"

ပွင့်လှခေါင်းခါပြလိုက်သည်။

"ဟင့်အင်း... မြန်မာဘုန်းကြီးတွေ သူခိုးခိုးခံရတာပဲ ကြားဖူးတယ်"

"အာ အဲဒါမျိုး ပြောတာ မဟုတ်ဘူး"

ဖိုးကြယ်က ခေါင်းကို ကုတ်၏။

"ငါပြောတာက ဂျပန်ပုံပြင်လေးကို ပြောတာ။ တရားဆန်တဲ့ ပုံပြင် ကလေးပါ"

နားဆွဲလေး တရမ်းရမ်း ဖြစ်သည့်အထိ ခေါင်းကို ခါရမ်းလိုက်သည်။

"ဟာ... ဟင့်အင်း... မကြားဖူးဘူး"

"ပြောပြရမလား"

"ပြောပြ..."

သူတို့နှစ်ယောက် အတိုင်အဖောက်ညီနေကြတာကို ကြည့်ပြီး ရွှယ်နု နှင့် ဒါဒါက နှုတ်ခမ်းမဲ့ပြကြ၏။ ဖိုးကြယ်က သူတို့ကို ဂရုမစိုက်ဘဲ ပွင့်လှကို ပြောမည်ဆိုသောပုံပြင် ပြောပြ၏။

ပုံပြင်ကလေးက တိုတိုလေးဖြစ်သည်။

"တစ်ညမှာ ဘုန်းကြီးတစ်ပါးရဲ့ ကျောင်းသင်ခန်းကို သူခိုးဝင်ခိုး တယ်။ ရှိသမျှပစ္စည်းတွေ အကုန်ယူပြီး ထွက်ပြေးသွားတယ်တဲ့"

"အင်း"

"သူထွက်ပြေးပြီး မကြာခင်မှာပဲ ဘုန်းကြီးကနိုးလာတယ်။ သူ့ပစ္စည်း တွေ ဘာမှမရှိတော့ဘူးဆိုတာ တွေ့တယ်။ သူ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်တော့ ကောင်းကင်မှာ လခြမ်းလေး ရှိနေတယ်တဲ့"

"အင်း"

"အဲဒီမှာ ဘုန်းကြီးက စကားတစ်ခွန်းပြောတယ်"

"ဘာတဲ့လဲ"

"သြော်... သူခိုးက ငါ့အတွက် လခြမ်းကလေးတော့ ချန်သွားသားပဲ တဲ့..."

ပွင့်လှ သဘောကျသွားသည်။

ရွှယ်နုတို့ကို လှည့်ကြည့်သောအခါ သူမကို မျက်လုံးပြူးပြကြ၏။ သူမက...

"ဟဲ့ ... ပုံပြင်လေးက ကောင်းတယ်ဟဲ့..."

"အေးပါ ... ပုံပြင်ကောင်းမှန်း သိပါတယ်။ အဲဒါက ဖိုးကြယ် ငါတို့ကို ရိုက်ချတော့မလို ခွင်ဆင်နေတာ"

ဖိုးကြယ်က ပြုံးစိစိဖြင့်...

"မရိုက်ချပါဘူး၊ အကောင်းပြောပြတာပါ။ ရှိသမျှအားလုံး ဆုံးရှုံး သွားတာတောင်မှ လွယ်လွယ်ကူကူ ပြန်ဖြေဆည်လိုက်နိုင်တဲ့ ဒီဆရာတော်ရဲ့ တရားကလေးကို ပြောပြချင်တာပါ၊ လူပဲဟာ အဆင်မပြေမှုကတော့ ကြုံကြ မှာပဲပေါ့၊ တရားနဲ့ကြည့်တတ်ဖို့ပဲ လိုပါတယ်"

"အင်း"

ဖိုးကြယ်၏စကားကို ပွင့်လှက ဒိုင်ခံခေါင်းညိတ်နေတော့၏။

ရွှယ်နုနှင့် ဒါဒါက အကြံအစည်တစ်ခုခု ရှိသလို ငြိမ်သက်နားထောင် နေကြ၏။ ဖိုးကြယ်က သူ့စကားကို နိဂုံးချုပ်သည်။

"အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်း နေတတ်အောင် ကိုယ့် ကိုယ်ကိုယ် လေ့ကျင့်ကြစမ်းပါ။ ပုဆိုးမီးပေါက်တွေလို တဖွားဖွားလောင်ကျွမ်း ပြမနေကြပါနဲ့။ လူမီးပေါက်ကြီးတွေ ဖြစ်သွားမယ်"

"ကဲ ... နင်ပြောချင်တာ ဒါပဲလား"

"ဒါပါပဲ ... ဒါပါပဲ"

ဒါဒါတို့က ဖိုးကြယ်ကို မကျေမနပ်ကြည့်ကြ၏။ ကလပ်စ်ဝင်ရတော့ မည်ဖြစ်သည်။ စကားဆက်ပြောရန် အချိန်မရှိတော့။

ကျောင်းဘက်သို့ ကူးလာခဲ့ကြ၏။ လမ်းမှာ ပွင့်လှကို ပြောသလိုလို နှင့် ဖိုးကြယ်က အားလုံးကို ဩဝါဒတစ်ခွန်း ထပ်ပေးသွားသည်။

**"ဘာအကြောင်းနဲ့ဖြစ်ဖြစ် မျက်နှာကြီးတွေ မှုန်သိုးမနေကြနဲ့၊ ကိုယ့်ရဲ့ မျက်နှာသမိုင်းကို အရိုင်းမခံကြနဲ့၊စင်စင်ကြယ်ကြယ်ရှိပါစေ။ကြားလား၊ကဲ...သွား** ကြတော့၊ သွားကြတော့၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့"

ထိုသို့ပြောပြီး သူက အရင်လမ်းခွဲထွက်သွား၏။ နောက်ရက်တွေမှာ တပ်မတွေ့ပြန်။ ပွင့်လှနှင့်တော့ ခင်မင်ရင်းနှီးသွားပြီဖြစ်၏။ မကြာမကြာ မဟုတ် သော်လည်း တစ်ခါတစ်ခါတော့ ဆုံကြသည်။

ဖိုးကြယ်ကသူမကို မိပွင့်ဟု နောက်နောက်ပြောင်ပြောင် ခေါ်ဝေါ်တတ်လာပြီး သူမကလည်း ဖိုးကြယ်ကို ‘ကြယ်စုတ်ကြယ်ပဲ့’ ဟု မြည်တွန်တတ်လာသည်။

ရွှယ်နုနှင့်ဒါဒါက မည်သို့ပဲ ပြောပြော၊ ပွင့်လှကတော့ ဖိုးကြယ်ကို ခင်၏။

ဖိုးကြယ်ကို အတော်ချီးကျူးသူတစ်ယောက်နှင့် ဆုံဖူးသည်။ ရွှယ်နုတို့ ဒါဒါတို့နှင့် ပတ်သက်ပြီး ဆုံရခြင်းပင်ဖြစ်၏။ ‘ဆရာဦးအောင်ကျော်ဦး’ဟု ရွှယ်နုတို့က သူမကို မိတ်ဆက်ပေးသည်။

ဆရာက ကိစ္စတစ်ခုနှင့် ကျောင်းထဲရောက်လာခြင်းဖြစ်၏။ သူ့ကိစ္စဆောင်ရွက်အပြီး ကင်တင်းမှာ ထမင်းစားနေစဉ် ရွှယ်နုက တွေ့လိုက်ခြင်းဖြစ်၏။

“ဟာ ... ဟိုမှာ ... ဆရာ ... ဆရာ”

သူမတို့ ဝမ်းသာအားရ သွားနှုတ်ဆက်ကြသည်။ ပွင့်လှလည်း ကန့်လန့်ကန့်လန့် ပါသွားရ၏။

“သြော်... အေး... ဆရာလည်း ညည်းတို့ကို ကြည့်နေတာ၊ ထိုင်ကြလေ၊ ဘာစားမလဲ၊ မှာ... ဆရာကျွေးမယ်”

“ဟာ ထိုင်ရမှာပေါ့၊ စားရမှာပေါ့”

ရွှယ်နုတို့က အားမနာတမ်း ဝင်ထိုင်လိုက်သည်။ ပွင့်လှက ရှက်နေ၏။ ဒါ့ဒါ့လက်ကို ဖမ်းဆိတ်ရင်း ကြိတ်ပြောရသည်။

“ဟဲ့... နင့်တို့က ကျွေးလိုက်ပါဟဲ့”

“အေးပါဟ”

တစ်ဝိုင်းတည်း ထိုင်ဖြစ်သောအခါကျမှ ဆရာနှင့်ပွင့်လှကို မိတ်ဆက်ပေးကြ၏။

အကောင်းတော့ မဟုတ်ချေ။

“ဆရာ... သူက ‘ပွင့်လှငယ်’တဲ့။ သမီးတို့ မေဂျာကပဲ ဖိုးကြယ်ရဲ့ ရည်းစား”

“ဟယ်...”

ပွင့်လှ ရှက်သွားသည်။ မျက်လုံးလည်း ပြူးသွား၏။ ဆရာကတော့ မရိပ်မိလိုက်ချေ။ ပွင့်လှ၏မျက်နှာကို တစ်ချက်စိုက်ကြည့်ကာ ....

“အာ... ကောင်းတယ် ကောင်းတယ်၊ ဖိုးကြယ်က အရမ်းတော်တဲ့ ကောင်”

"အံမယ်"

"ဆရာကလေ သူ့တပည့်ကိုတော့ သူအရမ်းချီးကျူးတာပဲ"

တပည့်ကို ချီးကျူး၍ တပည့်မနှစ်ယောက်က လက်မခံချေ။ ချက်ချင်းပင် ကန့်ကွက်နေကြ၏။

ဆရာဦးအောင်ကျော်ဦးက အေးချမ်းစွာ ရယ်သည်။

"ဒီကောင့်ကိုတောင် မတွေ့တာကြာပြီ၊ ဘယ်လိုလဲ၊ အခု ဒီကောင် မုတ်ဆိတ်မွေးထားပြီလား"

ပွင့်လှကတော့ ဘာမှမသိ။ ထို့ကြောင့် မရယ်လိုက်ရ။ ရွှယ်နုနှင့်ဒါဒါကတော့ တသောသောရယ်လေသည်။

"မုတ်ဆိတ်မွေးတော့ မထားဘူး ဆရာရေ့... ဒါပေမဲ့...."

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဒါဒါက သူ့စကားကို ဆက်မပြောနိုင်သေးတဲ့ ရွှယ်နုကို လှည့်ကြည့်သည်။ ဒါဒါ့ကိုယ်စား ရွှယ်နုက ဝင်ပြောလိုက်သည်။

"ဆရာ့တပည့်က ပြောင်းလဲနေပြီ ဆရာရဲ့"

ဆရာ့မျက်ခုံးအစုံ မြင့်တတ်သွားသည်။

"ဟင် ပြောပါဦးကွ ဘယ်လိုပြောင်းလဲသွားတာလဲ"

ထိုသို့ မေးလာတော့လည်း ရွှယ်နု မဖြေတတ်ချေ။ မျက်လုံးလေး ပေကလပ် ပေကလပ် ဖြစ်သွား၏။ ပြီးမှ ဒါဒါ့ဘက်သို့လှည့်ကာ...

"နင် ပြောပြလိုက်"

"အယ်"

ဒါဒါလည်း မျက်လုံးလေး ဝိုင်းသွား၏။ တတ်နိုင်သမျှ ကြိုးစားပြောရန် အားထုတ်၏။

"ဒီလို ... ဆရာ"

"အင်း"

"ဒီကောင် အရင်လို မဟုတ်တော့ဘူး ဆရာရဲ့"

"အေးပါ၊ အဲဒါကြောင့် ဘယ်လိုဖြစ်သွားလဲ မေးနေတာ"

"အဲဒါက ... အင်း ... ဘယ်လိုလဲဆိုတော့"

ဒါဒါ ခေါင်းကုတ်၏။ မည်သို့ဆက်ပြောရမည်မှန်းမသိ။ ဖြည်းဖြည်းချင်း စဉ်းစားပြောရသည်။

"ရင့်ကျက်လာတယ်ပြောရမှာပေါ့ ဆရာရယ်...သိမ့်သိမ့်မွေ့မွေ့လေး ရှိတော့ ရှိလာတယ်။ ခန့်မှန်းရခက်တယ်။ သူ့သဘာဝကို မှန်းဆရတာက လျှို့ ဝှက်ချက်တစ်ခုကို ဖော်ထုတ်ဖို့ ကြိုးစားနေရသလိုပဲ"

"အင်း ... ပြီးတော့ရော"

"အဲ... အဲဒီလောက်ပဲ ပြောတတ်တယ်"

ဘာမှတော့ မဟုတ်ပါ။ ရယ်ဖြစ်ကြသည်။ ပွင့်လုကတော့ နားထောင် သူသက်သက်။ ရယ်စရာပါလျှင် လိုက်ရယ်သူသက်သက်မျှသာ။

ဆရာဦးအောင်ကျော်ဦးက နှစ်လိုဖွယ်ရာ အမူအရာရှိ၏။ စကား ပြောရာမှာလည်း ဆွဲဆောင်မှုရှိသည်။

"ပြောင်းလဲတာကတော့ ပြောင်းလဲမှာပေါ့လေ။ ဒါက အထူးအဆန်း ကြီးတော့ မဟုတ်ပါဘူး။ ပြောင်းလဲမှုကို သွားချင်တဲ့ဆီ ပဲ့ကိုင်ပေးသွားနိုင်ဖို့ သာ လိုတာပါ"

"ဆရာ"

"ဟေ"

"လူတစ်ယောက် ပြောင်းလဲသွားဖို့ဆိုတာ အချိန်ဘယ်လောက်လို လဲ"

ဒါဒါက မေးခြင်းဖြစ်သည်။ ဆရာက ချက်ချင်းပြန်မဖြေသေး။ ပါးစပ် ထဲမှာ ကွမ်းယာကို စိတ်ပြေနပြေမြုံ့နေသည်။ ပြီးမှ ...

"အင်း.... အဲဒါက နှစ်မျိုးခွဲပြောရလိမ့်မယ်။ ပြောင်းလဲပုံ နှစ်မျိုး ရှိ တယ်"

"ဘယ်လိုလဲ ဆရာ"

"တချို့ ပြောင်းလဲတယ်ဆိုတာ ပြောင်းလဲတတ်တဲ့ လောကနိယာမ အတိုင်း မျောပါပြီး ပုံမှန်ပြောင်းလဲတာ ပြောင်းလဲမှုတရားရဲ့အောက်မှာ ပြောင်း လဲတာ"

"ဟုတ်ကဲ့"

"နောက်တစ်ခုကတော့ ကိုယ်ရဲ့ကံ၊ ဉာဏ်၊ ဝီရိယ၊ အင်အားနဲ့ အခြေ အနေတစ်ရပ်ရပ်ကို ဆွဲလှန်သလို ပြောင်းပစ်လိုက်တာ၊ ဒင်္ဂါးပြားလိုပေါ့။ ခေါင်း ကနေ ပန်းဖြစ်သွားအောင် Back to back ပြောင်းလဲပစ်လိုက်တာမျိုး"

"ဟုတ်ကဲ့"

"အဲဒီပြောင်းလဲမှုနှစ်မျိုးက ပြောမယ်ဆိုရင် အကျယ်ကြီးပဲ၊ ဒါပေမဲ့

ခုလောက်ပြောရင်ကို သမီးတို့ အကြမ်းဖျဉ်း သဘောပေါက်လောက်ပါပြီ၊ သမီးတို့က ဒုတိယအမျိုးအစား ပြောင်းလဲမှုကိုမေးတာထင်တယ် ဟုတ်လား”

“ဟုတ်… ဟုတ်ကဲ့ဆရာ”

ဒါဒါနှင့်ရွှယ်နု ပြိုင်တူခေါင်းညိတ်ကြသည်။ ပွင့်လှက ဝင်ပြောလိုက်၏။

“ပြောင်းလဲဖို့ဆိုတာက ပြောင်းလဲတဲ့အချိန်တစ်ချိန်ပဲ လိုတာပါ။ အများကြီး မလိုပါဘူး”

ဆရာက ပြုံးပြုံးကြီး ခေါင်းညိတ်၏။

“အေး… ဟုတ်တယ်၊ သမီးပြောတာ မှန်တယ်”

ဆရာက အကျယ်ဆက်ရှင်း၏။ ထူးခြားစွာ …

“အဲဒီလို ပြောင်းလဲဖို့ဆိုတာက အချိန်သိပ်ကြာကြာ မလိုပါဘူး”

လက်ညှိုးတစ်ချောင်း ထောင်ပြ၏။

“တစ်စက္ကန့်”

“ရှင်”

“တစ်စက္ကန့်၊ တစ်စက္ကန့်ပဲလိုတယ်”

ရွှယ်နုတို့တင်မဟုတ်။ ပွင့်လှလည်း အံသြသွားရသည်။ ဆရာ့စကားက စိတ်ဝင်စားဖွယ်ရာလည်းကောင်း၏။

သူမတို့ကို ကြည့်ကာ ဆရာကရယ်၏။ ကွမ်းသွေးကို ဗျစ်ခနဲ ထွေးလိုက်ရင်း ….

“ဥပမာ … ဆရာ ပြောမယ်”

“ဟုတ်ကဲ့”

“မိုးပေါ်မှာကြယ်ကြွေတယ်ဆိုပါတော့၊ ကြယ်ကြွေတယ်ဆိုတာ ရှိတ်ခနဲဆိုတော့ တစ်စက္ကန့်လောက်ပဲ ကြာတယ်။ ဒါပေမယ့် မြင်လိုက်ရတဲ့သူနဲ့ မမြင်လိုက်ရတဲ့သူဆိုတာ နှစ်ပိုင်းကွဲ ကျန်ခဲ့သေးတယ်။ အဲဒီ တစ်စက္ကန့်ဆိုတဲ့ အချိန်ကလေးက လူတွေကို နှစ်ခြမ်းခွဲချသွားတာ”

“သြော် … အင်း …”

“အကျဉ်းသားတစ်ယောက်ကို ကြိုးမိန့်စီရင်တယ် ဆိုပါစို့။ ကြိုးခလုတ်ကို ခလုတ်ဖြုတ်ချလိုက်တာက တစ်စက္ကန့်လောက်ပဲ ကြာတယ်။ ဒါပေမယ့် ခုကလေးတင် ရှင်နေသူက ခုကလေးတင် သေသွားရတယ်။ လူသေနဲ့လူရှင်ဆိုတဲ့ အခြေအနေကို အချိန်ကလေး တစ်စက္ကန့်က ခြားသွားတာပဲ”

"သြော် ... အင်း ... ဟုတ်တယ်နော်"

"လူတစ်ယောက်ရဲ့ ရင်ထဲမှာ အသိတရားတစ်ခု ဖျတ်ခနဲ လင်းပွင့်သွားတာကလည်း ဘာမှ မကြာဘူး၊ တစ်စက္ကန့်ပေါ့။ ဒါပေမယ့် သူ့ဘဝတစ်ခုလုံးကို ဆွဲလှန်သွားလိုက်နိုင်တယ်။ သူ့ဘဝရဲ့ ရှေ့ပိုင်းအခြေအနေနဲ့ ပြောင်းလဲသွားပြီး နောက်ပိုင်းကာလကို အဲဒီတစ်စက္ကန့်လေးက ခွဲခြားတာပဲ။ အဲဒီလို "လျှပ်တစ်ပြက် အသိဉာဏ်ပွင့်တာ" ကို Abrupt Enlightement လို့ခေါ်တယ်။ အဲဒီအချိန်ကလေး တစ်စက္ကန့်ကို "ရွှေစက္ကန့်" The Golden Second လို့ခေါ်တယ်"

"သြော်"

"အင်း ...ဟုတ်တယ်နော်"

"တစ်ခါမှ မတွေးမိဘူး"

သူမတို့ သုံးယောက် ခေါင်းတညိတ်ညိတ် ဖြစ်နေကြ၏။ ဆရာ့ကိုလည်း လေးစားသွားသည်။ ဆရာ့စကားကိုလည်း သဘောကျသွားသည်။ သူမတို့၏ ခေါင်းထဲမှာလည်း အတွေးတွေ အများကြီး ဝင်သွားတော့သည်။

အတော်ကြာ စကားစမြည်ဆက်ပြောပြီးမှ ဆရာပြန်သည်။ ဆရာကားငှားပြီးသည်အထိ ပွင့်လှတို့ လိုက်ပို့ဖြစ်ကြ၏။

အတော်ကြာ စကားစမြည်ဆက်ပြောပြီးမှ ဆရာပြန်သည်။ ဆရာကားငှားပြီးသည်အထိ ပွင့်လှတို့ လိုက်ပို့ဖြစ်ကြ၏။

ကျောင်းထဲပြန်ဝင်အလာမှာ ပွင့်လှက ...

"အဲဒါ ... ငါတို့ဆရာကွ၊ ဟဲ ဟဲ"

ပွင့်လှက မျက်စောင်းထိုးလိုက်၏။ ဒါဒါက စပ်ဖြဲဖြဲဝင်ပြောသည်။

"ငါတို့ဆရာဆိုတာထက် ဖိုးကြယ်ဆရာပါဟာ၊ ဟဲဟဲ"

ရွှယ်နုက ပြောပြန်၏။

"ဖိုးကြယ်ဆရာဆိုတာ နင့်ဆရာပဲပေါ့ဟယ်၊ အတူတူပါပဲ၊ အဟိ"

"ကောင်မတွေနော်"

သူငယ်ချင်း (၃) ယောက် ရယ်မောရင်း တလုံးထွေးထွေးဖြင့် ကျောင်းထဲပြန်ရောက်လာကြသည်။

ဆရာလာသွားကြောင်း ပြောရန် ဖိုးကြယ်ကို လိုက်ရှာကြသေးသည်။ သူ့ဆရာကလည်း သူ့တပည့်ကို သုံးခါလောက် မေးသွားသည်ကိုး။

သို့သော် ကြယ်စုတ်ကြယ်ပွဲက ရှာမတွေ့။

မတွေ့မယ့်မတွေ့တော့လည်း နောက် ဆယ်ရက်လောက် ကြာသည်

အထိ မတွေ့။ ထို့နောက်ပိုင်းမှာ လှည်းတန်းဈေးထဲမှာ သွားတွေ့သည်။

လသာပြီ။ ရှင်းဝင်းသော လရောင် မွေးမြူအောက်တွင် မြေကမ္ဘာသည် လင်းလျက်၊ လေငြိမ်သည်။ တစ်ချက်တစ်ချက် ငြိမ့်စီးတိုက်ခတ်လာသောအခါ တွင်မှ ဟိုးအဝေးဆီမှာ ရှိမည့်အမည်မသိသော ပန်းရနံ့တို့က လိုက်ပါသင်းပျံ့ လာကြ၏။

သော်မော်သည်လည်းကောင်း၊ သူမတို့ သုံးယောက်သည်လည်းကောင်း၊ ခြံထဲရှိ မြေတလင်းထဲတွင် ရောက်နေကြသည်။ သော်မော်က မီးပုံကြီးတစ်ခု ကို ဖန်တီးနေသည်။ သူမတို့သုံးယောက်က လသာသောညမှာ စိတ်အာရုံတွေ လွင့်ဆိုင်းအုံ့ပျနေသည်။

"ဟိုးမှာ ... တိမ်တွေ"

ပွင့်လှက လက်ညှိုးထိုးပြ၏။ လရောင်ဖြူငွေ့ကို နောက်ခံထားကာ တိမ်လိပ်တွေ ရွေ့လျားနေကြ၏။ ခပ်ပါးပါးမြင်ရသည်။ လဝန်းပွဲတော်ကား မစတင်သေးပါ။ သို့သော်'လရေးတစ်ပိုင်း၊ သက်တင်ကိုင်း'က ရိုင်းလောက်အောင် လှနေသည်။

သူမတို့ သုံးယောက်စလုံး အတန်ကြာသည်အထိပင်။ ည၏ ရသထဲမှာ မူးလိမ့်စီးပါနေမိသည်။ အဝေးဆီမှ မော်တော်ခုတ်မောင်းသံသဲ့သဲ့ကို ကြားလိုက် ရ၏။ ဘာရယ်မဟုတ်ဘဲ ရင်ထဲမှာ...

"ငါ ဖိုးကြယ်ကို တော်တော်သတိရခဲ့တာဟ"

"အေး... ငါရောပဲ"

ဒါဒါနှင့် ရွှယ်နုတို့ တုံ့လှယ်ပြောဆိုနေကြ၏။ ပွင့်လှကတော့ ငြိမ် သက်နေသည်။

"ဒီကောင်ထွက်သွားတော့ တို့ဆီပြန်လာမှာ မဟုတ်ဘူး။ ပြန်တွေ့ ရတော့မှာ မဟုတ်ဘူးလို့တောင် အောက်မေ့မိတာ"

"အေးလေ၊ ခုလည်း သူက တို့ဆီပြန်လာတာမှ မဟုတ်ဘဲ။ တို့က သူ့ဆီ ရောက်လာရတာ"

ပွင့်လှက ခပ်လေးလေး ဝင်ပြော၏။

"ငါတွေ့ဖူးတဲ့ လူတွေအားလုံးထဲမှာတော့ သူဟာ အထူးခြားဆုံးပဲ"

ဒါဒါနှင့်ရွှယ်နုက သက်ပြင်းငွေ့ငွေ့ချ၏။

အဝေးကို ငေးသည်။ ငေးနေရင်းဖြင့် နှင်းတွေ ပြိုသည်။ နှင်းတွေ ကြားမှ ပွင့်လှက ...

**"သူက လူ့တစ်ပတ်နွမ်း မဟုတ်ဘူးဟ၊ သူများတကာရဲ့ အတွေးအခေါ်တွေကိုပဲ သင်ယူရပ်တည်တဲ့သူမျိုး မဟုတ်ဘူး။ သူ့အတွေးအခေါ်နဲ့ သူရပ်တည်တယ်။တခြားလူတွေလို ကြားဖူးနားဝအတွေးအခေါ်တွေ၊လူ့ပတ်ဝန်းကျင်ကချပေးတဲ့ဖွားဖက်တော် အတွေးအခေါ်တွေ၊ ရှိနေနှင့်ပြီးသား တစ်ပတ်နွမ်းအတွေးအခေါ်တွေကို သူမကိုင်စွဲခဲ့ဘူး။ သူ့ဘာသာအတွေးအခေါ်သစ်ကိုရှာပြီး ကိုင်စွဲ ခဲ့တယ်။ သူဟာ 'လူအသစ်'ပဲ။ လူ့တစ်ပတ်နွမ်း မဟုတ်ဘူး"**

သူမ၏စကားအဆုံးမှာ ဒါဒါက သုံးသပ်ချက်တစ်ခုကို ပြတ်တောက်တောက်လေသံနှင့် ဝင်ပြောလေသည်။

"ငါကတော့ သူ့ကို အထူးခြားဆုံးလူလို့ မမြင်ဘူး၊ အရိုးသားဆုံး လူလို့ပဲ မြင်တယ်"

အမည်မသိသော ပန်းရနံ့တွေ အထိတ်တလန့် လွင့်မျောလာပြန်သည်။သန့်ရှိုက်ခံစားလိုက်ရသည်ကို အေးမြင်ကြည်လင်မှုကို ယူလိုက်ရသလို

**"ရိုးသားတယ်ဆိုတာ သူများလုပ်သွားသမျှ နောက်ကလိုက်လုပ်တာကိုခေါ်တာမဟုတ်ဘူး၊ဘယ်သူလုပ်လုပ်မလုပ်၊ကိုယ်လုပ်ချင်ရင်လုပ်တဲ့လူ၊အစွဲတွေဘက်လိုက်မှုတွေဘာမှမထားဘဲရင် ရှင်းရှင်းနဲ့အလုပ်လုပ်တဲ့သူ အဲလိုလူကို ရိုးသားတဲ့လူလို့ ခေါ်တယ်။ သူက အဲဒီလို လူမျိုး"**

ဘာစကားမှ မပြောတော့ဘဲ တိတ်ဆိတ်သွားကြပြန်သည်။ ထို့နောက်တွင်မှ တစ်ချိန်လုံး ငြိမ်သက်နေသူ ရွယ်နုက ...

**"သူကနင်တို့ငါတို့လို မြေဆွဲအားနဲ့ရပ်တည်တဲ့သူ မဟုတ်ဘူးဟ၊'ကောင်းကင်ဆွဲအား' နဲ့ ရပ်တည်တဲ့သူ"**

လရောင်သည် အမေ့မေ့အလျော့လျော့ ပြေလျောကျလာ၏။ အရှေ့ထောင့်ဆီမှ မြင်ရသော ကြယ်ကလေးပင်။ အလင်းရောင် မှိန်တောင့်ကျသွားသည်ဟု ထင်ရ၏။

မီးပုံကို မီးစာများ ထိုးနေသော သော်မော်က ...

"မမတို့ကို ဆရာ့အကြောင်း ပြောပြတော့မယ်"

မိုးလင်းလုပြီ။

မော်တော်တစ်စင်း တဘုတ်ဘုတ် ခုတ်မောင်းနေ၏။ ကွမ်းပင်များ၊ အုန်းပင်များ၊ ဓနိပင်များ၊ ခရာတောများ၊ နှမ်းလုံးကြိုင်တောများကို ဖြတ်သန်းလာခဲ့ရသည်။ လေညှီနံ့ကိုလည်း ရသည်။

မော်တော်ပေါ်မှ မိန်းမပျိုနှစ်ယောက် စကားတီးတိုး ပြောဆိုနေ

ကြ၏။ သူမတို့၏ ဆံနွယ်မျှင်များက လေစီးမှာ တသွင်သွင် လွင့်နေသည်။

တစ်ယောက်သော သူမက ဆို၏။

"ငါ သူ့ကိုချစ်တယ်။ အဲဒါကြောင့် သူ့ကို မေ့ပစ်ရမယ်"

သက်ပြင်းချသံက တစ်ပွင့်တည်းနှင့် ညံသွားသလို ...။

**"ဟိုနောက်ဆုံး တွေ့ခဲ့ကြတဲ့နေ့က သူပြောတဲ့အတိုင်းပဲပေါ့။ သူကရှင်သန်နေတဲ့လူ၊ငါကသေဆုံးနေတဲ့အရာတစ်ခု သူ့ဘဝကိုငါ့ဆီမှာ ယစ်ပူဇော်ရသလိုဖြစ်မှာကို ငါ မလိုလားဘူး"**

မော်တော်က အကွေ့အချိုးတစ်ခုကို ဖြတ်၏။ ခပ်လှမ်းလှမ်း ကုန်းမြေမှာ သချိုင်းငယ်တစ်ခုကို တွေ့ရ၏။ မှတ်တိုင်ငယ်များက ခရီးသည်တွေဆီ ကိုးရိုးကားရား လက်လှမ်းပြနေသလို ...

အကျဉ်းတန်စွာ တည်ရှိသည်။

မိန်းမပျိုက စကားကို ဆက်၏။

"သူက ငြိမ်းချမ်းစင်ကြယ်နေတဲ့သူ၊ သောကနယ်ပယ်ကို လွန်မြောက်နေတဲ့သူ၊**ငါကတော့သူ့လိုမဟုတ်ဘူး။ပူပြင်းလောင်မြိုက်နေတဲ့လူ၊အလိုမကျတာတွေ့တိုင်း တဝုန်းဝုန်းထပေါက်ကွဲနေရတဲ့ စိတ်ပိုင်းဆိုင်ရာ ချိန်ကိုက်ဗုံးတွေနဲ့လူ၊ မအပ်စပ်ပါဘူး။** ငါက တကယ်ချစ်လို့ စွန့်ပစ်ခဲ့ရတဲ့လူပါ"

လမင်းကို တိမ်တစ်အုပ်က ပိတ်ဖုံးစီးမျောသွားသည်။ လရောင် အလင်းက ခေတ္တမှေးမှိန်သွား၏။ညသည် အမှောင်ကျဲကျဲ။ မိုးလင်းလုပြီ။

"ဒိုင်ယာယီစာအုပ်ထဲက နှင်းဆီပန်းခြောက်လေးဟာ တကယ်တော့ သူ့ကို ပိုင်ဆိုင်ခွင့် လက်မှတ်ပါပဲ။ ဒါပေမယ့် ငါပိုင်ဆိုင်ဖို့ မကြိုးစားတော့ဘူး။ အဲဒီ နှင်းဆီပန်းခြောက်ကလေးကို သိမ်းထားရင်း၊ သူ့ကို ပိုင်ဆိုင်ခွင့်ရခဲ့ဖူးတယ် ဆိုတဲ့ အသိကလေးကို တမြည့်မြည့်ခံစားရင်း ငါနေသွားရတော့မှာပဲ"

နားထောင်နေသော မိန်းမပျိုက မိုးပေါ်သို့ လက်ညှိုးထိုးပြ၏။ ကွယ်လုကွယ်ခင် လမင်းသည် တခြမ်းပဲ့နေသည်။

"တကယ်တော့ ငါတို့နဲ့ သူဟာ တစ်စက္ကန့်တည်း ဝေးကွာခဲ့ကြတာပါ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပေါ့။ သူငယ်ချင်းရယ် ... ဟိုမှာ ကြည့်စမ်း"

ပြတ်သားသော စကားတစ်ခွန်းကို ထပ်ဆို၏။

"ငါတို့အတွက် လခြမ်းလေးတော့ ကျန်ပါသေးတယ်"

ထိုသို့ဖြင့် ...

၇

# ကြယ်သီချင်းနှင့်လမင်းသံစဉ်

"ကျွန်မတို့ အံ့ဩတာ တစ်ခုရှိတယ်"

"ဟုတ်ကဲ့"

"ရှင်က ဆွေးနွေးဖော် ဆွေးနွေးဖက်လည်း မရှိဘဲ ဒီလောက်ကြမ်းတမ်းတဲ့ ဘဝကြီးနဲ့ လမ်းပေါ်မှာ နေရတာ"

'အခြေအနေမဲ့' ဟူသော စကားလုံးကို ရှောင်ပြောပေးသဖြင့် နွေမွန့်ကို ကျေးဇူးတင်မိသည်။ သူမ , စကား၏ဆိုလိုရင်းကိုလည်း လေးလေးစားစား နားထောင်လိုက်သည်။

"ဘယ်လိုဖြစ်ပြီး အနုပညာအမြင်တွေ ရှင်သန်နေရတာလဲ ဆိုတာကိုပါ"

"သိပ်တော့ မဆိုင်ဘူး ထင်တယ်"

နဖူးကြောရှုံ့ပြီး သူပြောမိ၏။

"ဘာဖြစ်လို့လဲ"

"ဘဝက ... နနကြမ်းကြမ်း၊ ဘယ်လိုဖြစ်ဖြစ်ပေါ့ဗျာ၊ ကြည့်တတ်မြင်တတ်သူတွေအတွက်တော့ အနုပညာဟာ ရှိတာပါပဲ"

"ဟဲ့ ... ဟဲ့ ... ဆိုစမ်းပါဦး"

**ပ န် း ခ ေ တ် လ မ င် း စ ၁ ေ ပ**

နှင်းဆီဦးက ဝင်ထောက်ပေးသည်။ ဒေါ်ဝါးကတော့ နံဘေးမှာ မတ်တတ်ရပ်ပြီး သူ့ကို အူကြောင်ကြောင် ကြည့်နေသည်။

နွေမွန်၏ ပန်းချီစတူဒီယိုခန်းထဲသို့ သူတို့ရောက်နေကြခြင်း ဖြစ်သည်။ သူမတို့နှစ်ယောက် စောင့်နေသည်ဟု ပြောပြီး ဒေါ်ဝါးက လာခေါ်ခြင်း ဖြစ်သည်။

ဒေါ်ဝါးက နွေမွန်တို့အိမ်မှာ ထမင်း၊ ဟင်း ချက်ပြုတ်ပေးရသူ ဖြစ်သည်။ အသက် ငါးဆယ်ခန့် ရှိပြီး ကျန်းမာကြံ့ခိုင်သော မိန်းမကြီး ဖြစ်သည်။ သားသမီးများက ဂရုမစိုက်သဖြင့် ဆင်းရဲဒုက္ခရောက်နေသောကြောင့် ဦးရည်မွန်က ခေါ်ယူကြည့်ရှုထားခြင်းဟုလည်း သိရသည်။

ဒေါ်ဝါးက စကားသိပ်ပြောလေ့ မရှိ။ ကြမ်းတမ်းပြီး ရိုးအပုံလည်း ပေါ်သည်။ အခုလည်း ... သူတို့တွေ အနုပညာအကြောင်း ဆွေးနွေးနေကြတာကို ကြည့်ပြီး နဝေတိမ်တောင် ဖြစ်နေသည်။ လိုက်လည်းနားထောင်နေသည်။

"တစ်ခုရှိတယ်ဗျ။ အနုပညာပစ္စည်းဆိုတာ လူတွေကဖန်တီးမှရတယ်ဆိုပြီး ပြောကြတယ်မဟုတ်လား"

သူမတို့နှစ်ယောက်လုံးက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်လေ ... အဲလိုပဲ သတ်မှတ်ထားကြတာပဲ"

"တဖြည်းဖြည်းနဲ့လူတွေ မေ့သွားကြတာဗျ။ အဲဒီအနုပညာဆိုတဲ့အရာကို လူတွေဟာ သဘာဝတရားကြီးရဲ့ အလှအပကို ခံစားမိရာက သိလာ၊ ရှာတွေ့လာကြတယ် ဆိုတာကို ကြာတော့ လူတွေ မေ့သွားကြတာ"

နှစ်ယောက်လုံး စိတ်ဝင်တစား ရှိကြသည်။

"အင်း... အဲဒီတော့..."

"သဘာဝလောကကြီးမှာ အနုပညာတွေ အများကြီးရှိတယ်ဗျ။ ကျွန်တော်က စကားပြောဖော်မရှိဘဲ လမ်းမပေါ် တစ်ယောက်တည်းနေရသူမို့လို့ လောကကြီးရဲ့ အလှအပတွေကို ပိုကြည့်ဖြစ်တယ်။ ပိုပြီး မြင်ဖြစ်တွေ့ဖြစ်တယ်"

"ဥပမာ... ပြောပြပါဦး"

"ဒီလိုဗျာ"

တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"ကျွန်တော့်ကို ရေခဲတုံးတစ်တုံးလောက် ရှာပေးနိုင်မလား။ ငယ်လည်းမငယ်၊ ကြီးလည်း မကြီးပေါ့"

နွေမွှန်က ဒေါ်ဝါးကို လှည့်ကြည့်သည်။ ပြီးမှ ...

"အင်း... ရေခဲတုံးသွားယူခိုင်းတာတော့ ရမယ်။ ငယ်လည်း မငယ်၊ ကြီးလည်းမကြီး ဆိုတာကတော့ ဒေါ်ဝါးကို ခိုင်းလို့မဖြစ်တော့ဘူး"

ထိုသို့ ရေရွတ်ပြီးသူမကိုယ်တိုင် ထထွက်သွားတော့၏။

သူက နှင်းဆီဦးကို ...

"မနွေမွှန်လာမှ ဆက်ပြောပြမယ်နော်"

နှင်းဆီဦးက နှုတ်ခမ်းကိုတွန့်ပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ရှင့် ... ဟုတ်ကဲ့"

"ဟိုနေ့က ပန်းချီပြခန်းမှာ ကျွန်တော့်ကို ဘာလုပ်တာလဲ"

"ဘယ်သူက လုပ်တာလဲ"

"မနွေမွှန်နဲ့ မနှင်းဆီလေ"

သူမ မျက်လုံးပြူးသွား၏။

"အလိုတော် ... ရှင့်ကို ကျွန်မတို့က ဘာလုပ်လို့တုန်း"

"ကျွန်တော့်လက်ကို ကြည့်ကြတယ်လေ"

"သြော် ... ဒါလား"

သူမက ခပ်မိန့်မိန့်ပြုံး၏။

"ရှင့်လက်က အနုပညာလက်လေ၊ကျွန်မတို့က အဲဒါကိုကြည့်တာ"

ထိုအခိုက်မှာပင် နွေမွှန် ပြန်ဝင်လာ၏။ ရေခဲတုံး ခပ်လတ်လတ် တစ်တုံးပါလာသည်။

"ပေး ... ကျွန်တော့်ကိုပေး"

မပြောမဆို ရေခဲတုံးကို နံရံနှင့် ကိုင်ရိုက်လိုက်၏။

"ခွမ်း"

ရေခဲတုံး နှစ်ခြမ်းပဲ့သွားသည်။ သူမတို့က မျက်တောင်မခတ် လိုက်ကြည့်နေကြ၏။ ဒေါ်ဝါးကလည်း သူ့ကိုကြည့်လိုက်၊ ရေခဲတုံးကိုကြည့်လိုက်ဖြင့် အံ့သြနေပုံရသည်။

"ဒီမှာ ... ကြည့်"

ရေခဲတုံးအကွဲ၏ မျက်နှာပြင်တစ်ဘက်မှာ အကြောင်းများကို သူက ပြ၏။ အကြောင်းများက ကြယ်ပုံသဏ္ဍာန် ဖြာထွက်နေပြီး အလွန်လှသည်။

"ဟယ်... လှတယ်တော့"

သူမတို့က သဘောကျနေကြသည်။

"အဲဒါမျိုးကို အရင်က အသေအချာကြည့်ဖူးလား"

နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှက်ရယ်ရယ်၏။

"ကြည့်တော့ ကြည့်ဖူးပါတယ်။ ဒါပေမဲ့ အမှတ်တမဲ့ပဲ ကြည့်ဖြစ်တာ။ ဒီလောက် ဘယ်သတိထားမိမလဲ"

သူက တည်ကြည်စွာ ခေါင်းညိတ်ပြလိုက်၏။

"အင်း ... ကျွန်တော်ကသတိထားမိတယ်လေ"

"အင်း ... အင်း"

အလေးအနက် နားထောင်နေကြလေသည်။

"တစ်ခါ တစ်ခါ ပူပြင်းတဲ့နေ့လယ်ခင်းတွေမှာ သစ်ပင်ကြီးတစ်ပင်အောက် ဝင်ထိုင်ရင်း၊ ကျွန်တော် စဉ်းစားနေမိတယ်"

"ဟုတ်ကဲ့ ပြောပါဦး"

"လေတိုက်တိုင်း၊ သစ်ကိုင်းသစ်ရွက်တွေက ယိမ်းယိမ်းသွားကြတယ်၊ အဲဒါက သိပ်မဆန်းသေးဘူး"

"ဟုတ်ကဲ့"

"သူတို့အယိမ်းမှာ မြေပေါ်က သူတို့အရိပ်တွေက ပုံစံအမျိုးမျိုး ပြောင်းပြီး ရွေ့လျားသွားကြတယ်။ အရမ်းလှတယ်"

နှင်းဆီဦးက ဖျောက်ခနဲ လက်ဖျစ်တီးသည်။ လွှတ်ခနဲ အော်သည်။

"ကိုင်နက်တစ်အတ်ပဲ"

"အင်း ... ဟုတ်တယ်"

နွေမွန်ကလည်း ထောက်ခံသည်။ သူ့ကိုလည်း မမြင်ဖူးသလို အသေအချာပြန်ကြည့်ကြသည်။ သူတို့ချင်း ပျော်ပျော်ရွှင်ရွှင် ပြောကြ၏။

"လက်စသတ်တော့ ... သူက ဒီလိုကိုး"

"အေးလေ ... သူက ခွင်တည့်နေတာဟ"

ပြီး ... ရယ်ကြ၏။ သူ လိုက်မရယ်မိ။ ဒေါ်ဝါးကလည်း လိုက်မရယ်ချေ။ ထုံပေပေနှင့်ပဲ ထိုင်ကြည့်နေသည်။

"တစ်ခါတစ်ခါ ကျွန်တော်က လမ်းဘေးအုတ်နံရံကြီးတွေကို မှီပြီး အိပ်ရတယ်"

"ဟုတ်ကဲ့ ... အဲဒီတော့"

"အဲဒီ အုတ်နံရံတွေမှာ စာတွေ လျှောက်ခြစ်ထားတာ ရှိတယ် ...။ တေလေတွေ၊ အမူးသမားတွေ၊ ဂျစ်ပဆီတွေကပေါ့"

"ဟုတ်ကဲ့"

"အဲဒီ... မညီမညာ လက်ရေးတွေကို ကျွန်တော်က အမျိုးမျိုးဘောင်ခတ်ကြည့်တယ်။ စတုဂံပုံ၊ စတုန်ရန်းပုံ ဘောင်အကျဉ်းကျယ် အမျိုးမျိုးပေါ့"

နွေမွန်က စကားထောက်ပေး၏။

"ဟုတ်တယ်... အလှကို မြင်တတ်ဖို့ဆိုတာ ဘောက်ခတ်ကြည့်တတ်မှု အပေါ် အများကြီးတည်တယ်။ ဘောင်ခတ်တဲ့နည်းပညာကလည်း လွယ်လွယ်လေးနဲ့ခက်တယ်"

"ဟုတ်တယ်... ကျွန်တော်က သချ်ာရူး ရူးခဲ့တဲ့ ကောင်ဆိုတော့... ဘောင်မျိုးစုံခတ်ပြီး လျှောက်ကြည့်မိတယ်။ ကမ္ဘာဦးလူတွေ ဂူနံရံမှာ ရေးခဲ့တဲ့ အရုပ်စာတွေလိုပဲ အများကြီးလှသွားတယ်"

"အင်း"

သူ့စကားတွေ နားထောင်ရင်းသူမတို့နှစ်ယောက် အဝေးကို ငေးနေကြတော့သည်။ သူမတို့၏စိတ်ထဲမှာ ဘာတွေကို တွေးနေမလဲ။ အဲဒါကိုတော့ သူလည်း မသိချေ။

"ခင်ဗျားတို့ သည်းခံနားထောင်မယ်ဆိုရင် ကျွန်တော် ပြောပြချင်တာ တစ်ခုရှိသေးတယ်"

သူမတို့၏မျက်လုံးများ သူ့မျက်နှာပေါ် ပြန်စိုက်ကျလာသည်။

"ပြောလေ... နားထောင်မှာပေါ့"

"ပြောပါ ပညာရပါတယ်။ စိတ်ဝင်စားတယ်"

"ဒီလိုဗျာ"

စိတ်တွေက ကြမ်းတမ်းခဲ့သော အတိတ်ဘဝဆီ အူဝေဝေလွင့်မျောနေသည်။ မျက်လုံးထဲမှာ သူ ဖြတ်သန်းခဲ့ရသည့် အထီးကျန်ညတွေကို မြင်ယောင်နေမိသည်။

"ညညကျရင်... ကြယ်တွေကို ကျွန်တော် ကြည့်နေမိတယ်။ ကြယ်ကလေးတွေက လင်းလိုက် မှိတ်လိုက်နဲ့ ကျွန်တော့်ဆီကတော့ မကြားရဘူး။ ဒါပေမဲ့ သူတို့တွေလည်း သီချင်းဆိုနေကြတာလို့ ကျွန်တော် ခံစားရတယ်။ သံစဉ်က နိမ့်လိုက် မြင့်လိုက်၊ ဆိုသံက တိုးလိုက် ကျယ်လိုက်နဲ့ပေါ့"

သူ့စကားတွေထဲမှာ ဆွေးမြည့်သံတွေများ ပါဝင်နေသလားမသိ။ နှစ်ယောက်လုံးက သူ့မျက်လုံးထဲကို စိုက်ကြည့်ပြီး ငြိမ်သက်နားထောင်နေကြသည်။

"သူတို့ဆိုရမယ့် သီချင်းသံစဉ်ကိုတော့ ... လမင်းက ချမှတ်ပေးတယ်လို့ ကျွန်တော် ယူဆတယ်"

"ဘာဖြစ်လို့လဲ"

နှင်းဆီဦးက မေးခြင်းဖြစ်သည်။

"ကြယ်တွေက လမင်းနဲ့အတူ အလင်းဝန်ကို ဝင်ထမ်းကြတာ မဟုတ်လား။ လသာရင်တစ်မျိုး၊ လမသာရင်တစ်မျိုး။ သူတို့မှိန်ကြ လင်းကြရတာ။ နားရှုပ်သွားလား မသိဘူး"

"မရှုပ်ဘူး... ဆက်ပြော"

"အဲဒါကြောင့် သူတို့ဆိုကြတဲ့ သီချင်းရဲ့သံစဉ် အနိမ့်အမြင့်ကို လမင်းက ချမှတ်ပေးရတာလို့ ကျွန်တော် ယူဆတာ"

"အင်း... အဲဒီအယူအဆလေး လှတယ်"

"အဲဒီ... ကြယ်သီချင်းနဲ့ လမင်းသံစဉ်ကို ညတိုင်းမှာ ကျွန်တော် ရှာကြည့်မိတယ်"

"အင်း ... အဲဒီစကားလုံးလေးလည်း လှတာပဲ"

ခပ်ဟဟ သူ ရယ်လိုက်သည်။

"မလှတာ လူပဲ ရှိတော့တယ်ထင်တယ်။ ကဲ ... ထားပါတော့ ကျွန်တော်က သင်္ချာသမားဆိုတာ မမေ့နဲ့နော်၊ ထပ်ပြောရဦးမယ်"

"အင်း ... ပြောလေ"

"ပိုက်သာဂိုရီရမ်သင်္ချာဂိုဏ်းသားတွေက စကြဝဠာရဲ့ ဂီတသံကို သင်္ချာနည်းနဲ့ရှာဖို့ ကြိုးစားခဲ့ဖူးသည်။ The music of sphere လို့ သုံးတယ်"

"အင်း ... မြင့်လာပြီ"

"မွန်မွန်ရေ ... ကြာရင် တို့လိုက်မီပါဦးမလား မသိဘူး"

"မဟုတ်ဘူး၊ အဲဒါတွေကို အကျယ်ပြောမလို့ မဟုတ်ပါဘူး။ ကျွန်တော်လည်း ကြယ်သီချင်းနဲ့ လမင်းသံစဉ်ကို အနုပညာနည်းနဲ့ ရှာဖို့ကြိုးစားခဲ့ဖူးတယ်လို့ ပြောချင်တာပါ။ သင်္ချာနည်းနဲ့မှ ရှာလို့မရဘဲလေ"

"အင်း"

"အဲဒါပါပဲဗျာ။ အဲလိုညတွေမှာ ကျွန်တော့်အနုပညာနဲ့ ပတ်သက်တဲ့ အတွေးတွေ အမြင်တွေ တပြန့်တပြောကြီး စီးကျနေတတ်တယ်။ တခြား

ထွေထွေထူးထူးလည်း ပြောစရာမရှိတော့ပါဘူး။ လိုရင်းကို ခြုံမိပြီထင်ပါတယ်”

“ဟုတ်ကဲ့... ကျေးဇူးပဲ ကိုမိုးလတ်ရယ်”

နှင်းဆီဦး၏စကားအဆုံးမှာ တိတ်ဆိတ်ငြိမ်သက် သွားကြသည်။ ခဏကြာမှ နွေမွှန်က ...

“ဒီမှာကြည့်စမ်း၊ ကိုမိုးလတ်”

ပြားချပ်နေသော စက္ကူရုပ်လေးတစ်ရုပ်ကို ထုတ်ပြ၏။ သူချိုးထားသော စက္ကူရုပ်ကလေး ဖြစ်သည်။

“ဟိုတစ်နေ့က ကျွန်မ ရှင့်အခန်းဝက ကောက်ရတာ။ ရှင်ချိုးထားတာလားလို့ မေးဖို့ပဲ”

ပြားချပ်နေသော အရုပ်ကလေးကိုကြည့်ပြီး သူ နှမြောနေမိသည်။

“အဲဒါ နေပါဦး ဆိုတဲ့သူ တက်နင်းသွားတာပဲ ဖြစ်မယ်”

သူ မကျေမချမ်းပြောတော့ သူမတို့ ဝိုင်းရယ်ကြ၏။

“ဘာဖြစ်လို့လဲ .. ကျော်ဝင်း နင်းတာရော မဖြစ်ဘူးလား”

“ဟင့်အင်း ... မဖြစ်နိုင်ဘူး”

ခေါင်းတစ်ခါခါနှင့် ဆက်ပြောလေသည်။

“ဒီလောက်ပြားသွားမှတော့ နေဦးဆိုတဲ့လူနင်းတာပဲ ဖြစ်လိမ့်မယ်။ ကျော်ဝင်းဆိုတဲ့ လူက ပိန်ပိန်လေး။ နေဦးက ဝဝကြီး”

သူမတို့ ရယ်ကြပြန်သည်။

“ရှင်က တစ်ခါတစ်ခါကျရင် ကလေးလေးလိုပဲ”

သူ ဘာမှ ပြန်မပြောလိုက်၊ နွေမွှန်က ...

“နေပါဦး ကိုမိုးလတ်”

“ဗျာ”

“ရှင့်အသက်က ဘယ်နှစ်နှစ်ရှိပြီလဲ”

“နှစ်ဆယ့်ရှစ်နှစ်”

ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ...

“ကိုမိုးလတ် အခန်းပြန်ရင် ပြန်တော့လေ”

“ချိုင်းထောက်မှ ပါမလာတာ ဘယ်လိုပြန်မတုန်း”

အောင့်သက်သက်ဖြင့် ပြောလိုက်သည်။

“ဒေါ်ဝါး ချီလာတာပေါ့”

တစ်လျှောက်လုံး ဘာစကားမှ မပြောဘဲ ငြိမ်နေသော ဒေါ်ဝါးက

“ဟုတ်တယ်”ဟု ဝင်ပြော၏။ သူမတို့ ဝါးခနဲ ရယ်လိုက်ကြတာ တော်တော်နှင့် မဆုံး။

ခုတော့ဖြင့် ရာဇဝင်ကြွေးတစ်ခုကို ဆပ်ရန် သူ့မှာ ကျန်နေသေးသည်။ မကြေသော အကြွေးကို ဆပ်ရဦးမည်။ သူ့ခြေထောက်များကို သူ ပြန်စိုက်ကြည့်နေ၏။

ထို့နောက် ... သူထပ်မံကြည့်မိသည်က သူ့ရှေ့တူရူမှ လှေကားကြီး။

သူ့ဘဝကို ဖျက်ခဲ့သောလှေကားကြီး။

အံကို တင်းတင်းကြိတ်ထားလိုက်မိသည်။

လှေကားခြေရင်းမှာ သူရပ်လိုက်သည်။

လှေကားကြီးကို မော့ကြည့်လိုက်တော့ သွေးကြောတွေ ဖျဉ်းကနဲ ဖြစ်သွားရသည်။ လှေကားကြီးသည် အေးတိအေးစက်တိတ်ဆိတ်လျက်။

လှေကားထစ်များက လွှသွားကြီးများနှင့် တူနေသည်။ သူ့ဘဝကို လှီးဖြတ်ဝါးစားသွားခဲ့သည်။ မကြေသောကြွေးကို ပြန်ဆပ်ရန် ဤလှေကားဆီသို့ သူအရောက်ပြန်နိုင်ခဲ့ပြီ ဖြစ်သည်။

လှေကားခြေရင်းမှာ မားမားရပ်ပြီး လှေကားကြီးကို မထီတရီ စိုက်ကြည့်နေမိ။ မျက်လုံးတွေ၊ တင်းမာ မှုန်ဝေလာသည်အထိ စိုက်ကြည့်နေမိ။

နှုတ်ခမ်းကို လျှာနှင့်သပ်လိုက်သည်။ လက်ချောင်းတွေကို တဖြောက်ဖြောက်ချိုးလိုက်သည်။ သူ့ခြေထောက်တို့သည် အားအင်မရှိသေး။ သို့သော် ဤလွှသွားများထက်သို့ သူတတ်မည်။ မရောက် ရောက်အောင်တတ်ပြီး ဤလှေကားကြီးကို အပေါ်စီးမှ သူ ပြန်ငုံ့ကြည့်မည်။

တွေ့ကြပြီ။ ပြန်လည်ဆုံစည်းကြပြီ။

နိုင်မည်လား၊ ရှုံးမည်လား။ အဖြေကို ကွဲပြားစွာ မထုတ်နိုင်သေး။ လှေကားကြီးကို မော့ကြည့်နေရတာ ချောက်ချားဖွယ်ရာ ကောင်းလှသည်။ ခေါင်းကို ခါပစ်လိုက်၏။ ချောက်ချားစရာ မလိုဘူး။ ကြောက်စရာ မလိုဘူး။

ချိုးလိမ်နွယ်ပတ်တဲ့ရွှေဓားတစ်လက်နဲ့ရင်အုံ့ကိုထောက်ပြီး “ဒီလှေကားကိုကြောက်ရမယ်”လို့ ဘယ်သူကမှ သစ္စာရေသောက်ခိုင်းမထားဘူး။ မကြောက်ဘူး။

လွှသွားတွေပေါ်တတ်ကာ ဖြစ်နိုင်သလို၊ နိမ့်လျှောလျှောထောင်ထား

တဲ့ စန္ဒရားတစ်လုံးရဲ့ ခလုတ်တွေပေါ် တတ်တာရော မဖြစ်နိုင်ဘူးလား။ အောင်မြင်ခဲ့ရင် ဂီတသံတွေကို သူ နားဆင်ရဦးမယ်။

အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ကိုယ့်ကိုယ်ကို အားယူလိုက်သည်။

သူသည် ...

အရှင်လတ်လတ်မြေကြီးထဲ အမြှုပ်ခံထားရရာမှ မြေပေါ်ကို ဂုန်းခနဲ ထိုးခွဲပြန်တတ်လာနိုင်ခဲ့သော လူတစ်ယောက်ဖြစ်သည်။ ဤလှေကားလောက်ကို မကျော်လွှားနိုင်စရာ ဘာအကြောင်းမှမရှိ။

"ဟေး ... ငါတတ်လာပြီ"

အသံကုန်အော်ပစ်လိုက်၏။ ထို့နောက် ခြေထောက်ကိုမြှောက်ကာ ပထမလှေကားထစ်ပေါ် စနင်းလိုက်၏။

ခြေထောက်တွေ ပျော့ခွေနေသေး၏။ အားကောင်းသန်မာမှုမရှိသေး။ ပထမအထစ်ကို စနင်းစဉ်မှာပင် ပေါင်ရင်းဆီမှ 'မျက်'ခနဲ ဖြစ်သွားသည်။ ထိုနာကျင်မှုကို တင်းခံရင်း ဒုတိယအထစ်ဆီသို့ နောက်တစ်လှမ်းဆက်နင်းလိုက်သည်။

"အား"

တစ်ကိုယ်လုံး ထုံကျင်သွား၏။ ယိုင်လဲကျမတတ်ပင် ဖြစ်သွားသည်။ လှေကားလက်ရမ်းကို ကျားကုတ်ကျားခဲ ဆွဲကိုင်ထားရသည်။

"မဆင်းဘူး၊ ပြန်မဆင်းဘူး"

အာရုံထဲမှာ ဒုက္ခိတဘဝဖြင့် ဒလိမ့်ကောက်ကွေး ရှင်သန်ခဲ့ရသော နေ့ရက်များကို နာနာကြည်းကြည်း ပြန်မြင်ယောင်၏။

တတိယထစ်ဆီ ဆက်တတ်လိုက်သည်။ ရောက်သွား၏။ အင်မတန်မောပန်းသလို ခံစားနေရပြီး နားနေရသေးသည်။

လောကစံတရား၊ ခါးသီးလှသည့် သူဖုန်းစားနေ့ရက်များ။ သူ့ကြောင့်ပင် ဆုံးပါးကွယ်လွန်ရသည့် အဖေနှင့်အမေ။

"တောက်"

ခေါင်းထဲမှာ ပြာဝေလာသည်။

လှေကားလက်ရမ်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

သူ့ဘဝသည် ပင်စည်ကို ကွေးယိုင်ပေးခဲ့ရသော သစ်ပင်ကြီးနှင့်တူသည်။ လေဒဏ်၊ ရေဒဏ်တို့ဖြင့် ကွေးယိုင်ပေးခဲ့ရသော ဘဝကျောရိုးကြီးတစ်ခု။

ကိုယ့်အသက်ကိုယ် လုရှုနေရသလို မောသည်။ ပင်စည် ကွေးယိုင်ပေးခဲ့ရတဲ့ သစ်ပင်ကြီး ....သူ။ သို့သော် မြေအောက်မှ သူ့အဖြစ်တွေက ကျောက်စိုင်ကျောက်ခဲကိုပင် ကုတ်ခွဲဖျစ်ညှစ်ထားနိုင်ခဲ့ကြောင်း မည်သူမှ မသိကြ။

နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။ နောက်တစ်ထစ်ကို ဆက်တတ်၏။ နားထင်စပ်မှာဆောင့်ပြီး ပြာခနဲဖြစ်သည်။ သို့သော် ...

"ဆက်တက်မယ်"

နောက်ပြန်မလှည့်ဘူး။ ရှေ့ကိုသာ ဆက်တတ်မည်။ ပြုတ်ကျ၍ သေမည်ဆိုလည်း အသေခံလိုက်မည်။ သူတောင်းစားခွက်ပျောက်လျှင် လက်ဖြန့်တောင်း၍ ရသည်။ ဘာကိုမှ တုန်လှုပ်နေစရာမလို။

နောက်တစ်ထစ်။

ဆက်တတ်။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ ခါးနောက်ပိုင်းက မီးလောင်နေသလို တငွေ့ငွေ့လှိုက်ပူနေသည်။ မျက်လုံးအစုံမှိတ်ပြီး အားတင်းထားဆဲဖြစ်၏။

ဆက်တတ်မည်။

ပုဆစ်တုပ်ထိုင်ရသော ဘဝမှ လွတ်ချင်ပြီ။ မားမားမတ်မတ် ရပ်တည်ချင်ပြီ။ ရင်ကော့၍ လမ်းလျှောက်ချင်ပြီ။

လေှကားကြီး၊ မင်းကို ငါမကြောက်။

ငါ ...၊ လှေကား ...၊ ရဲလို့လာတယ်။ လှေကား၊ မြွေနဂါးနဲ့လည်းတူတဲ့လှေကား၊ ကောက်ကျစ်ကွေ့လိမ်တတ်တဲ့ လှေကား။ နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ အကွာအဝေးကနေ ငါ မင်းဆီ ပြန်လာတယ်။

ပြန်လာတယ်၊ ငါပြန်လာတယ်။ ငါဟာ သတ္တိရှိတဲ့ အလမ္ပာယ်ဆရာဖြစ်တယ်။ အဲဒါကြောင့် ပုလွေမပါဘဲ မင်းဆီကို ပြန်လာတယ်။

တစ်ထစ်။

နောက်တစ်ထစ်...။

နောက်တစ်ထစ် ...။

ခြေဖဝါးမှာ ကျောရိုးတစ်လျှောက်မှာ၊ မျက်လုံးထဲမှာ၊ ခေါင်းထဲမှာ၊ ဆူမြိုက်ပူလောင်ပြီး ကိုယ်ထဲကသွေးတွေတောင် တစ်စက်ချင်း အငွေ့ပြန်ကုန်ကြတယ် ထင်ရဲ့ ...။ နာကျင်၊ ကော့လန်ကောက်ကွေး၊ တဆတ်ဆတ်တုန်ခါ၊ သို့သော် ... နှုတ်ခမ်းပြတ်မတတ် သွားနှင့်ကိုက်။ ဆက်တတ်။

တစ်ထစ် ...

နောက်တစ်ထစ် ...

နောက်ဆုံးတစ်ထစ် ...။

"ဝုန်း"

အပေါ်ထပ်ကြမ်းပြင်ပေါ် ထိုးလဲကျသည်။ ပြန်မထနိုင်ဘဲ အမောဖြေနေမိသည်။ မောဟိုက်လူးလိမ့်နေမိသည်။

"ကြည့်မယ် ... မင်းကို ငါကြည့်မယ်"

ကမူးရှူးထိုးပြန်လူးလဲထလိုက်၏။ လှေကားကို ငုံ့ကြည့်လိုက်သည်။

တစ်ဘဝလုံး ကြောက်မက်ဖွယ်ရာ ကောင်းခဲ့သော လှေကားထစ်လွှကြီးများသည် ခုတော့လည်း သူ့မျက်လုံးရှေ့မှာ ဦးကျိုးနေသည်။

"နိုင်ပြီ ... ငါ မင်းကို နိုင်ပြီ"

ကြမ်းပြင်ကို 'ဒုန်း'ခနဲ ထုထည့်လိုက်မိ၏။ လက်နှစ်ဖက်ကို ကောင်းကင်ဆီ ဆန့်မြှောက်ပြီး သူ့ဆေးကုမှတ်တမ်းထဲမှ(သူရေးခဲ့သော) ကဗျာလေးတစ်ပိုဒ်ကို အော်ရွတ်လိုက်သည်။

**"သံလက်ချောင်းတွေနဲ့ရေးတဲ့**

**မျဉ်းကွေးမျဉ်းကောက် တစ်ကြောင်းလို**

**ကျောက်တောအုပ်ကို ထိုးဖောက်**

**ငါဟာ ...**

**ရောဝတီဆန်ဆန် လမ်းလျှောက်လိုက်တယ်"**

ပြီး ...မျက်လုံးအစုံကို မှိတ်လိုက်သည်။ မျက်နှာကို အထက်သို့မော့ပြီး အားရပါးရ ရယ်မောဟစ်ကြွေးလိုက်သည်။

"ဟား .... ဟား .... ဟား .... ဟား..."

နောက်ဆုံးတော့ ...

သူ အောင်မြင်ခဲ့ပြီ။ သိစေချင်သည်။ သိစေချင်သည်။

ရင်ဘတ်ထဲမှလာသောအသံဖြင့် အဝေးမြို့တော်တစ်ခုဆီ အော်ခေါ်လိုက်သည်။

"နွေ ... မွန် ... ရေ ...."

အဲဒီညနေမှာ ...
နဂါးကြီးတစ်လက်က
သူ့ခန္ဓာကိုယ်ကို ခုံးညွတ်မတ်ထောင်ပြီး
စောင်းကောက်တစ်ကောင် လုပ်ပြတယ်။

အဲဒီညနေမှာ ...
ကံကော်ပွင့်ဖြူတွေက
ရင့်ရှုမွေးရှတဲ့ ကောင်းကင်ရနံ့ကို
အထိတ်တလန့် လွှင့်ထုတ်တယ်။

အဲဒီညနေမှာ ...
တေလေမီးငှက်က
စကြဝဠာအက်ကွဲကြောင်းမှာ
သူ့အတောင်ပံသူ ခေါင်းအုံးအိပ်တယ်။

အဲဒီညနေမှာ ...
ဘာမှမဟုတ်တဲ့ ကြယ်ပွဲတစ်စင်းက
ဖြူရော်ဖန့်ဖန့် အလင်းရှူးပြောက်နဲ့
လောကတစ်ခုလုံးကို လှမ်းကောက်တယ်။

အဲဒီညနေမှာ ...
ငါနဲ့နှင်းတွေ ...
တစ်ခါကလို ပြာဝေအုံ့သည်း
နောက်ပြီးတော့ ရွှေရောင်တွေ ဟုန်းဟုန်းတောက်ပ
သစ်အိုပင်ကြီးလည်း
အညိုရောင်တွေ စီးပျော်ကျလို့ပေါ့ ...။

နွေမွန် ...
ဟိုမှာ မိုးရေစက် တစ်စက်၊
သူ့ကို သေသေချာချာကြည့်စမ်း ...။
အဲဒီမိုးရေစက်ထဲမှာ စမ်းချောင်းတစ်ခုပါဝင်တယ်ဆိုရင် ...
ယုံမလား ...။
အဲဒီထက်ပို ကြည့်ရင်လည်း ရသေးတယ်။
အဲဒီမိုးရေစက်ကလေးထဲမှာ မြစ်ပြင်ကြီးလည်းပါတယ်၊
ပင်လယ်ကြီးလည်း ပါတယ်၊
သမုဒ္ဒရာလည်း ပါတယ်၊
ရေတံခွန်တွေလည်း ပါတယ်၊
ကြည့်တတ်ရင် မြင်လိမ့်မယ်။

အဲဒီလိုပဲ နွေမွန်ရေ ...။
သဘာဝလောကကြီးကို ကိုယ့်မျက်လုံးထဲက
အရောင်တွေမပါဘဲ စင်စင်ကြယ်ကြယ် ကြည့်နိုင်ဖို့လိုတယ်။
အဲဒီအတွက် မင်းဟာ ....
ခေတ်သစ်လူ့ဘောင်ရဲ့ ထောင်ချောက်ထဲက
လွတ်မြောက်နေရမယ်။
ထားပစ်ခဲ့၊ မေ့ပစ်ခဲ့။
မြစ်တစ်စင်းကိုကြည့်ပြီး သူ့ကို ဘယ်လိုနားလည်ခဲ့ဖူးလဲ။
ကိုယ်ပြောမယ်။
အဲဒီမြစ်ကြီးရဲ့ဘဝဟာ ကျောက်တောင်ကြီးတွေက
ညှစ်ချပေးတဲ့ ကျောက်စက်ရေတစ်စက်မှာ ‘စ’တယ်။


နွေမွန် ....
ချစ်သော နွေမွန်။
တို့တွေရဲ့ သဘာဝလောကကြီးထဲမှာ
အလှတရားတွေ များစွာရှိလေရဲ့ ...။
မြင်တတ်တဲ့ မျက်လုံးကို ကိုယ့်ဘာသာ ဖွက်ဖုံးမထားကြေး
ကြည့်ပစ်ကြရအောင်။
ဟိုးမှာ မော့ကြည့်စမ်း ...။
ကောင်းကင်ကြီး။
'မြေ'နဲ့ကောင်းကင်ဟာ ဘယ်လောက်ဝေးတယ်။
လူသားဟာ ပျံသန်းနိုင်စွမ်း မရှိဘူး။
အဲဒီလို မင်း သင်ကြားခဲ့ရတဲ့ အသိတွေကို ဖယ်ပစ်လိုက်။
ရိုးရိုးစင်းစင်းနဲ့ပဲ ခပ်ရှင်းရှင်း ကြည့်လိုက်စမ်းပါ။
မင်းနဲ့ ကောင်းကင်ကြီးရဲ့ကြားမှာ ဘာအဆီးအတားမှ
မရှိပါဘူး။
ဘယ်လိုလဲ နီးသွားသလို မခံစားရဘူးလား။

ဟော... ကြည့်
သူ့ကိုယ်သူ တစ်ဟုန်ထိုး ပစ်လွှတ်စီးဆင်းထားတယ်။
ဘယ်လောက် ပျော်ရွှင် ရဲရင့်လိုက်လေသလဲ။
တို့တစ်တွေလည်း လောကကြီးထဲမှာ သူ့လိုမျိုး စီးဆင်းရဲရအောင်
ဒါမှ တို့ချစ်တဲ့ အနုပညာဟာ
တို့နဲ့အတူ ထာဝရရှိနေလိမ့်မယ်။
ဟိုမှာ နေရောင်စက်ကလေး....
နေမင်းဆီကနေ ကမ္ဘာမြေဆီကို
ဘယ်လမ်းကြောင်းနဲ့ သူ ခုန်ချလာသလဲ။
သူဟာ နေကမ္ဘာက ရောက်လာတဲ့ ဧည့်သည်ဖြစ်တယ်။
မင်း သူနဲ့ စကားပြောသင့်တယ်။

နွေမွန် ...
သဘာဝလောကကို ချစ်ပါ။
သဘာဝလောကကို ချစ်တာဟာ အနုပညာကို ချစ်တာပါပဲ။
နွေမွန် ...
ကိုယ့်ရဲ့ချစ်သော နွေမွန် ...
မင်းကပြောင်းလဲရင်
လောကကြီးက ပြောင်းလဲသွားပါလိမ့်မယ်။
မင်းရဲ့အမြင်တွေကို ပြောင်းလဲပစ်ပါ။
သဘာဝလောကကြီးရဲ့ ခမ်းနားလှပတဲ့ မျက်နှာပြင်တစ်ခုကို
မင်း မြင်ရပါလိမ့်မယ်။
ဘယ်တုန်းကမှ မမြင်ဘူးခဲ့တဲ့ နံနက်ခင်းတွေကိုလည်း
မင်း မြင်လာရလိမ့်မယ်။

ကိုယ့်လက်ကို ရဲရဲတွဲ
သဘာဝလောကကြီးကို သိမြင်။
အနုပညာတွေ ဖန်တီး။
ကြယ်နဲ့ လတို့ရဲ့ အလင်းဂီတကိုနားဆင်။
မှော်ရုံကို တံခါးအသစ်နဲ့ ဖွင့်ဝင်ကြရအောင်။

**တာရာမင်းဝေ**
**၈–၁–၂၀၀၃**


တာရာမင်းဝေ
DESIGN : ZO ZO HTOON